# ကြေးမုံ

*The Mirror Daily*

Established in 1957

၁၃၈၀ ပြည့်နှစ်  ကဆုန်လဆန်း ၆ ရက်၊ သောကြာနေ့။ | Friday 20 April 2018 | ၉၂၆၂



**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟန္နွိုင်းမြို့သို့ ရောက်ရှိ ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုက သမ္မတအိမ်တော်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

ဟန္နွိုင်း  ဧပြီ  ၁၉

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုc၏ ဖိတ်ကြားချက်အရ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာသည်။





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် ဦးဆက်အောင်၊ တာဝန်ရှိသူများ နှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် မြန်မာအမျိုးသားလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Dang Dinh Quy၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး Mrs. Luan Thuy Duong၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီး အောင်ကျော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Grand Plaza ဟိုတယ်သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ သူရဲကောင်းစစ်သည်ဗိမာန်သို့ ရောက်ရှိပြီး လွမ်းသူ့ပန်းခွေချ ဂါရဝပြုသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတအိမ်တော်၌ ကျင်းပပြုလုပ်သည့် **စာမျက်နှာ ၈ ကော်လံ ၄ သို့**

**အလေးပြုခြင်းခံယူ**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ် ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။**

**ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**တို့၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချုပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

**အင်္ဂလန်လိဂ်ချန်ပီယံရှစ်ကလပ် လိဒ်ယူနိုက်တက်အသင်း မြန်မာနိုင်ငံသို့ လာရောက်မည်**

စာမျက်နှာ - ၁၁



**ပလင်းကမ်းသာယာဆင်စခန်း အသွင်ဆန်းလို့ လာလည်စေချင်**

စာမျက်နှာ - ၂၃




KBZ BANK

STRENGTH OF MYANMAR

'BEST BANK IN MYANMAR'

Awarded by FinanceAsia 2017

ကြေးမုံ

# ပြည်သူများကျန်းမာရေး ဖြည့်ဆည်းပေး

ပြည်သူများ ကျန်းမာရေးအတွက် ကနဦးလိုအပ်ချက်မှာ စစ်မှန်ကောင်းမွန်သော ဆေးဝါးများ လွယ်လင့်တကူ ရရှိရေးဖြစ်သည်။ ရောဂါကြီးသည်၊ ငယ်သည်ဖြစ်စေ ဆေးကုသမှုခံယူရာ၌ နေ့စဉ်အားကိုးအားထားပြုရသည်မှာ စစ်မှန်သောဆေးဝါးများကို ဝယ်ယူအသုံးပြုရန်ဖြစ်သည်။ ယင်းအရေးနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပြည်သူများ၏ လိုအပ်ချက်ကို ရှေးရှု၍ ဦးစားပေးဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

လက်ရှိအနေအထားတွင် ဆေးကုသမှုခံယူကြသော ပြည်သူများအနေဖြင့် စစ်မှန်သောဆေးဝါးများကို ပြည်သူ့ဆေးရုံများတွင် အခမဲ့ရရှိနိုင်သော်လည်း ပြင်ပတွင် ဆေးကုသကြသော ပြည်သူများအဖို့ ပြင်ပဆေးဆိုင်များတွင် ဈေးကြီးပေး၍ ဝယ်ယူနေရသည်။ အချို့ပြည်သူများအနေဖြင့် ဆရာဝန်ညွှန်ကြားမှုဖြင့် ပြင်ပဆေးဆိုင်များတွင် ဆေးဝါးများ ဝယ်ယူသုံးစွဲကြရာ၌ အရည်အသွေးမပြည့်သော ဆေးဝါးများ၊ မစစ်မှန်သော ဆေးဝါးများနှင့် ကြုံတွေ့ကြရသူများရှိရာ ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်မှုဖြစ်စေနိုင်သည်။

ယင်းအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆေးရုံများက အတတ် နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ဟု ဆိုနိုင်သည်။ သို့သော် အကြောင်းတစ်မျိုးမျိုးကြောင့် သက်ဆိုင်ရာဆေးရုံသို့ ဆေးဝါးများ အချိန်မီ မရောက်ရှိနိုင်ခြင်း၊ ဆေးဝါးပြတ်လပ်ခြင်း စသည်တို့ကြောင့် ဆေးဝါးအခမဲ့ထောက်ပံ့ပေးနိုင်မှု မရှိသည့်အခါလည်း ရှိမည်။ ကျန်းမာရေးဌာနအနေဖြင့် ဆေးဝါးများ အခမဲ့ထောက်ပံ့မပေးနိုင်သည့်အခါ တင်ဒါခေါ်ယူ ဝယ်ယူထားသည့် ဆေးဝါးများကို ဆေးရုံကြီးများတွင် ဆေးရုံအထောက်အကူပြုအဖွဲ့မှ ကြီးကြပ်သောဆေးဆိုင်များ၌ ဝယ်ယူနိုင်အောင် စီစဉ်ထားသည်ဟု သိရသည်။

ဆိုလိုသည်မှာ ဆေးကုသမှုခံယူကြသော ပြည်သူများအနေဖြင့် ဆေးရုံများတွင် ဆေးကုသမှုခံယူကြရာ၌ လူနာများအတွက် ဆေးဝါးအခမဲ့ပေးဝေသည်ဟုဆိုသော်လည်း လိုအပ်ပါက ဆေးရုံအထောက်အကူပြုဆေးဆိုင်များတွင် အရည်အသွေးမှန်၊ ဈေးနှုန်းမှန်သော ဆေးဝါးများ ဝယ်ယူရရှိနိုင်ကြောင်း အသိပေးထားခြင်းဖြစ်သည်။ သို့သော် ဆေးကုသမှုခံယူကြသော ပြည်သူများအနေဖြင့် လူတန်းစားအလွှာအမျိုးမျိုးရှိသဖြင့် ငွေကြေးမတတ်နိုင်သော လူနာများအတွက် အခမဲ့ထောက်ပံ့ရေးကို အတတ်နိုင်ဆုံး စီမံဆောင်ရွက်ရမည် ဖြစ်သည်။

ပြည်သူကိုဗဟိုပြုသည့် အစိုးရလက်ထက်ကာလ၌ ပြည်သူ့ကျန်းမာရေးကို ရှေးရှုဆောင်ရွက်လျက်ရှိရာ ဆေးဝါးဖြန့်ဖြူးရေးကို အလေးထားဆွေးနွေးကြပြီး ပိုမိုကောင်းမွန်သည့်၊ ဆေးဝါးဖြန့်ဖြူးသည့်စနစ်ကို ပြုပြင် ပြောင်းလဲဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ပြည်သူကိုရှေးရှု၍ အဓိကဆောင်ရွက်ရန် လိုအပ်သည့်အခန်းကဏ္ဍများကို ဝိုင်းဝန်းအဖြေရှာပြီး ကျွမ်းကျင်မှု၊ အုပ်ချုပ်မှု၊ ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး၊ ပစ္စည်းသိုလှောင်ရေး၊ ဖြန့်ဖြူးရေး၊ လူနာများ၏လိုအပ်ချက်နှင့် အခမဲ့ပေးဝေနိုင်သည့်အခြေအနေတို့ကို ဝိုင်းဝန်းအဖြေရှာနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။

ပြည်သူ့ကျန်းမာရေးမှာ နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်၍ ကျန်းမာရေးအသုံးစရိတ် တိုးတက်ရရှိမှုအပေါ် မူတည်ပြီး အလေအလွင့်နည်းပါး၍ ယခုထက်ပိုမိုကောင်းမွန်သည့် ဆေးဝါးဖြန့်ဖြူးမှုစနစ်ကို စဉ်ဆက်မပြတ် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားကြရမည် ဖြစ်သည်။ ဆေးကုသမှုခံယူကြသော ပြည်သူများအတွက် ငွေကြေးမတတ်နိုင်သော လူနာများအရေးကို ရှေးရှုကြရပေလိမ့်မည်။ အခမဲ့ သို့မဟုတ် ငွေကြေးစိုက်ထုတ်ကုန်ကျမှု လျှော့နည်းသက်သာစေရေးတို့ကို ပြောင်းလဲဆောင်ရွက်နိုင်ရန် အလေးထား ဆွေးနွေးညှိနှိုင်းအဖြေရှာနေမှုများကို ကြိုဆိုရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများကျန်းမာရေးအတွက် ဆေးဝါးကုသမှုခံယူကြသော လူနာများအား ဆေးဝါးဖြန့်ဖြူးပေးရာတွင် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသော စနစ်ထက် ပိုမိုကောင်းမွန်သော စနစ်သို့ ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရမည် ဖြစ်သည်။ ပြည်သူများဘက်မှရပ်တည်ပြီး ကောင်းမွန်သော ကျန်းမာရေးစနစ်ဖြင့် ပြည်သူလူထု စိတ်ချမ်းသာအောင်၊ ကျေနပ်နှစ်သက်အောင် ကြိုးပမ်းဆောင်ရွက်ရင်း ပြည်သူလူထုကျန်းမာရေးကို မြှင့်တင်ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။



# မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၉**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E .Mr. Kohona Walawwe Nimal Dharmakeerthi Karunaratne ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် သီရိလင်္ကာနိုင်ငံအစိုးရတို့အကြား စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ငွေရေးကြေးရေးကဏ္ဍတို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ဆောင်ရွက်ရေး၊ ချစ်ကြည်ရင်းနှီးခိုင်မာမှုရှိစေရေးအတွက် အပြန်အလှန် အထောက်အကူပြုနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံရုံးမှ Mr. GA. Senaratna နှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဇေယျာသီရိမြို့နယ်၌ အခြေခံပန်းချီသင်တန်းဖွင့်

**နေပြည်တော် မေ ၁၉**

နေပြည်တော် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးကျင်းပသည့် နွေရာသီ အခြေခံပန်းချီသင်တန်းကို ယနေ့ နံနက် ၈ နာရီက ပြည်သူ့စာကြည့်တိုက် Community Center အတွင်း၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြစန်းရီက သင်တန်း ဖွင့်လှစ်ပို့ချပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပန်းချီဆရာ ဦးစိန်အေးက သင်တန်းသား သင်တန်းသူများအား ပန်းချီပညာသင်ယူမှုနှင့် ပတ်သက်၍ အခြေခံအချက်များအား ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ဇေယျာသီရိမြို့နယ် ပြည်သူ့စာကြည့်တိုက် အနီးရှိ ရွှေတွင်းကုန်းကျေးရွာ၊ ဗောဓိမြိုင်ကျေးရွာနှင့် သာစည်ကျေးရွာများမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၀ တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ မေ ၁၉ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၁၉**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၄၈၅၀၀ | - | ၉၄၈၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၄၈၅၀၀ | - | ၉၄၈၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၁၅/၈၂၅ ကျပ်၊ | ၈၄၅/၈၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၅/၈၄၅ ကျပ်၊ | ၈၉၀/၉၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၈၀၅ ကျပ်၊ | ၈၅၅/၈၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၂၅/၈၄၀ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၇၀/၇၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၇၈/၇၈၅ ကျပ်၊အောက်တိန်း ၉၂ တစ်လီတာ ၇၂၀/၇၂၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၄၀. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁. ၃၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၄၅၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀. ၉၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၁၇၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၃. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၃၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၃. ၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၂. ၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

MYANMAR Digital News
Presented by MPE
www.mdn.gov.mm



## ကျောက်ဆည်မြို့၌ ခရိုင်အဆင့်(Grade-2) ဆင့်ပွားလေ့ကျင့်ပေးရေးသင်တန်းဖွင့်

**ကျောက်ဆည် မေ ၁၉**

ခရိုင်အဆင့်(Grade- 2) ဆင့်ပွားလေ့ကျင့်သင်ကြားပေးရေး သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ကျောက်ဆည်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သုံးထပ်ဆောင် အစည်းအဝေးခန်းမ၌ကျင်းပရာ သင်တန်းဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်ပညာရေးမှူး ဦးစန်းအောင်က သင်တန်းပို့ချမှု ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး(ပညာ) ဦးကျော်သန်းက သင်တန်းသား သင်တန်းသူများအတွက် နေထိုင်စားသောက်ရေး ဆောင်ရွက်ပေးထားမှုအကြောင်းများနှင့် အခက်အခဲ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အချိန်နှင့်တစ်ပြေးညီ တင်ပြသွားကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။ သင်တန်းကို နည်းပြဆရာ ဆရာမ ၃၂ ဦးတို့က ဘာသာရပ်အလိုက် ခေါင်းစဉ်ငယ်များခွဲပြီး သင်ကြားပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းတွင် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ်များမှ ပညာရေးဌာန ဆရာ ဆရာမ ၂၇၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မေ ၁၉ ရက်မှ မေ ၅ ရက်အထိ သင်ကြားပို့ချ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

## မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီးသုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတွေနဲ့ ပြည်သူတွေအကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒ့ါအပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှမှုအာမခံမယ့် ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ်ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့ လုပ်ဆောင်ကြပါစို့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့်
နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့်
မိန့်ခွန်းမှ ကောက်နုတ်ချက်)

## မကွေးတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၉/၂၀၁၈
၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၅ ရက်
(၂၀၁၈ခုနှစ်၊ မေလ ၁၉ ရက်)

### မကွေးတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဝင်းမော်ဌေး | စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂) | ဦးမြင့်ဆွေ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**နေပြည်တော် မေ ၁၉**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုဲ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမှ Deputy Chief of Mission ဖြစ်သူ Mr.Le Gia Thinh နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## သင်္ကြန်အပြီးကာလ မန္တလေးပဲဈေးကွက် စတင်သက်ဝင်လှုပ်ရှားလာ

**မန္တလေး မေ ၁၉**

မန္တလေးမြို့ ပဲဈေးကွက်သည် သင်္ကြန်အပြီးကာလဖြစ်သော မေ ၁၈ ရက်တွင် ရောင်းသူဝယ်သူ စုံလင်စွာဖြင့် ပြန်လည်အသက်ဝင်လှုပ်ရှားစ ပြုလာသော်လည်း ဈေးကွက်အခြေအနေကို လေ့လာစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

"ဈေးကွက်စဖွင့်တဲ့နေ့ဆိုတော့ အရောင်းအဝယ်မဖြစ်ဘဲ အားစမ်းတဲ့သဘောနဲ့ အဖွင့်ဈေးကို စောင့်ကြည့်နေကြတယ်၊ လာမယ့်ရက်တွေမှာတော့ အရောင်းအဝယ် ပုံမှန်ပြန်လည်ကောင်းလာမယ်လို့ မျှော်လင့်ရတယ်၊ သေချာတာကတော့ အိန္ဒိယပို့ကုန်တွေ အရောင်းအဝယ်ထိုင်းမှိုင်းပြီး တရုတ်ပို့ကုန်တွေကတော့ အရင်နှစ်ထက် ဝယ်လိုအားပိုမိုကောင်းလာမယ်လို့ ခန့်မှန်းတွက်ချက်နေကြတယ်"ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

ယနေ့ဈေးကွက်စဖွင့်သည့်နေ့တွင် မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀ နှုန်း၊ ထောပတ်ပဲ ငွေကျပ် တစ်သိန်း၊ ပြောင်းဖူးစေ့ ငွေကျပ် ၃၂၀၀၀၊ ကုလားပဲအုပ်စုဝင်များဖြစ်သည့် V2 ငွေကျပ် ၆၉၅၀၀ နှုန်းနှင့် မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၂၄၅၀ အဖွင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

လွန်ခဲ့သော ငါးနှစ်အတွင်းက တရုတ်နိုင်ငံမှ စားသုံးမှုမရှိသော ပဲကြီး၊ မြေတောင့်ပဲ၊ ထောပတ်ပဲ၊ ပဲဇီးကွက် စသည့် ပဲများမှာ ယခုနှစ်များတွင် အဆိုပါနိုင်ငံမှ နှစ်သက်စွာစားသုံးလာမှုကြောင့် အရောင်းသွက်လျက်ရှိကြောင်းနှင့် အိန္ဒိယမှ အဝယ်ရပ်ဆိုင်းထားသည့် ပဲစင်းငုံကိုလည်း တရုတ်နိုင်ငံမှ ဝယ်ယူပြီး နည်းပညာဖြင့် ပြောင်းလဲထုတ်လုပ်ကာ အခြားနိုင်ငံများသို့ တင်ပို့နိုင်ပါက မြန်မာ့ပဲလောက ပြန်လည်ဦးမော့လာနိုင်ကြောင်း ၎င်းကအကြံပြုပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်အမှတ် (၅/၂၀၁၈) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံသူနိုင်ငံသားများ နှစ်သစ်တွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေရန် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊

ကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဟူသည့် ပင်မတာဝန်ကြီးနှစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၊ ဥပဒေရေးရာဌာနနှင့် နိုင်ငံတကာ ဆက်ဆံရေးဌာနဟူ၍ လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ကော်မရှင်သည် ကမ္ဘာပေါ်ရှိ အခြားသော အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ကျင့်သုံးကြသကဲ့သို့ပင် ဥပဒေကြောင်းအရ စည်းနှောင်မှုရှိသည့် ဆုံးဖြတ်ချက်ချမှတ်အရေးယူခြင်းကို ဆောင်ရွက်ပိုင်ခွင့်မရှိသော်လည်း လွတ်လပ်သော နိုင်ငံတော်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်တို့သို့ အစီရင်ခံစာတင်သွင်းခြင်းနှင့် လူ့အခွင့်အရေး ဖောက်ဖျက်မှုအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များနှင့် ဆောင်ရွက်ရန် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများသို့ ပေးပို့ခြင်း စသည်တို့ကို ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၈ ခုနှစ် မေ ၁၂ ရက်တွင် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များအား တွေ့ဆုံစဉ် တရားဥပဒေမဲ့ လူ့အခွင့်အရေး ဆုံးရှုံးမှုများကို နိုင်ငံသူနိုင်ငံသားများနှင့် နောင်မျိုးဆက်များ မခံစားရစေရေးအတွက် လူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပိုမိုအရှိန်မြှင့်တင်၍ တည်ဆဲဥပဒေများနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်စေလိုပါကြောင်းဖြင့် လမ်းညွှန်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများကို ကာကွယ်စောင့်ရှောက်ရန် ပိုမိုအရှိန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအနေဖြင့်လည်း ကော်မရှင်၏ အကြံပြုချက် တိုက်တွန်းချက်များအပေါ် အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# ဆီးရီးယားရှိ အိုင်အက်စ်စခန်းများကို အီရတ်က လေကြောင်းမှ တိုက်ခိုက်



အီရတ်လေတပ်စခန်းသို့ ဝန်ကြီးချုပ်အဘာဒီ ကြည့်ရှုစစ်ဆေးစဉ်။

**ဘဂ္ဂဒက် ဧပြီ ၁၉**

ဆီးရီးယားနိုင်ငံတွင်းရှိ အစ္စလာမ့်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တို့၏စခန်းများကို ယနေ့တွင် အီရတ်လေတပ်က စီးနင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း၊ ယင်းလေကြောင်း စီးနင်းတိုက်ခိုက်မှုကို ဆီးရီးယားသမ္မတဘာရှားအယ်လ်အာဆတ်၏ အစိုးရအဖွဲ့နှင့် ညှိနှိုင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အီရတ်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အီရတ်လေတပ်သည် အက်ဖ် ၁၆ အမျိုးအစားတိုက်လေယာဉ်များကို အသုံးပြုကာ ဆီးရီးယားနိုင်ငံပိုင်နက်တွင်းသို့ ဝင်ရောက်ပြီး လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း ဗိုလ်မှူးချုပ် ရှာဟာရာဆူးလ်က ပြောကြားသည်။

ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများက အီရတ်နိုင်ငံပိုင်နက်နယ်မြေကို ခြိမ်းခြောက်မှုများပြုလုပ်လာခြင်းကြောင့် အီရတ်လေတပ်က လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့ကြောင်းနှင့် မိမိတို့၏ရဲရင့်သော လက်နက်ကိုင်တပ်ဖွဲ့များက စွမ်းရည်မြင့်မားစွာ အကြမ်းဖက်ဝါဒအား တိုက်ဖျက်လျက်ရှိသည်ကို ထုတ်ဖော်ပြသခြင်းဖြစ်ကြောင်း အီရတ်နိုင်ငံဝန်ကြီးချုပ် ဟိုင်ဒီဟာ အဘာဒီ၏ရုံးတွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြသည်။

လေကြောင်းစီးနင်းတိုက်ခိုက်မှုသည် ဒေသတွင်း၌ တည်ရှိနေသည့် အိုင်အက်စ်စစ်သွေးကြွများကို ချည့်နဲ့အားနည်းစေလိမ့်မည်ဟု ဆက်လက်ရေးသားဖော်ပြသည်။

အီရတ်နိုင်ငံ၏လုံခြုံရေးကို ခြိမ်းခြောက်လာပါက တုံ့ပြန်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်အဘာဒီက ယခုလအစောပိုင်းတွင် ပြောကြားခဲ့သည်။ ယင်းပြောကြားချက်မှာ လွန်ခဲ့သည့်သုံးနှစ်ကာလက အီရတ်နိုင်ငံ၏ နယ်မြေသုံးပုံတစ်ပုံခန့်ကို စိုးမိုးခဲ့သော ဂျီဟတ်ဝါဒီစစ်သွေးကြွများကို ရည်ညွှန်းခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**

# နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့အောင်ပွဲသဘင် အစ္စရေးနိုင်ငံတစ်ဝန်းတွင် ခမ်းနားစွာကျင်းပ

**ဂျေရုဆလင် ဧပြီ ၁၉**

အစ္စရေးနိုင်ငံ၏ နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အောင်ပွဲသဘင် အခမ်းအနားများကို နိုင်ငံတစ်ဝန်းတွင် ဧပြီ ၁၈ ရက် မွန်းလွဲပိုင်းမှ ယနေ့မွန်းလွဲပိုင်းအထိ ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း ဒေသဆိုင်ရာ



သတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

အစ္စရေးနိုင်ငံသည် စီးပွားရေးအရ အောင်မြင်တိုးတက်မှုများ ရရှိနေပြီး စစ်ရေးစွမ်းပကား မြင့်မားသည့် နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသော်လည်း နိုင်ငံရေးနှင့် လုံခြုံရေးတို့အရ စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ဧပြီ ၁၈ ရက် မွန်းလွဲပိုင်းတွင် စတင်ခဲ့သည်။ နိုင်ငံတစ်ဝန်းရှိ မြို့ကြီး၊ မြို့ငယ်များနှင့် ကျေးရွာများတွင် တေးဂီတဖျော်ဖြေပွဲများ၊ ယဉ်ကျေးမှုပဒေသာကပွဲများကို ကျင်းပခဲ့ကြပြီး လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းကို ပစ်လွှတ်ခဲ့ကြသည်။

မိမိတို့၏ နိုင်ငံသည် နှစ်ပေါင်း ၇၀ ကြာမျှ လွတ်လပ်မှုကို ခံစားရရှိခဲ့ပြီဖြစ်ပြီး နှစ်ပေါင်း ၇၀ ကြာမျှ ဒီမိုကရေစီစနစ်ကို တည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း ဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုက လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြည်သူများထံသို့ ပေးပို့သောသဝဏ်လွှာတွင် ဖော်ပြသည်။

အစ္စရေးနိုင်ငံ၏ အောင်မြင်မှုသည် နေ့တွင်းချင်း၊ ညတွင်းချင်း တည်ဆောက်နိုင်ခဲ့ခြင်းမဟုတ်ဘဲ နှစ်ပေါင်းကြာရှည် စုပေါင်းကြိုးပမ်း အားထုတ်မှု၏ရလဒ်သာဖြစ်ကြောင်း၊ ရဟူဒီများ၊ ခရစ်ယာန်များ၊ မူဆလင်များ၊ လောကီနှင့် လောကုတ္တရာလမ်းစဉ် ယုံကြည်သက်ဝင်သူများ၊ အရှယ်မရွေးနိုင်ငံသားများ၊ အမျိုးသားများနှင့် အမျိုးသမီးများက နိုင်ငံတည်ဆောက်မှုတွင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခဲ့ကြကြောင်း နေတန်ယာဟုက ပြောကြားသည်။

အစ္စရေးနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအချို့တွင် ငြိမ်းချမ်းရေးမျိုးစေ့ စတင်ရှင်သန်ပေါက်ရောက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးလိုလားသော အိမ်နီးချင်းနိုင်ငံများအားလုံးနှင့်အတူ ငြိမ်းချမ်းရေးကို တည်ဆောက်ရန် မိမိ ကမ်းလှမ်းပါကြောင်း နေတန်ယာဟုက ဟီးဘရူး ဘာသာစကားဖြင့် ပြောကြားသည်။

**အေအက်ဖ်ပီ**

# ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ဘူတာရုံဝန်းကျင်တွင် စစ်ကျန်ဗုံးဟောင်းတစ်လုံးတွေ့ရှိ



**ဘာလင် ဧပြီ ၁၉**

ဂျာမနီနိုင်ငံ မြို့တော်ဘာလင်ရှိ ရထားဘူတာရုံဝန်းကျင်တွင် ဒုတိယကမ္ဘာစစ်အတွင်း အသုံးပြုခဲ့သော မပေါက်ကွဲသေးသည့် ဗုံးတစ်လုံးတွေ့ရှိခဲ့ရာ အစိုးရရုံးများနှင့် ဆေးရုံတစ်ရုံအပါအဝင် အနီးဝန်းကျင်ရှိ ပြည်သူအများအပြားအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ယနေ့ အေအက်ဖ်ပီသတင်းဌာနက သတင်းရေးသားဖော်ပြသည်။

အဆိုပါဗုံးအား ပေါက်ကွဲမှုမရှိစေရန် စနက်တံဖြုတ်စဉ် ဗုံးတွေ့ရှိရာနေရာနှင့် မီတာ ၈၀၀ အကွာအဝေးရှိ အဆောက်အအုံများနှင့် လမ်းမများကို ရှင်းလင်းထားကြောင်းနှင့် ဗုံး၏အလေးချိန်မှာ ၅၀၀ ကီလိုဂရမ်ရှိကြောင်း ရဲအရာရှိများက ဧပြီ ၁၈ ရက်က တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။

ဗုံးတွေ့ရှိရာနေရာအနီးဝန်းကျင်တွင် ရထားဘူတာရုံ၊ စီးပွားရေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနများ၊ စစ်ဆေးရုံတစ်ရုံနှင့် အင်ဒိုနီးရှားနှင့် ဥဇဘက်ကစ္စတန် သံရုံးများ တည်ရှိကြောင်း အာဏာပိုင်များက ဆိုသည်။

ဂျာမနီနိုင်ငံတွင် ဒုတိယကမ္ဘာစစ်ပွဲအတွင်း အသုံးပြုခဲ့သော ဗုံးကွဲဗုံးကျန်များ၊ လက်နက်ခဲယမ်း မီးကျောက်များကို မကြာခဏတွေ့ရှိရသည်။

လွန်ခဲ့သော ဧပြီ ၁၃ ရက်တွင် ဘာဗေးရီးယားပြည်နယ် နီယူလန်မြို့၌ ကီလိုဂရမ် ၅၀၀ အလေးချိန်ရှိသော ဗုံးတစ်လုံး တွေ့ရှိခဲ့ရာ ဒေသခံပြည်သူ ၁၂၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အမေရိကန်လေကြောင်းဌာနများမှ လေယာဉ်များ ရုရှားဝေဟင်ပေါ် ဖြတ်သန်းမှု ပျံသန်းခွင့်သက်တမ်းတိုး

**မော်စကို ဧပြီ ၁၉** ။ ။ မိမိ၏ လေကြောင်းပိုင်နက်ဝေဟင်အတွင်း အမေရိကန်လေကြောင်းဌာနများမှ ခရီးသည်တင်လေယာဉ်များ ဖြတ်ကျော်ပျံသန်းမှုကို ခြောက်လသက်တမ်းတိုးရန် ရုရှားအစိုးရအဖွဲ့က သဘောတူညီလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံ၏ ဝေဟင်ပေါ်ဖြတ်ကျော်ကာ အမေရိကန်ခရီးသည်တင်လေယာဉ်များ ပျံသန်းမှုကို ခွင့်ပြုပေးသော ယခင်သဘောတူညီချက်မှာ သက်တမ်းကုန်ဆုံးလုခါနီးနာရီပိုင်းအလိုတွင် နောက်ထပ်ခြောက်လ သက်တမ်းတိုးပေးရန် ရုရှားနိုင်ငံက သဘောတူညီခဲ့ခြင်းဖြစ်သည်။

ယခင်သဘောတူညီချက်မှာ ဧပြီ ၁၇ ရက် ဂရင်းနစ်စံတော်ချိန် ည ၁၁ နာရီ ၅၉ မိနစ်တွင် သက်တမ်းကုန်ဆုံးခဲ့သည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၈ ရက်အထိ လေကြောင်းခရီးစဉ်များ ပျံသန်းနိုင်မည့်လမ်းကြောင်းသုံးကြောင်းနှင့်ပတ်သက်၍ သက်တမ်းတိုးရန် သဘောတူညီခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက ပြောကြားသည်။

အာရှဒေသမှ ဥရောပဒေသသို့ ပျံသန်းသော ကုန်တင်လေယာဉ်ခရီးစဉ်များအားလုံးအတွက် သက်တမ်းတိုးခြင်းကိုလည်း ရုရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက သဘောတူညီခဲ့သည်။ သို့ရာတွင် ဧပြီ ၂၀ ရက်တွင် အခြားလမ်းကြောင်းတစ်ခု သတ်မှတ်ရေးကိစ္စနှင့်ပတ်သက်၍ နှစ်နိုင်ငံတာဝန်ရှိသူများ ဆွေးနွေးကြမည်ဆို၏။

အမေရိကန်လေကြောင်းလိုင်းမှ လေယာဉ်များသည် အမေရိကန်ပြည်ထောင်စုရှိ ဒါးလပ်စ်မြို့နှင့် ချီကာဂိုမြို့တို့မှ တရုတ်နိုင်ငံ ဟောင်ကောင်နှင့် ပေကျင်းတို့သို့ ပျံသန်းသော လေကြောင်းခရီးစဉ်များ ရုရှားဝေဟင်အပေါ် ဖြတ်သန်း၍ ပျံသန်းခွင့်ကိုလည်း ပြန်လည်ခွင့်ပြုပေးခဲ့သည်။

**အေအက်ဖ်ပီ**

# မြန်မာ-နီပေါ ချစ်ကြည်ရေးအသင်း ဖွဲ့စည်းဆောင်ရွက်နိုင်မည့် အခြေအနေများ ဆွေးနွေး



**နေပြည်တော် မေ ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူ ဓမ္မအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကာလာဒါရ်(ခ)ဦးမောင်ဝင်းနှင့် အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် မြန်မာ-နီပေါ ချစ်ကြည်ရေးအသင်း ဖွဲ့စည်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အပြန်အလှန် ကုန်သွယ်မှု၊ ခရီးသွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအတွင်း မည်သူမဆို တရားဥပဒေနှင့်အညီ အေးချမ်းစွာနေထိုင်နိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ အပြန်အလှန် ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မြွေပွေး Friend မ Add မိစေဖို့

## နေဘုန်းလတ်

ဖေ့စ်ဘွတ်ကို အသုံးပြုတဲ့နေရာမှာ ကိုယ့်ရဲ့ကိုယ်ပိုင်အကောင့်(Personal Account)တစ်ခုဖွင့်ချင်ဖွင့်၊ ဒါမှမဟုတ် စာမျက်နှာ(Page) တစ်ခု ဖွင့်ချင်ဖွင့် စသဖြင့် နှစ်မျိုးသုံးလို့ရပါတယ်။

များသောအားဖြင့် Account တွေကို တစ်ဦးတစ်ယောက်ချင်းအနေနဲ့ သုံးကြတာများပြီး Page တွေကိုတော့ ဆယ်လီဘရိတီ၊ အဖွဲ့အစည်း၊ လုပ်ငန်း၊ ကုမ္ပဏီ စတာတွေအတွက် အသုံးများကြပါတယ်။

Account တစ်ခုဖွင့်ပြီးပြီဆိုတာနဲ့ ကိုယ့်ရဲ့အကောင့်ကို သုံးပြီး အခြားသော အကောင့်ပိုင်ရှင်တွေထဲကမှ ကိုယ်မိတ်ဆွေဖွဲ့ချင်တဲ့သူရဲ့ Account ကိုရှာပြီးရင် Add friend ဆိုတဲ့ ခလုတ်လေးကို နှိပ်ပြီး စတင်မိတ်ဖွဲ့လို့ ရပြီဖြစ်ပြီး စုစုပေါင်း မိတ်ဆွေ ၅၀၀၀ ရှိတဲ့ မိတ်ဆွေအဝန်းအဝိုင်းလေးတစ်ခုကို ဖန်တီးခွင့်ပြုထားပါတယ်။ ကိုယ့်ကို တစ်ယောက်ယောက်က မိတ်ဆွေဖြစ်ဖို့ ကြိုးစားလာတာ(Friend Request)ကို ကိုယ်က မိတ်ဆွေအဖြစ် လက်ခံချင်တယ်ဆိုရင်လည်းConfirm ဆိုတာလေးကိုနှိပ်ပြီး လက်ခံရမှာဖြစ်ပါတယ်။

ကိုယ့် Account ထဲမှာ မိတ်ဆွေ ၅၀၀၀ ကျော်သွားပြီဆိုရင်တော့ ကျန်တဲ့သူတွေက အားပေးသူ(Follower)အဖြစ် ရောက်သွားမှာဖြစ်ပြီး မိတ်ဆွေတို့သာ ရထိုက်သော အခွင့်အရေးတွေနဲ့ လွဲချော်ရပါလိမ့်မယ်။ Page ရဲ့သဘောတရားကတော့ တစ်မျိုးပါ။ မိတ်ဆွေတွေရှာ၊ မိတ်လိုက်ဖွဲ့ပြီး ကိုယ့်ရဲ့ မိတ်ဆွေအဝန်းအဝိုင်းတစ်ခုကို တည်ဆောက်ရတာမျိုးမဟုတ်ဘဲ ကိုယ့် စာမျက်နှာကို လူတွေသိလာ၊ ဖတ်လာကြဖို့အတွက် အခြားသောသူတွေကို လိုက်လံဖိတ်ကြား(Invite) လုပ်ရတာဖြစ်ပါတယ်။ ကိုယ့် Page ကို တွေ့ပြီး ကြိုက်တဲ့သူတွေက Like ဆိုတဲ့ ခလုတ်လေးကို နှိပ်လိုက်မယ်ဆိုရင် ကိုယ့်စာမျက်နှာရဲ့ အားပေးသူ (Follower)တွေဖြစ်သွားမှာပဲ ဖြစ်ပါတယ်။

Page တွေမှာတော့ Account မှာလို ၅၀၀၀ ဆိုပြီး အရေအတွက်ကို ကန့်သတ်ထားခြင်းမရှိပါဘူး။ ဒါကြောင့် အချို့သော ကမ္ဘာကျော်အနုပညာရှင်တို့ရဲ့ ဖေ့စ်ဘွတ်စာမျက်နှာတွေဆိုရင် အားပေးသူ(Follower) သန်းနဲ့ချီပြီး ရှိကြတာကို တွေ့ကြရပါလိမ့်မယ်။

အထက်မှာ ရှင်းပြခဲ့တာကတော့ ဖေ့စ်ဘွတ်အကောင့်နဲ့ ဖေ့စ်ဘွတ်စာမျက်နှာတို့ရဲ့ ကွာခြားမှုအချို့ဖြစ်ပါတယ်။ တကယ်တမ်း ဒီဆောင်းပါးမှာ အဓိကထားဆွေးနွေးချင်တာကတော့ ကိုယ်တို့ရဲ့ Account တွေထဲမှာ ကိုယ်တို့ကိုယ်တိုင် တည်ဆောက်ထားတဲ့ မိတ်ဆွေအဝန်းအဝိုင်းတစ်ခုထဲက Friend လို့ခေါ်တဲ့ မိတ်ဆွေသူငယ်ချင်းဆိုသူတွေဟာ ကိုယ်တို့ရဲ့ အမှန်တကယ်ပဲ မိတ်ဆွေအစစ်အမှန်တွေဟုတ်ကြရဲ့လား၊ ကိုယ်တို့တွေ ဖေ့စ်ဘွတ်ပေါ် မိတ်ဆွေဖွဲ့ကြတဲ့အခါ ဘယ်လိုပုံစံတွေနဲ့ ဖွဲ့ကြသလဲ၊ ဘယ်လိုပုံစံတွေနဲ့ လက်ခံကြသလဲ၊ ကိုယ်တိုင်တည်ဆောက်ထားတဲ့ မိတ်ဆွေအဝန်းအဝိုင်းလေးကို ပုံမှန်ရောက် ပြန်လည်ဆန်းစစ်သုံးသပ်ကြရလား၊ ဖေ့စ်ဘွတ်ပေါ်က Friend နဲ့ အပြင်က Friend ဘာတွေတူပြီး ဘာတွေကွာခြားသလဲ စတဲ့ ဖေ့စ်ဘွတ်ပေါ်က မိတ်ဆွေများနဲ့ပတ်သက်လို့ ကိုယ်စဉ်းစားမိသော အကြောင်းအရာ အချို့ပဲဖြစ်ပါတယ်။

**မိတ်ဆွေဖွဲ့ကြတဲ့အခါ**

အင်တာနက်စာမျက်နှာတွေပေါ်မှာမဟုတ်ဘဲ အပြင်မှာ ကိုယ်တို့တွေ မိတ်ဆွေသူငယ်ချင်းဖြစ်ကြဖို့ ဘယ်လိုအဆင့်တွေ ဖြတ်သန်းကြရသလဲ။ များသောအားဖြင့် ပထမဆုံးအနေနဲ့ ကိုယ်တို့တွေ မိတ်ဆွေသူငယ်ချင်းတွေဖြစ်ကြတာဟာ ရပ်ကွက်ထဲက အတူကစားဖော် ကစားဖက်တွေ၊ စာသင်ခန်းတွေထဲက သူငယ်ချင်းတွေပဲဖြစ်ပါတယ်။ ကိုယ်နဲ့နီးစပ်ပတ်သက်လာသော အနီးအနားက များစွာသော သူတွေနဲ့ စကားပြောဆို ဆက်ဆံကြည့်ကြပြီး အဲဒီအထဲကမှ ကိုယ်နဲ့စိတ်ချင်းနီးစပ်တဲ့သူ၊ ကိုယ်နဲ့ တစ်စုံတစ်ရာ နီးစပ်မှုရှိတဲ့သူ၊ ကိုယ့်အကျိုးလိုလားတဲ့သူတွေနဲ့ မိတ်ဆွေသူငယ်ချင်းအဖြစ် ဆက်လက်ပြီး ပေါင်းသင်းဆက်ဆံကြတာပါပဲ။

ပြောချင်တာက ကိုယ်တို့တွေ မိတ်ဆွေသူငယ်ချင်းတွေမဖြစ်ကြမီ အချိန်တစ်စုံတစ်ရာယူပြီး သိမှု၊ နားလည်မှု တစ်ခုကို တည်ဆောက်ကြတယ်ဆိုတာပါ။ ဖေ့စ်ဘွတ်မှာကျတော့ရော အဲဒီလိုပဲလား။ မဟုတ်ပါဘူး။ ဖေ့စ်ဘွတ်ပေါ်မှာကတော့ မိတ်ဆွေဖြစ်ဖို့က သိပ်ကိုလွယ်လွန်းလှပါတယ်။ တစ်ယောက်ယောက်က Add Friend ကိုနှိပ် နောက်တစ်ယောက်က Confirm ဆိုတာလေးကို နှိပ်ပြီး ကလစ်နှစ်ချက်နဲ့တင် မိတ်ဆွေဖြစ်နေကြတာပါ။ ကိုယ်တင်သမျှကို ကြည့်တဲ့သူတွေ၊ Like နှိပ်တဲ့သူတွေများဖို့ Friend များများရ ပြီးရောဆိုတဲ့စိတ်နဲ့ မိတ်ဆွေသူငယ်ချင်းဆိုတဲ့ အဓိပ္ပာယ်မသက်ဝင်သော သူတွေမှန်သမျှနဲ့ မိတ်ဆွေဖွဲ့မိနေတာဟာ အန္တရာယ်များလွန်းလှပါတယ်။

ကိုယ်တို့ကြားဖူးနေကျဖြစ်တဲ့ မြွေပွေးခါးပိုက်ပိုက်မိတယ်ဆိုတဲ့ စကားလို အချိန်မရွေး မြွေပွေး Friend Add မိတာမျိုး ဖြစ်သွားနိုင်ပါတယ်။ ဘာဖြစ်လို့ ဒီလိုပြောရသလဲဆိုတော့ Facebook Account ဖွင့်ကြတယ်ဆိုတဲ့ သူတွေထဲမှာ ရည်ရွယ်ချက်မျိုးစုံ ရှိနေနိုင်လို့ပါ။ မကောင်းသော ရည်ရွယ်ချက်သက်သက်နဲ့ Account တွေဖွင့်ပြီး မကောင်းသောကိစ္စတွေကိုချည်းလုပ်ဖို့ ကြိုးစားနေတဲ့သူတွေ များစွာရှိနေတဲ့အတွက် အဲဒီအကောင့်တွေများစွာထဲကမှ ဘယ်လိုလူမျိုးတွေနဲ့ ဘယ်လို မိတ်ဆွေဖွဲ့ပြီး ကိုယ့်ရဲ့ မိတ်ဆွေအဝန်းအဝိုင်းကို ဘယ်လိုတည်ဆောက်မလဲဆိုတာကို ကိုယ်တို့တွေ သေချာစဉ်းစားကြသင့်ပြီလို့ ယူဆမိပါတယ်။

အခုတောင် ကိုယ်တို့ Friend အဖြစ်လက်ခံထားမိတဲ့ မြွေပွေးတွေ ဘယ်နှကောင်တောင်ရှိနေပြီလဲဆိုတာ ကိုယ်တို့ကိုယ်တိုင် မသိနိုင်ပါဘူး။

**ဓာတ်ပုံ(Profile Picture)နဲ့ နာမည်(Profile Name)**

ကိုယ့်ကို Friend လာ add သမျှကို နာမည်လေးလှတိုင်း၊ ပုံလေးလှတိုင်း လက်မခံဘဲ ကိုယ်တကယ် မိတ်ဆွေအဖြစ် ပေါင်းသင်းလို့ရနိုင်တဲ့ သူမျိုးတွေကို လက်ခံထားဖို့ မိတ်ဖွဲ့ထားဖို့လိုပါလိမ့်မယ်။ ဒီနေရာမှာ အကြံပြုလိုတာက တစ်ယောက်ယောက်က ကိုယ့်ကို Friend Request လုပ်ပြီဆိုရင် ချက်ချင်းလက်မခံသေးဘဲ ပထမဆုံးအနေနဲ့ သူတင်ထားတဲ့ ဓာတ်ပုံ(Profile Picture) နဲ့ သူ့ရဲ့နာမည်(Profile Name)ကို လေ့လာသင့်ပါတယ်။

များသောအားဖြင့် မကောင်းသောရည်ရွယ်ချက်နဲ့ ဖွင့်ထားသောအကောင့်တော်တော်များများဟာ ဓာတ်ပုံအမှန်သုံးလေ့ မရှိသလို၊ နာမည်တွေကလည်း အမှန်မဟုတ်တာနဲ့ ပေါက်တတ်ကရနာမည်တွေ များပါတယ်။ တစ်ချိန်တစ်ခါက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်မရှိသေးတဲ့ ကာလတွေမှာ နာမည်ဝှက်တွေနဲ့ လူလုံးမပြဘဲ လုပ်ကိုင်ဆောင်ရွက်ရတာတွေရှိခဲ့သလို အခုလည်း ရှိနေနိုင်သေးပါတယ်။

အဲဒီလိုပဲ အချို့သော စာပေရေးသားသူတွေအနေနဲ့ နာမည်အရင်းကို မသုံးဘဲ ကလောင်နာမည် သုံးတာမျိုးလည်း ရှိနိုင်ပါတယ်။ ဒါတွေကိုတော့ ခြွင်းချက်အနေနဲ့လက်ခံရပါမယ်။ ဒါပေမယ့် များသောအားဖြင့်တော့ နာမည်အတု၊ ဓာတ်ပုံအတုတွေကို Friend အဖြစ် လက်ခံသင့်၊ မခံသင့် သေချာစဉ်းစားပြီးမှသာ ဆုံးဖြတ်သင့်ပါတယ်။

**Facebook Wall နှင့် Mutual Friends**

ဒုတိယအဆင့်အနေနဲ့ လုပ်သင့်တာကတော့ သူဘယ်လိုလူမျိုးလဲဆိုတာသိရအောင် သူ့ရဲ့ Wall ကို ခဏလောက်ဖြစ်ဖြစ် သွားလေ့လာသင့်ပါတယ်။ အပြင်မှာလို ကိုယ်ထိလက်ရောက် စကားပြောဆို၊ ထိတွေ့ဆက်ဆံပြီး လေ့လာတာလောက် တိကျမှုမရှိနိုင်ပေမယ့် လူတစ်ယောက်ရဲ့ Wall ပေါ်မှာ သူရေးထားတဲ့ ပို့စ်တွေ၊ သူတင်ထားတဲ့ အရာတွေက သူဘယ်လို လူမျိုးလဲဆိုတာကို အထိုက်အလျောက် ဖော်ပြပေးနိုင်ပါလိမ့်မယ်။

နောက်ပြီး account တစ်ခုခုကို တိုက်ခိုက်ချင်ပြီဆိုရင် အကောင့်အသစ်တွေဖွင့်ပြီး ဝိုင်း add ကြလေ့ရှိပါတယ်။ အဲဒီလိုပဲ ဘာမှမရေးဘဲ လိုက်ဆဲဖို့၊ မကောင်းတာလုပ်ဖို့၊ ဝါဒဖြန့်ဖို့အတွက်သက်သက် ဖွင့်ထားတဲ့အကောင့်တွေလည်း ရှိပါတယ်။ ဒါကြောင့် အကောင့်ဖွင့်ထားတာ မကြာသေးတဲ့သူတွေ၊ ဘာပို့စ်မှမတင်တဲ့သူတွေ လာ add ပြီဆိုရင် သတိထားပြီးမှ လက်ခံသင့်ပါတယ်။ နောက်ထပ် ထပ်ပြီး စစ်ကြည့်သင့်တာကတော့ သူနဲ့ ကိုယ်နဲ့ကြားမှာ နှစ်ယောက်လုံးနဲ့ သိတဲ့မိတ်ဆွေ(Mutual Friend) ဘယ်နှယောက်ရှိသလဲဆိုတာဖြစ်ပါတယ်။

ဖြစ်နိုင်ရင်တော့ ကိုယ့်ကိုလာ add တဲ့သူဟာ အစစ်အမှန်ဟုတ်၊ မဟုတ်ကို Mutual friend တစ်ယောက်ယောက်ကနေတစ်ဆင့် မေးကြည့်တာမျိုးလည်း လုပ်သင့်ပါတယ်။

**ကောင်းမွန်သော မိတ်ဆွေအဝန်းအဝိုင်း**

မိတ်ဆွေသူငယ်ချင်း ၅၀၀၀ သာခွင့်ပြုထားတဲ့ ကိုယ့်ရဲ့ မိတ်ဆွေအဝန်းအဝိုင်းလေးကို ကိုယ်တိုင်အကောင်းဆုံးဖြစ်အောင် တည်ဆောက်ပြီး ဂရုတစိုက်နဲ့ ထိန်းသိမ်းစောင့်ရှောက်သင့်ပါတယ်။ ကိုယ့်ရဲ့ Friend List ကို အမှန်တကယ် စစ်မှန်သော မိတ်ဆွေစာရင်းဖြစ်ဖို့ အခါအခွင့်သင့်တိုင်း စစ်ဆေးပြီး အန်(Un) သင့်တဲ့သူကိုအန်၊ ဘလော့သင့်တဲ့သူကို ဘလော့တာမျိုးတွေလည်း အခါအားလျော်စွာ လုပ်သင့်ပါတယ်။

ကိုယ်က Unfriend လုပ်လိုက်လို့ ကိုယ့်ကို ပြန်ဆဲတာတွေ၊ စောင်းချိတ်ပြောတာတွေရှိနိုင်ပါတယ်။ ဒါပေမယ့် လျစ်လျူရှုလိုက်ပါ။ ကိုယ် သဘောကျနှစ်သက်သူကိုသာ မိတ်ဆွေဖွဲ့ခွင့်နဲ့ ကိုယ်မနှစ်သက်သူကို မိတ်ဆွေအဖြစ်မှ စွန့်လွှတ်ခွင့်ဟာ ကိုယ်တို့ရဲ့ ကိုယ်ပိုင်အခွင့်အရေးဖြစ်ပါတယ်။ အနည်းဆုံး နှစ်လတစ်ကြိမ်လောက်ဖြစ်ဖြစ် အချိန်နည်းနည်းပေးပြီး Friend List ကို ပြန်စစ်ကြပါလို့ အကြံပြုချင်ပါတယ်။ ဖြစ်နိုင်ရင်တော့ အပြင်မှာပါ သိကျွမ်းခင်မင်သူတွေချည်း ရှိနေနိုင်ရင်တော့ အကောင်းဆုံးပါပဲ။

ချစ်သော Facebooker တွေ မြွေပွေး Friend Add မိခြင်းဘေးမှ ကင်းဝေးကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

**https://www.facebook.com/blogger.nayphonelatt**

“ကိုယ်က Unfriend လုပ်လိုက်လို့ ကိုယ့်ကို ပြန်ဆဲတာတွေ၊ စောင်းချိတ်ပြောတာတွေ ရှိနိုင်ပါတယ်။ ဒါပေမယ့် လျစ်လျူရှုလိုက်ပါ။ ကိုယ်သဘောကျနှစ်သက်သူကိုသာ မိတ်ဆွေဖွဲ့ခွင့်နဲ့ ကိုယ်မနှစ်သက်သူကို မိတ်ဆွေအဖြစ်မှ စွန့်လွှတ်ခွင့်ဟာ ကိုယ်တို့ရဲ့ ကိုယ်ပိုင်အခွင့်အရေးဖြစ်ပါတယ်။ အနည်းဆုံး နှစ်လတစ်ကြိမ်လောက်ဖြစ်ဖြစ် အချိန်နည်းနည်းပေးပြီး Friend List ကို ပြန်စစ်ကြပါလို့ အကြံပြုချင်ပါတယ်။ ဖြစ်နိုင်ရင်တော့ အပြင်မှာပါ သိကျွမ်းခင်မင်သူတွေချည်း ရှိနေနိုင်ရင်တော့ အကောင်းဆုံးပါပဲ။”

“ကိုယ်တို့ ကြားဖူးနေကျဖြစ်တဲ့ မြွေပွေးခါးပိုက်ပိုက်မိတယ်ဆိုတဲ့ စကားလို အချိန်မရွေး မြွေပွေး Friend Add မိတာမျိုး ဖြစ်သွားနိုင်ပါတယ်။ ဘာဖြစ်လို့ ဒီလိုပြောရသလဲဆိုတော့ Facebook Account ဖွင့်ကြတယ်ဆိုတဲ့သူတွေထဲမှာ ရည်ရွယ်ချက်မျိုးစုံ ရှိနေနိုင်လို့ပါ။ မကောင်းသောရည်ရွယ်ချက် သက်သက်နဲ့ Account တွေဖွင့်ပြီး မကောင်းသောကိစ္စတွေကိုချည်းလုပ်ဖို့ ကြိုးစားနေတဲ့သူတွေ များစွာရှိနေတဲ့အတွက် အဲဒီအကောင့်တွေများစွာထဲကမှ ဘယ်လိုလူမျိုးတွေနဲ့ ဘယ်လိုမိတ်ဆွေဖွဲ့ပြီး ကိုယ့်ရဲ့ မိတ်ဆွေအဝန်းအဝိုင်းကို ဘယ်လိုတည်ဆောက်မလဲဆိုတာကို ကိုယ်တို့တွေ သေချာစဉ်းစားကြသင့်ပြီလို့ ယူဆမိပါတယ်။”



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး



ဒေါက်တာအောင်ထွန်းသက်

✪ **ကျောဖုံးမှ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအစီအစဉ်ကို မိမိတို့အနေဖြင့် ဆောလျင်စွာနှင့် ထိရောက်မှုရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကို အချိန်မီ ဆောင်ရွက်နိုင်ရေးအတွက် ပြန်လာရန် ဆန္ဒရှိသူများဖြစ်သည့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူ ဟိန္ဒူဘာသာဝင် ၅၀၀ ကျော်ကို မိမိတို့အစီအစဉ်ဖြင့် ရွေးချယ်စိစစ်အတည်ပြုခဲ့ပြီးဖြစ်ကြောင်း။

**ပြန်ကြားချက် မရရှိသေး**

ဘင်္ဂလားဒေ့ရှ်ဘက်မှ သက်ဆိုင်ရာတာဝန်ရှိသူများက အတွက် မှန်မှန်ကန်ကန် ဖြည့်စွက်ထားသည့် ပုံစံများကို သံတမန်လမ်းကြောင်းမှတစ်ဆင့် ပြန်လည်ပေးပို့ပေးပါရန် ဘင်္ဂလားဒေ့ရှ်ဘက်သို့ သုံးကြိမ်တိုင်တိုင် မေတ္တာရပ်ခံတောင်းဆိုခဲ့ကြောင်း၊ ရရှိသည့် အချက်အလက်များဖြင့် မိမိတို့ဘက်အနေဖြင့် စိစစ်ခဲ့ကြောင်း၊ ၎င်းတို့ ပေးအပ်သည့် စာရင်းများထဲမှ ၆၀၀ ကျော်သည် ရခိုင်ပြည်နယ်တွင် နေထိုင်ခဲ့သည့် အထောက်အထားများ တွေ့ရှိခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်ဘက်သို့ အသိပေးထားပြီးဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက စိစစ်အတည်ပြုပြီးသော ပြန်လာရန်ဆန္ဒရှိသူများကို လက်ခံရန် အဆင်သင့်ဖြစ်နေပြီး လိုအပ်သော ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ပြန်လည်လက်ခံရေးကို အမြန်ဆုံး စတင်လိုသည့်အတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ပုံစံကိုမျှ လက်ခံရရှိထားခြင်း မရှိကြောင်းနှင့် ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကိုလည်း သိရှိနားလည်ထားခြင်း မရှိပါကြောင်း ပြောကြားလာကြောင်း။

**ပြန်လည်လက်ခံ**

ခရီးစဉ်အတွင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးတို့နှင့်တွေ့ဆုံစဉ် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်လည်ပေးပို့ခဲ့သည့် ပုံစံများသည် နှစ်ဖက်သဘောတူညီထားသည့် ပုံစံအတိုင်း ဖြည့်စွက်ထားခြင်း မရှိကြောင်းကိုလည်း ပြောကြားခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးသည် ယင်းသို့ ဖြည့်စွက်ထားခြင်း မရှိသည်ကို ယင်းအချိန်မှ သိရှိရသည့်အတွက် မြန်မာဘက်အနေဖြင့် အံ့သြရပါကြောင်း၊ နှစ်ဖက်သဘောတူညီထားသည့် ပုံစံအတိုင်း မကြာမီ ပြန်လည်ပေးပို့ပေးမည်ဟု ပြောကြားခဲ့ကြောင်း၊ ၎င်းတို့ဘက်မှ ပေးပို့သည့် ၈၀၃၂ ဦး၏ပုံစံသည် ကာယကံရှင်များ မသိရှိဘဲ ရပ်မိရပ်ဖခေါင်းဆောင်များ၏ အစီအစဉ်ဖြင့် ပေးပို့ခဲ့ခြင်းဖြစ်သည်ဟု ခရီးစဉ်အတွင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန အရာထမ်းများ၏ အလွတ်သဘော ပြောကြားမှုအရ သိရှိရကြောင်း၊ နှစ်ဖက်သဘောတူညီထားသည့် သတ်မှတ်ထားသောပုံစံတွင် ဖြည့်စွက်ရေးသည် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်နိုင်ရေးအတွက် များစွာအရေးကြီးကြောင်း၊ ကော့ခ်ဘဇားရှိ စခန်းများ၏ အနေအထားသည် လွန်စွာဆိုးရွားသည်ဟု သိရှိရကြောင်း၊ ဆောလျင်စွာ စိစစ်ပြီး ပြန်လည်လက်ခံလိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။

**တွေ့ဆုံခွင့် မရရှိခဲ့**

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ခရီးစဉ် သွားရောက်ရသည့် ရည်ရွယ်ချက်၊ ပြန်လည်လက်ခံရေးအတွက် အဆင်သင့်ရှိမှု၊ NV Card ကိုင်ဆောင်ခြင်း၏ အကျိုးရလဒ်များကို ရှင်းလင်းပြောကြား၍ ကော့ခ်ဘဇား ခရီးစဉ်အတွင်း မိမိတို့ တွေ့ဆုံရန် မေတ္တာရပ်ခံသူများနှင့် တွေ့ဆုံခွင့် မရရှိခဲ့ကြောင်း၊ နေရပ်စွန့်ခွာနေထိုင်သူများ စခန်းတွင် နေရပ်စွန့်ခွာသူအချို့နှင့် တွေ့ဆုံခဲ့ကြောင်း၊ မြန်မာစကား ကောင်းစွာပြောတတ်သူအချို့ ပါဝင်ကြောင်း၊ ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ ပုံစံဖြည့်စွက်ရမည့် အချက်အလက်များကို မသိရှိကြကြောင်း၊ မည်သူကမျှလည်း လာရောက်ပြောဆိုခြင်း မရှိဟု သိရှိရကြောင်း၊ တွေ့ဆုံသူများအားလုံးက မြန်မာနိုင်ငံသို့ ပြန်လာလိုသည်ဟု ပြောကြားကြကြောင်း၊ ဒါကာမြို့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးတို့နှင့် တွေ့ဆုံခဲ့ကြောင်း၊ ရလဒ်ကောင်းရရှိသည့် တွေ့ဆုံမှုဖြစ်ကြောင်း၊ နှစ်ဖက်သဘောတူညီထားသည့်ပုံစံဖြင့် ပေးပို့ခြင်း မဟုတ်သည်ကို နိုင်ငံခြားရေးဝန်ကြီး သိရှိသွားခဲ့ကြောင်း၊ ပုံစံအမှန်တွင် ဖြည့်စွက်၍ ဆောလျင်စွာ ပေးပို့ပေးမည်ဟု ပြောကြားခဲ့ကြောင်းဖြင့် ပြောကြားသည်။

**ပြန်လည်လက်ခံရန် အသင့်ရှိ**

UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်က မိမိတို့ သွားရောက်သည့် ကော့ခ်ဘဇား ခရီးစဉ်အတွင်း ဒါကာမြို့ရှိ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများမှ သံတမန်များ လိုက်ပါရန် စီစဉ်ခဲ့သော်လည်း လေယာဉ်လက်မှတ် အဆင်မပြေ၍ လိုက်ပါနိုင်ခြင်း မရှိခဲ့ကြောင်း၊ မိမိတို့ခရီးစဉ်၏ ရည်ရွယ်ချက်မှာလည်း ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အမြန်ဆုံး စတင်နိုင်ရေးအတွက် ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်အစိုးရမှ တာဝန်ရှိသူများ၊ နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံဆွေးနွေး ပြောကြားရန်ဖြစ်ကြောင်း၊ ပြန်လည်လက်ခံရေးအတွက် လိုအပ်သည့်ပုံစံများ ဖြည့်စွက်ရန် မသိရှိကြသည့်အချက်မှာ အံ့သြစရာဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံမှုသည် ခရီးစဉ်၏ အဓိကအရေးပါသည့် တွေ့ဆုံမှုဖြစ်ခဲ့ကြောင်း၊ မိမိအဓိကပြောကြားလိုသည်မှာ မြန်မာဘက်အနေဖြင့် ပြန်လည်လက်ခံရန် အသင့်ရှိနေပြီဖြစ်ကြောင်း၊ ပြန်လည်လက်ခံရေးအတွက်သာမက ပြန်လည်လာရောက်သူများ အသက်မွေးဝမ်းကျောင်းအတွက်လည်း ပြင်ဆင်ထားရှိပါကြောင်း၊ ခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့၏ ပြောကြားချက်များကို သတင်းမီဒီယာများက လွဲမှားစွာ



The Asahi Shinbum
သတင်းဌာနမှ မေးမြန်းစဉ်။



AFP
သတင်းဌာနမှ မေးမြန်းစဉ်။



World Street Journal မှ
မေးမြန်းစဉ်။

အဆိုပါ ဟိန္ဒူဘာသာဝင်များကို ပြန်လည်ပို့ဆောင်မည့် ပထမအသုတ်၏ နောက်ဆုံးအပိုင်းတွင်မှ ပြန်လည်ပို့ဆောင်မည်ဟု မိမိတို့အား ပြောကြားခဲ့ကြောင်း၊ သို့ဖြစ်၍ မိမိတို့ဘက်မှ စိစစ်အတည်ပြုပြီးသည့် မူဆလင် ၇၅၀ စာရင်းနှင့်အတူ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပေးပို့ခဲ့ ကြောင်း၊ မည်သည့်ပြန်ကြားချက်မျှ မရရှိသေးကြောင်း။

**ပြန်လာနိုင်ရေး**

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း သွားရောက်ခဲ့သည့် ပြည်ထဲရေးဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံခရီးစဉ်အတွင်း ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူ ၈၀၃၂ ဦးအတွက် ဖြည့်စွက်ထားသည့် ဖောင်ပုံစံများကို မြန်မာကိုယ်စားလှယ်အဖွဲ့က လက်ခံရရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အဆိုပါပုံစံများအား ချက်ချင်းစိစစ်ခဲ့ရာ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ လက်တွေ့အသုံးချအစီအစဉ် (Physical Arrangement for Repatriation of Displaced Myanmar Residents from Bangladesh) အရ နှစ်ဖက်သဘောတူညီထားသည့် ပုံစံအတိုင်း ဖြည့်စွက်ထားခြင်း မရှိသည်ကို တွေ့ရှိရကြောင်း၊ အထူးသဖြင့် အဆိုပါပုံစံများတွင် လက်မှတ်၊ လက်ဗွေရာများနှင့် သင့်လျော်ကောင်းမွန်သည့် ဓာတ်ပုံများ ပါဝင်လာခြင်း မရှိသည်ကို တွေ့ရှိရကြောင်း၊ စိစစ်ရာတွင် အခက်အခဲရှိ၍ နေရပ်စွန့်ခွာသူများက ဆန္ဒအလျောက် လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေး ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ကော့ခ်ဘဇားရှိ နေရပ်စွန့်ခွာနေထိုင်သူ စခန်းများသို့ သွားရောက်၍ ၎င်းတို့နှင့် တွေ့ဆုံကာ ပြန်လည်ဝင်ရောက်ရန် တိုက်တွန်းသွားခြင်းသည် သင့်လျော်ကောင်းမွန်သောနည်းလမ်းဟု ယူဆပါကြောင်း။

**များစွာစိတ်ပျက်မိ**

ထို့ကြောင့် ခရီးစဉ် စီစဉ်သွားရောက်ခဲ့ပါကြောင်း၊ အဆိုပါ ခရီးစဉ်တွင် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးလည်း လိုက်ပါရန် ဖိတ်ကြားခဲ့ကြောင်း၊ လိုက်ပါနိုင်ခြင်း မရှိခဲ့ကြောင်း၊ နော်ဝေသံအမတ်ကြီးသည်လည်း လိုက်ပါရန် စီစဉ်ပြီးမှ လိုက်ပါမည့် သံတမန်သည် ၎င်းတစ်ဦးတည်း ဖြစ်နေသည့်အတွက် လိုက်ပါနိုင်ခဲ့ခြင်း မရှိကြောင်း၊ ကော့ခ်ဘဇားခရီးစဉ်အတွင်း အဆိုပါ ဟိန္ဒူဘာသာဝင် ၅၀၈ ဦး၊ မူဆလင် ၇၅၀ နှင့် စိစစ်အတည်ပြုပြီးဖြစ်သော အဆိုပါ ၆၀၀ ကျော်တို့နှင့် တွေ့ဆုံရန် မေတ္တာရပ်ခံခဲ့သော်လည်း တွေ့ဆုံခွင့် မရရှိခဲ့သည့်အတွက် များစွာစိတ်ပျက်မိပါကြောင်း၊ ကိုယ်စားလှယ်အဖွဲ့ရောက်ရှိခဲ့သည့် စခန်းရှိ နေရပ်စွန့်ခွာသူများအား မြန်မာဘက်မှ ဆောင်ရွက်ထားသည့် ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံခွင့်ရရှိသူများက ၎င်းတို့အနေဖြင့် ပြန်လည်လက်ခံရေးအတွက် ဖြည့်စွက်ရမည့် မည်သည့်

**စာမျက်နှာ ၇သို့ ❑**

> “ မြန်မာစကား ကောင်းစွာပြောတတ်သူအချို့ ပါဝင်ကြောင်း၊ ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ ပုံစံဖြည့်စွက်ရမည့် အချက်အလက်များကို မသိရှိကြကြောင်း၊ မည်သူကမျှလည်း လာရောက်ပြောဆိုခြင်း မရှိဟု သိရှိရကြောင်း၊ တွေ့ဆုံသူများအားလုံးက မြန်မာနိုင်ငံသို့ ပြန်လာလိုသည်ဟု ပြောကြားကြကြောင်း၊ ဒါကာမြို့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးတို့နှင့် တွေ့ဆုံခဲ့ကြောင်း၊ ရလဒ်ကောင်းရရှိသည့် တွေ့ဆုံမှုဖြစ်ကြောင်း၊ နှစ်ဖက်သဘောတူညီထားသည့်ပုံစံဖြင့် ပေးပို့ခြင်း မဟုတ်သည်ကို နိုင်ငံခြားရေးဝန်ကြီး သိရှိသွားခဲ့ကြောင်း၊ ပုံစံအမှန်တွင် ဖြည့်စွက်၍ ဆောလျင်စွာ ပေးပို့ပေးမည်ဟု ပြောကြား ”

# နည်းပညာ အလုပ်သင်သင်တန်းသားစီမံချက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် မေ ၁၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေး၊ အလုပ်သမားနှင့် သက်သာချောင်ချိရေးဝန်ကြီးဌာနတို့အကြား နည်းပညာ အလုပ်သင်သင်တန်းသား စီမံချက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာကို မေ ၁၉ ရက်က နေပြည်တော် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် လက်မှတ်ရေးထိုးသည်။



**အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေး၊ အလုပ်သမားနှင့် သက်သာချောင်ချိရေး ဝန်ကြီးဌာနတို့အကြား နည်းပညာ အလုပ်သင်သင်တန်းသားစီမံချက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ လက်မှတ်ရေးထိုးစဉ်။**

နားလည်မှုစာချွန်လွှာကို ဂျပန်နိုင်ငံ ဝန်ကြီးဌာန သုံးခုမှ ဝန်ကြီးများက မတ် ၁၉ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ကိုယ်စားလှယ်များက သံတမန်နည်းလမ်းဖြင့် နေပြည်တော်သို့ လာရောက်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန်အလို့ငှာ နည်းပညာအလုပ်သင် သင်တန်းသားများစေလွှတ်ရန်နှင့် လက်ခံရန်၊ ဂျပန်နိုင်ငံဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဝန်ကြီးဌာနတို့အကြား ကတိကဝတ်များ ချမှတ်ခြင်းအားဖြင့် နည်းပညာအလုပ်သင် သင်တန်းသားစီမံချက်မှ တစ်ဆင့် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ အဆင်ပြေ ချောမွေ့စွာ လွှဲပြောင်းပေးနိုင်ရန် ရည်ရွယ်၍ ဤနားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းဖြစ်သည်။ ထို့အတူ မြန်မာအလုပ်သမားများကို ဂျပန်နိုင်ငံသို့ နားလည်မှုစာချွန်လွှာနှင့်အညီ စနစ်တကျ စေလွှတ်နိုင်မည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် နည်းပညာအလုပ်သင် သင်တန်းသားစီမံချက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာကို ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ လာအိုနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံတို့နှင့် လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံသည် စာချွန်လွှာ လက်မှတ်ရေးထိုးသည့် နဝမမြောက်နိုင်ငံဖြစ်သည်။

နားလည်မှုစာချွန်လွှာ ကနဦး အကောင်အထည်ဖော် ဆောင်ရွက်မှုအဖြစ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် သက်သာချောင်ချိရေးဝန်ကြီးဌာနတို့ကြား ကနဦး အစည်းအဝေး တစ်ရပ်နှင့် ဂျပန်နိုင်ငံသို့ အလုပ်သမားစေလွှတ်သည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရ အေဂျင်စီများနှင့် ဆွေးနွေးပွဲတစ်ရပ်ကို မကြာမီ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

# ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်းစခန်းများ၌ သင်္ကြန်ကာလအတွင်း ခရီးသွားများဖြင့် စည်ကား

**နေပြည်တော် မေ ၁၉**

သစ်ထုတ်လုပ်ရေးဒေသအသီးသီးရှိ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်း (ECBT) စခန်းများတွင် နှစ်သစ်ကူး သင်္ကြန်ကာလအတွင်း အပန်းဖြေအနားယူရန် ပြည်တွင်း ပြည်ပခရီးသွား ၃၁၉၀၇ ဦးဝင်ရောက်လာမှုကြောင့် စုစုပေါင်းဝင်ငွေကျပ် ၅၀၂၇၆၀၀၀ ရရှိကာ အထူးစည်ကားခဲ့ကြောင်း သိရသည်။

သင်္ကြန် ရုံးပိတ်ရက်ရှည်ရသဖြင့် ခရီးသွားအပန်းဖြေကြသည့် ပြည်တွင်းခရီးသွားများသည် ပလင်းကမ်းသာယာ၊ မုက္ခာ၊ ငလိုက်စခန်းသာ၊ ဝင်္ဘော်နှင့် ဝါးနက်ဆင်စခန်းများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဆင်စခန်း ၁၉ ခုသို့ သင်္ကြန်ကာလအတွင်း အပူရှောင်ရင်း အနားယူအပန်းဖြေကာ ဆင်စာကျွေးခြင်း၊ ဆင်ရေချခြင်းများ ပြုလုပ်ခဲ့ခြင်းဖြင့် နှစ်သစ်ကိုပျော်ရွှင်စွာ ဖြတ်သန်းကြကြောင်း သိရသည်။

**သတင်းစဉ်**



❑ စာမျက်နှာ ၆ မှ

ဖော်ပြခဲ့မှုများရှိကြောင်း၊ သတင်းမီဒီယာ၏ ပူးပေါင်းဆောင်ရွက်မှုမှာ အရေးကြီးပါကြောင်း၊ ကိုယ်စားလှယ်အဖွဲ့အနေဖြင့် နေရပ်စွန့်ခွာသွားသူများက ၎င်းတို့ဆန္ဒအလျောက်၊ လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ ပြန်လည်လက်ခံနိုင်ရေးအတွက် စိတ်ရင်းအမှန်ဖြင့် ကြိုဆိုခဲ့ပါကြောင်း၊ ပြန်လည်လာရောက်မည့်သူများကို ကြိုဆိုပါကြောင်း၊ ပြန်လည်လက်ခံရန် အသင့်ရှိပြီဖြစ်ပါကြောင်း ပြောကြားသည်။

**တွေ့ဆုံခဲ့ရခြင်း မရှိ**

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်နှင့် ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးတင်မြင့်၊ ဦးသန်းလွင်၊ ဒေါက်တာလှထွန်းတို့က ခရီးစဉ်နှင့်ပတ်သက်၍ ၎င်းတို့၏ အတွေ့အကြုံများကို ရှင်းလင်းပြောကြားရာ မိုးရာသီ ရောက်တော့မည်ဖြစ်၍ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ် စတင်နိုင်ရန် အရေးကြီးကြောင်း၊ ခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ ပြန်လည်လာရောက်ရေးအတွက် ရှင်းလင်းပြောကြားရန်ဖြစ်ကြောင်း၊ ဘာသာရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရန် မေတ္တာရပ်ခံခဲ့သော်လည်း တွေ့ဆုံခဲ့ရခြင်း မရှိပါကြောင်း၊ သတ်မှတ်ထားသည့် ပုံစံများတွင် ဖြည့်စွက်၍ ပေးပို့ပေးရေးအတွက် ကူညီပေးရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ကော့ခ်ဘဇားရောက်ရှိနေသည့် ဟိန္ဒူများနှင့် တွေ့ဆုံရန် မေတ္တာရပ်ခံခဲ့သော်လည်း ၎င်းတို့ နေရာသည် ဝေးလံသည့်အတွက် စီစဉ်ပေးနိုင်ခြင်း မရှိဟု တစ်ဖက်မှ ပြောကြားခဲ့ကြောင်း၊ ပြီးမှ ပြန်လည် သိရှိရသည်မှာ မိမိတို့ သွားရောက်ခဲ့သည့် စခန်းမရောက်မီ ၎င်းတို့ နေထိုင်သည့်စခန်းရှိသည်ဟု သိရှိရ၍ မတွေ့ဆုံနိုင်ခဲ့သည်ကို လွန်စွာ ယူကျုံးမရဖြစ်မိကြောင်း၊ ၎င်းတို့အနေဖြင့် ပုံစံများ ဖြည့်စွက်ရန်အတွက် ပုံစံလာရောက်ပေးခြင်း မရှိသေးကြောင်း၊ မြန်မာဘက်မှလည်း လက်ခံရန် အသင့်ရှိနေသည့်အတွက် ဟိန္ဒူဘာသာဝင်များ အမြန်ဆုံး ပြန်လာရေးအတွက် ကူညီဆောင်ရွက်ပေးရန် ဘင်္ဂလားဒေ့ရှ်အစိုးရ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများကို မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။



ဒေါက်တာ ဒေါ်သက်သက်ဇင်



ဦးသန်းလွင်

သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသူများက မေးမြန်းလာသည့် မေးခွန်းများအပေါ် ကိုယ်စားလှယ်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**လက်ခံရန် အသင့်ရှိ**

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် တက်ရောက်လာသူများအား ကျေးဇူးတင်ရှိပါကြောင်း၊ ၂၅-၈-၂၀၁၇ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ယင်းဖြစ်စဉ်များ ဖြစ်ပွားခဲ့ကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အမြန်ဆုံး စတင်လိုပါကြောင်း၊ နှစ်နိုင်ငံအကြား ပြန်လည်လက်ခံရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီး ဖြစ်ကြောင်း၊ ယင်းသဘောတူညီချက်နှင့်အညီ ပြန်လည်လက်ခံရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဆန္ဒအလျောက် လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ ပြန်လည်လာရောက်ရေးမှုနှင့်အညီ မြန်မာဘက်အနေဖြင့် ၎င်းတို့ဆန္ဒအလျောက်၊ ပြန်လည်လာရောက်မည့်သူများကို လက်ခံရန် အသင့်ရှိကြောင်း၊ ပြန်လည်လာရောက်လိုသူများကို ပြန်လည်လာရောက်ခွင့်ပြုသင့်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

**သတင်းစဉ်**



Reuters
သတင်းဌာနမှ မေးမြန်းစဉ်။



NIKKEI
သတင်းဌာနမှ မေးမြန်းစဉ်။



Frontier Myanmar မှ
မေးမြန်းစဉ်။

**“ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အမြန်ဆုံး စတင်လို၊ နှစ်နိုင်ငံအကြား ပြန်လည်လက်ခံရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးဖြစ်၊ ယင်းသဘောတူညီချက်နှင့်အညီ ပြန်လည်လက်ခံရေးကို ဆောင်ရွက်လျက်ရှိ၊ မိမိတို့ဆန္ဒအလျောက် လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ ပြန်လည်လာရောက်ရေးမှုနှင့်အညီ မြန်မာဘက်အနေဖြင့် ၎င်းတို့ဆန္ဒအလျောက် ပြန်လည်လာရောက်မည့်သူများကို လက်ခံရန် အသင့်ရှိ၊ ပြန်လည်လာရောက်လိုသူများကို ပြန်လည်လာရောက်ခွင့်ပြုသင့် ”**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုတို့ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုတို့ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။

**❂ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ** ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့တက်ရောက်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုက ခရီးဦးကြိုဆို နှုတ်ဆက်သည်။

ရှေးဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများ တီးမှုတ်၍ အလေးပြုသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုနှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗီယက်နမ်ဝန်ကြီးချုပ်တို့သည် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ အစိုးရအဖွဲ့ဝင်များအား အပြန်အလှန်မိတ်ဆက်ပေးကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် နှစ်နိုင်ငံဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် သမ္မတ ဟိုချီမင်းလက်ထက်တွင် စတင်သန္ဓေတည်ခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များအဆက်ဆက်နှင့် ပြည်သူများမှ လက်ဆင့်ကမ်းခဲ့ကြသော မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာနေထိုင်ခဲ့ကြသည့် အစဉ်အလာနှင့် အတူတကွပူးပေါင်းဆောင်ရွက်မှုများကို လည်းကောင်း၊ လွန်ခဲ့သည့်နှစ်များအတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးတွင် အပြုသဘောဆောင်သော တိုးတက်မှုများ အထူးသဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် နှစ်နိုင်ငံ ဆက်ဆံရေးကို ဘက်စုံပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်နိုင်ခဲ့ခြင်းကိုလည်းကောင်း သုံးသပ်ပြောကြားခဲ့ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ စွမ်းအင်နှင့် ဆက်သွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ပညာရေးစသည့်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ပြည်သူများအကြား အပြန်အလှန် ထိတွေ့ဖလှယ်ရေးနှင့် ဒေသတွင်းနှင့် **စာမျက်နှာ ၉ သို့** »»





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Dang Dinh Quy နှင့် တာဝန်ရှိသူများ ကြိုဆိုနှုတ်ဆက်ကြစဉ်။



## နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်တို့ရှေ့မှောက်၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဖန်းသမ်းတို့ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား စာတိုက်၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို အပြန်အလှန် လက်မှတ်ရေးထိုးကြစဉ်။**

»»» **စာမျက်နှာ ၈ မှ**

နိုင်ငံတကာအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်သည်။

လက်မှတ်ရေးထိုးပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်တို့ရှေ့မှောက်၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဖန်းသမ်းတို့က မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား စာတိုက်၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဖန်းသမ်းတို့က နှစ်နိုင်ငံအကြား ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း အပြန်အလှန် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် International Conference Center ၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရာ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်သည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်နိုင်ငံ အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

ညစာစားပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုနှုတ်ခွန်းဆက်စကားများပြောကြားကြပြီး ညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ အနုပညာရှင်များက တေးဂီတများဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အနုပညာရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**သတင်းစဉ်**

# E-Commerce Week- 2018 သို့ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့်အဖွဲ့ တက်ရောက်

**နေပြည်တော် ဧပြီ ၁၉**

ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သော UNCTAD အဖွဲ့ရုံးက ကြီးမှူးကျင်းပသည့် အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ခြင်းဆိုင်ရာ E-Commerce Week ဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ရှိ UNCTAD အဖွဲ့ရုံးတွင် ဧပြီ ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိသည်။ E-Commerce Week - 2018 ဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်မှစတင်၍ နှစ်စဉ် ကျင်းပခဲ့ရာ ယခုအခါ (၄)ကြိမ်မြောက် ဆွေးနွေးပွဲဖြစ်သည်။

ယခုနှစ်တွင်ကျင်းပသော E-Commerce Week ဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်မှာ Digital Platform ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတိုင်းအတာနှင့်ပတ်သက်၍ ဘက်စုံအမြင်ဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးသွားရန် ဖြစ်သည်။ ငါးရက်ကြာကျင်းပသည့် E-Commerce Week ဆွေးနွေးပွဲ၌ ဝန်ကြီးအဆင့်စားပွဲဝိုင်းဆွေးနွေးပွဲများ၊ မျက်နှာစုံညီဆွေးနွေးပွဲများနှင့် ဆက်စပ်အစည်းအဝေးများ စုစုပေါင်း ၆၅ ခု ကျင်းပခဲ့သည်။ ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့်အဖွဲ့၊ ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး ဦးထင်လင်းနှင့် ဘာသာရပ်တာဝန်ခံများပါဝင်သောအဖွဲ့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဧပြီ ၁၆ ရက်တွင် E-Trade Readiness Assessments in LDCs: from Recommendations to Actions ခေါင်းစဉ်ဖြင့်ကျင်းပသည့် Plenary Session နှင့် ဧပြီ ၁၇ ရက်တွင် Advancing Women's Digital Opportunities ခေါင်းစဉ်ဖြင့် ကျင်းပသည့် Ministerial Roundtable ဆွေးနွေးပွဲတို့တွင် အဓိကဆွေးနွေးသူ တစ်ဦးအနေဖြင့် တက်ရောက်ဆွေးနွေးခဲ့ပြီး လိုက်ဘေးရီးယား၊ ကမ္ဘောဒီးယား၊ လာအို၊ ပါကစ္စတန်၊ ဆီနီဂေါ၊ ဂျာမနီ၊ ဆွီဒင်၊ ဂျပန်စသောနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကုန်သွယ်ရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများလည်း ပါဝင်ဆွေးနွေးခဲ့သည်။

ထို့အပြင် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းသည် ဧပြီ ၁၇ ရက်တွင် Towards an ASEAN Agreement on E-Commerce ခေါင်းစဉ်ဖြင့် အာဆီယံအဖွဲ့က ဦးဆောင်ကျင်းပသော Plenary Session တွင် အာဆီယံအဖွဲ့ ကိုယ်စားလှယ်များနှင့်အတူ အဓိကဆွေးနွေးသူအဖြစ် ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ၏ E-Commerce ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ Myanmar Rapid e-Trade Readiness Assessment Report ကို UNCTAD မှ ဧပြီ ၁၆ ရက်တွင် E-Trade Readiness Assessments in LDCs: from Recommendations to Actions ခေါင်းစဉ်ဖြင့်ကျင်းပသည့် Plenary Session အတွင်း တရားဝင်စတင်ထုတ်ပြန်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဆွေးနွေးပွဲကာလအတွင်း UNCTAD အဖွဲ့ရုံး၏ အထွေထွေအတွင်းရေးမှူးချုပ် Dr. Mukhisa Kituyi နှင့် သီးသန့်တွေ့ဆုံကာ မြန်မာနိုင်ငံ၏ E-Commerce ဆိုင်ရာလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ရှင်းလင်းဆွေးနွေးခဲ့ရာ UNCTAD အဖွဲ့ရုံး၏ အထွေထွေအတွင်းရေးမှူးချုပ်က ဆက်လက်ပံ့ပိုးကူညီပေးသွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းအသိပေး ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆွေးနွေးပွဲကာလအတွင်း ဂျပန်၊ ဆွီဒင်၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုစင်တာ (ITC)၊ ကမ္ဘာ့ဘဏ်၊ USAID နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီပေးမှုအစီအစဉ်(EIF)တို့မှ ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ E-Commerce လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ကူညီပံ့ပိုးမှုများအပါအဝင် ပိုမိုတိုးတက်ပူးပေါင်း ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ဂျပန်နိုင်ငံမှ ဒီဇိုင်နာ Mrs. Junko Koshino နှင့် အဖွဲ့အား တွေ့ဆုံ၍ ခရီးသွားသံတမန် ခန့်အပ်လွှာပေးအပ်



**နေပြည်တော် မေ ၁၉**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် မေ ၁၇ ရက်တွင် ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ဒေသသို့ ကြည့်ရှုလေ့လာရန် ရောက်ရှိလျက်ရှိသော ဂျပန်နိုင်ငံမှ ဒီဇိုင်နာ Mrs. Junko Koshino နှင့်အဖွဲ့အား တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး အင်းလေးကန်နှင့် ပတ်ဝန်းကျင်ရှိ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်သည့် နေရာများသို့ လှည့်လည်ကြည့်ရှုကာ ဂျပန်ခရီးသွားများ အင်းလေးဒေသသို့ ပိုမိုလာရောက်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက Mrs. Junko Koshino အား ခရီးသွားသံတမန်အဖြစ် ခန့်အပ်လွှာပေးအပ်ခဲ့သည်။

အဆိုပါဒီဇိုင်နာ Mrs. Junko Koshino နှင့်အဖွဲ့သည် မြန်မာ-ဂျပန် နှစ်နိုင်ငံခရီးသွားမြှင့်တင်ရေး ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသို့ မေ ၁၅ ရက်တွင် ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံရှိ အဓိက ခရီးစဉ်ဒေသများသို့ သွားရောက်၍ ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဂျပန်ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၆ ရက်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှိ မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် မြန်မာ့ရိုးရာရေသဘင်ပွဲကို ပါဝင်ဆင်နွှဲခဲ့ပြီး မင်္ဂလာပါ Bus ဖြင့် ရန်ကုန်ကန်တော်ကြီးသို့ လည်ပတ်၍ ရေပက်ခံထွက်ခဲ့ကြသည်။ မေ ၁၇ ရက်တွင် အင်းလေးပတ်ဝန်းကျင်ဒေသသို့ လည်းကောင်း၊ မေ ၁၈ ရက်တွင် ပုဂံမြို့ပတ်ဝန်းကျင်သို့လည်းကောင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် လေ့လာခဲ့ကြသည်။

အဆိုပါ ဂျပန်ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဂျပန်နိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဒက္ခိဏခရိုင် အခြေခံပညာမူလတန်း ဒုတိယတန်း(သင်ရိုးသစ်)မြို့နယ်အဆင့် နည်းပြသင်တန်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင်တွင် ကျင်းပသော အခြေခံပညာမူလတန်း ဒုတိယတန်း(သင်ရိုးသစ်) မြို့နယ်အဆင့် နည်းပြသင်တန်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းရှိ ဇမ္ဗူရွှေကြာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ ပထမတန်း ကျောင်းသား ကျောင်းသူများက မနောမြေမှတေးသံသာ သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာတွင် ဦးစားပေးလုပ်ငန်းစဉ်(၁၂)ရပ်ကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကာယဖွံ့ဖြိုးမှု၊ ဉာဏဖွံ့ဖြိုးမှုအရ ကျောင်းနေသည့်အခါ အဆင်သင့်ဖြစ်ရန် နိုင်ငံတိုင်း ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်၍ (၅) နှစ်အရွယ်ကလေးတိုင်းကို KG တန်းတွင် သင်ရိုးသစ်ဖြင့် သင်ကြားသည့်အတွက် ကျောင်းနေပျော်ပြီး ဆရာ ဆရာမများနှင့် ရင်းနှီးမှုများရှိလာကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲနေသော ကာလတစ်လျှောက်လုံးတွင် ဆရာ ဆရာမများက ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း၊ ကျောင်းများတွင် စာများကိုသာသင်နေခြင်းမှ ကလေးများ ကျောင်းနေပျော်အောင်၊ စာများများဖတ်အောင်၊ ကာယကြံ့ခိုင်ရေး လေ့ကျင့်ခန်းလုပ်နိုင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့ရည်မှန်းထားသည့်အတိုင်း လူသားကောင်းများဖြစ်ရန်၊ တာဝန်ယူတာဝန်ခံတတ်သူများဖြစ်ရန်၊ ပူးပေါင်းဆောင်ရွက်တတ်သူများဖြစ်ရန်၊ တီထွင်ဆန်းသစ်သူများဖြစ်ရန် ပြုစုပျိုးထောင်ပေးရန်ဖြစ်ကြောင်း၊ မူလတန်းပညာသင်ယူနေသော ကျောင်းသား ကျောင်းသူအားလုံး မူလတန်းပညာသင်ယူပြီးမြောက်ရန်၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နိုင်ရေးအတွက် အသက်မှန်၊ အတန်းမှန် ကျောင်းသို့ ရောက်ရှိရေးသည် မြန်မာနိုင်ငံ၏ပညာရေးမှာ အရေးကြီးပါကြောင်း၊ ကျောင်းအပ်နှံရေးသီတင်းပတ်ဆောင်ရွက်ရာတွင် မည်သည့်အခကြေးငွေများ ကောက်ခံခြင်းမရှိရန်၊ မည်သည့်လက်ဆောင်ပစ္စည်းများ လက်ခံခြင်းမရှိရန်၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်မထားရန်၊ ကျောင်းထွက်သူ မရှိရန်၊ မည်သည့်ခွဲခြားမှုမျှ မရှိရန်၊ ကျောင်းထွက်နှုန်းမရှိရန် အရေးကြီးကြောင်း၊ ကျောင်းများသည် ပြီးပြည့်စုံရန်အတွက် စာသင်ခန်းများ၊ ဆရာ ဆရာမများ၊ စာသင်ခုံများ၊ Blackboard များ၊ သင်ထောက်ကူများ၊ စာကြည့်တိုက်များ၊ သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်များ၊ သင်ယူမှုဝန်းကျင်ကောင်းများ ရှိရန်လိုအပ်ပါကြောင်း၊ ပညာရေးစနစ်ကြီးတစ်ခုလုံး အောင်မြင်ရန်အတွက် မူလတန်းပညာရေးသည် အရေးကြီးပါကြောင်း၊ ဆရာ ဆရာမအနေဖြင့် မူလတန်းပညာရေးတွင် Grade 1, Grade 2, Grade 3 အတန်းများ၌ ကျောင်းသား ကျောင်းသူအားလုံး အရေး အဖတ် အတွက်များ ကျွမ်းကျင်အောင် သင်ကြားပေးရန် လိုအပ်ပါကြောင်း၊ ယခုသင်တန်းသည် ဆရာကြီး ဆရာမကြီးများအတွက်၊ နိုင်ငံအတွက်၊ ပညာရေးဝန်ကြီးဌာနအတွက် အင်မတန်မှ ဂုဏ်ယူစရာကောင်းသော သင်တန်းဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။



ထို့နောက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဒေါက်တာဇော်ဝင်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မူလွန်(၃)မှ ဆဋ္ဌမတန်းကျောင်းသူ မထက်ရတီအောင်က တစ်ပင်တိုင်အကဖြင့် လည်းကောင်း၊ အထက(ခွဲ)အလက(၃)မှ ကျောင်းသား ကျောင်းသူများက နှစ်ကူးသက်သေသင်္ကြန်အကဖြင့် လည်းကောင်း ကပြဖျော်ဖြေကြသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါ မြို့နယ်အဆင့်နည်းပြသင်တန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ခရိုင်အသီးသီးတွင် တစ်ပြိုင်တည်းဖွင့်လှစ်နေခြင်းဖြစ်ပြီး သင်တန်းကာလမှာ မေ ၁၉ ရက်မှ မေ ၅ ရက်ထိဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁၉

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၂ ဒီဂရီ စင်တီဂရိတ်လျော့နည်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့နှင့် ပေါက်မြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီနှင့် ဘော်လခဲမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ပေါင်မြို့တွင် ၂ ဒသမ ၅၂ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ပူတာအိုမြို့တွင် သုည ဒသမ ၇၉ လက်မ၊ မော်ဘီမြို့နှင့် သထုံမြို့တို့တွင် သုည ဒသမ ၆၇ လက်မစီ၊ နောင်ချိုမြို့နှင့် ကျိုက်မရောမြို့တို့တွင် သုည ဒသမ ၆၃ လက်မစီ၊ ကျောက်မဲမြို့တွင် သုည ဒသမ ၅၉ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် သုည ဒသမ ၅၈ လက်မ၊ ဇန်းမော်မြို့တွင် သုည ဒသမ ၅၁ လက်မနှင့် ဟုမ္မလင်းမြို့တွင် သုည ဒသမ ၃၉ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။


## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေးငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ ၂၄ နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**၀၆၇- ၄၀၄၂၂၂၊ ၀၆၇- ၄၀၄၉၉၉**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

## ဂရုစိုက်၍ လိုက်နာပါ

### ဆောင်ရန်များ

၁။ ခန္ဓာကိုယ်အတွင်း ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည်(ORS)ကို လုံလောက်အောင် သောက်သုံးပါ။

၂။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ပါ၊ သနပ်ခါး လိမ်းပါ။

# အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် မြန်မာအသင်း မေ ၂၀ ရက်တွင် ပြန်လည်လေ့ကျင့်မည်

**ရန်ကုန် မေ ၁၉**
သင်္ကြန်ကာလကြောင့် လေ့ကျင့်မှုရပ်နားထားသည့် မြန်မာအမျိုးသမီးအသင်းသည် မေ ၂၀ ရက်တွင် ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် သင်္ကြန်မတိုင်မီက ကစားသမားအချို့ အပြောင်းအလဲပြုလုပ်ခဲ့သော်လည်း ၂၆ ဦးဖြင့် ဆက်လက်လေ့ကျင့်မည်ဖြစ်ပြီး ပြိုင်ပွဲနီးမှသာ အပြီးသတ်လူရွေးချယ်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်း ယှဉ်ပြိုင်မည့် ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နှစ်လနီးပါးလိုသေးသောကြောင့် ခြေစမ်းပွဲများ တောက်လျှောက်ကစားကာ ပြင်ဆင်မှုများပြုလုပ်မည်ဖြစ်ပြီး ဇွန်လတွင် နိုင်ငံတကာခြေစမ်းပွဲများ စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပြည်တွင်းခြေစမ်းခရီးစဉ်မသွားရောက်မီ ရန်ကုန်မြို့၌ ခြေစမ်းပွဲကစားမည်ဖြစ်ပြီး မေ ၁၁ ရက်မှ ၂၂ ရက်အထိ တောင်ကြီးနှင့် မန္တလေးမြို့သို့ သွားရောက်ကာ လူငယ်အမျိုးသားအသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြည်တွင်းခရီးစဉ်ပြီးဆုံးပါက မြန်မာအမျိုးသမီးအသင်းသည် ရန်ကုန်မြို့၌ ပြန်လည်လေ့ကျင့်မည်ဖြစ်ပြီး ဇွန်လပထမပတ်တွင် ထိုင်းနိုင်ငံသို့ သွားရောက်ကာ ထိုင်းလက်ရွေးစင်အသင်း အပါအဝင် ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ထို့ပြင် ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံသို့ ကြိုတင်သွားရောက်မည်ဖြစ်ပြီး အိမ်ရှင်အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားရန် စီစဉ်ထားကြောင်း သိရသည်။ မြန်မာအမျိုးသမီးအသင်းသည် လက်ရှိအချိန်အထိ ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားထားပြီး တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားသည်။

မြန်မာအမျိုးသမီးအသင်းတွင် နည်းပြချုပ်အဖြစ် ဦးဝင်းသူမိုး၊ လက်ထောက်နည်းပြများအဖြစ် ဦးခင်မောင်ထွေး၊ ဒေါ်ဇင်မာဝမ်း၊ ဂိုးနည်းပြအဖြစ် ဦးမြကိုမင်း၊ အားကစားသမားများအဖြစ် ဂိုး-ဇာဇာမြင့်၊ သင်းသင်းစိုး၊ မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ နောက်တန်း-ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ ဇွန်ယုယဦး၊ ခင်မျိုးဝင်း၊ ယမင်းလွင်၊ အလယ်တန်း-ခင်မာလာထွန်း၊ သင်းသင်းယု၊ ရူပါခိုင်၊ ခင်မိုမိုထွန်း၊ နော်အားလိုဝါးဖော၊ သန္တာမိုး၊ သန်းသန်းထွေး၊ ရှေ့တန်း-နုနု၊ ရီရီဦး၊ ဝင်းသိင်္ဂီထွန်း၊ ဂျူလိုင်ကျော်၊ ခင်မိုးဝေ၊ နီလာဝင်းတို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု(ခ)၌ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



လိဒ်ယူနိုက်တက်နှင့် ခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင်အသင်း။

# အင်္ဂလန်လိဂ်ချန်ပီယံရှစ်ကလပ် လိဒ်ယူနိုက်တက်အသင်း မြန်မာနိုင်ငံသို့ လာရောက်မည်

**ရန်ကုန် မေ ၁၉**
မြန်မာဘောလုံးပရိသတ်နှင့် ရင်းနှီးကျွမ်းဝင်ပြီးသည့် အသင်းတစ်သင်းဖြစ်သည့် အင်္ဂလန်ကလပ် လိဒ်ယူနိုက်တက်အသင်းသည် မြန်မာနိုင်ငံသို့လာရောက်၍ မြန်မာ့လက်ရွေးစင်အသင်း၊ MNL All Star အသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲဖြစ်မြောက်ရေးအတွက် AYA Bank က စီစဉ်ခြင်းဖြစ်ပြီး AYA Bank Tour 2018 အမည်ဖြင့် ကျင်းပမည်ဖြစ်သည်။ လိဒ်ယူနိုက်တက်အသင်းသည် မေ ၇ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ပြီး မေ ၉ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ MNL All Star အသင်း၊ မေ ၁၁ ရက်တွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ မြန်မာ့လက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လိဒ်ယူနိုက်တက်အသင်းသည် ၂၀၁၇-၂၀၁၈ ရာသီ အင်္ဂလန်လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲ နောက်ဆုံးပွဲအဖြစ် မေ ၆ ရက်တွင် QPR အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ယင်းပွဲအပြီးနောက်ရက်တွင် မန်ချက်စတာမြို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်သည်။ ခြေစမ်းပွဲနှစ်ပွဲစလုံးကို ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဝင်ကြေးအဖြစ် ငွေကျပ် ၄၀၀၀၊ ၃၀၀၀၊ ၂၀၀၀ သတ်မှတ်ထားသည်။

လိဒ်ယူနိုက်တက်အသင်းသည် လက်ရှိတွင် အင်္ဂလန်ပထမတန်းပြိုင်ပွဲဖြစ်သည့် လိဂ်ချန်ပီယံရှစ်တွင် ပါဝင်ကစားနေပြီး ပွဲစဉ်(၄၃)အပြီးတွင် ၅၄ မှတ်ဖြင့် အဆင့်(၁၄)နေရာတွင် ရပ်တည်နေသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ခြေစမ်းပွဲလာရောက်ကစားမည့် လိဒ်ယူနိုက်တက်အသင်း၏ ကုန်ကျစရိတ်အားလုံးကို အကုန်အကျခံ ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ခြေစမ်းပွဲနှင့်ပတ်သက်သည့် အသေးစိတ်အစီအစဉ်များကို ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်သည်။ လက်ရှိတွင် ခြေစမ်းပွဲကစားမည့် MNL All Star အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းကို ဖွဲ့စည်းရခြင်းမရှိသေးဘဲ အသင်းဖွဲ့စည်းရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းအတွက် ခြေစမ်းပွဲမတိုင်မီ နည်းပြချုပ်တစ်ဦးခန့်အပ်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး MNL All Star အသင်းတွင် နိုင်ငံခြားသား ကစားသမားအချို့ရွေးချယ်ရန် စီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး မြန်မာ့ဘောလုံးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်နှင့် မြန်မာဘောလုံးပရိသတ်များ ဘောလုံးပွဲကောင်းများ ကြည့်ရှုခံစားနိုင်ရန် လိဒ်ယူနိုက်တက်အသင်းအား မြန်မာနိုင်ငံသို့ ခြေစမ်းပွဲကစားရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



မြန်မာအမျိုးသမီးအသင်း တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်း။

# (၃၆)ကြိမ်မြောက် ဇီဝိတဒါန ဘေးမဲ့ပေးမည့်နွားများအား မြို့တွင်းသို့ လှည့်လည်ပြသ

**မုံရွာ မေ ၁၉**
ချမ်းသာကြီးမြတ်စွာဘုရားဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၃၆)ကြိမ်မြောက် ဇီဝိတဒါန နွားဘေးမဲ့ ပွဲတော်တွင် အသက်ကယ်တင်ရရှိသောနွားများအား မြို့တွင်းသို့ လှည့်လည်ပြသခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အလယ်ရပ်ကွက် ချမ်းသာကြီးမြတ်စွာဘုရား၌ မေ ၁၉ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ ချမ်းသာကြီးမြတ်စွာဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အတွင်းမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များဖြင့် မုံရွာမြို့တွင်းသို့ လှည့်လည်ပြသခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင်ကျင်းပသည့် (၃၆)ကြိမ်မြောက် နွားဘေးမဲ့ပွဲတော်တွင် ချမ်းသာကြီးမြတ်စွာဘုရားဂေါပကအဖွဲ့က ဦးစီးပြီး မုံရွာမြို့နယ်နှင့် အနယ်နယ်အရပ်ရပ်မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၂၀ ဖြင့် ကယ်တင်ရရှိသည့် နွား ၂၄ ကောင်အား မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆည်တော်ကြီးကျေးရွာ ဘေးမဲ့ခြံသို့ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“အခုနှစ် နွားဘေးမဲ့ပွဲတော်မှာ ကျွန်တော်တို့ ဂေါပကအဖွဲ့နဲ့ မုံရွာမြို့ပေါ်ရပ်ကွက်တွေနဲ့ ရပ်နီးရပ်ဝေးက အလှူရှင်တွေ စုပေါင်းပါဝင်တဲ့အလှူငွေတွေနဲ့ ကျင်းပတာပါ၊ နွားဘေးမဲ့ခြံရဲ့ နွားအကောင်ရေ ကန့်သတ်ပေးထားလို့ တစ်ဦးချင်းအလှူရှင်တွေကိုတော့ ခွင့်မပြုနိုင်တဲ့အတွက် မပါဝင်ပါဘူး၊ နှစ်စဉ် ကျင်းပလာတာ အခုနှစ်မှာတော့ (၃၆)ကြိမ်မြောက် ရှိပါပြီ၊ စုပေါင်းပါဝင်မှုတွေကလည်း များလာတဲ့အတွက် နှစ်စဉ်နှစ်တိုင်းမှာ အကောင်ရေ တိုးပြီးလှူဒါန်းနိုင်ပါတယ်၊ ဒီနေ့မှာတော့ လှူဒါန်းတဲ့ နွားတွေကို မြို့ထဲကို လှည့်လည်ပြသတာပါ၊ ပြီးရင် ဘေးမဲ့ခြံကို ပို့ဆောင်ပေးမှာပါ”ဟု ချမ်းသာကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူး ဦးတင့်လွင်က ပြောသည်။

ချမ်းသာကြီးမြတ်စွာဘုရားဂေါပကအဖွဲ့က ကြီးမှူးပြီး ၁၃၄၅ ခုနှစ်မှစတင်၍ တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပခဲ့ရာ ပထမအကြိမ်မှ (၁၃)ကြိမ်မြောက်အထိ ကျွဲ၊ နွား၊ ဆိတ် ၂၅၈ ကောင်အား မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ တံခွန်တိုင်နွားဘေးမဲ့ခြံသို့ လည်းကောင်း၊ (၁၄)ကြိမ်မှ (၁၇)ကြိမ်အထိ နွား ၄၅ ကောင်အား ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ခမည်းပြင် ဘိုးဘိုးကြီးနွားဘေးမဲ့ခြံသို့ လည်းကောင်း၊ (၁၈)ကြိမ်မှ (၁၉)ကြိမ်အထိ နွား ၂၅ ကောင်အား မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ပွေးတောင်သျှိကစ္စနားနွားဘေးမဲ့ခြံသို့ လည်းကောင်း၊ (၂၀)ကြိမ်မှ (၂၅)ကြိမ်အထိ နွား ၁၀၁ ကောင်အား ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် သုံးဆယ်ရွာ လော့ခူးသက်ရှည်မြိုင် နွားဘေးမဲ့ခြံသို့လည်းကောင်း၊ (၂၆)ကြိမ်မှ (၂၈)ကြိမ်အထိ နွား ၅၄ ကောင်အား ပဲခူးတိုင်းဒေသကြီး ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ နွားဘေးမဲ့ခြံသို့ လည်းကောင်း၊ (၂၉)ကြိမ်မှ (၃၀)ကြိမ်အထိ နွား ၃၉ ကောင်အား ရန်ကုန်မြို့ ဂျူဗလီ၊ ပန်ဂျရာပို(လ်)စိုဆိုက်တီး ဟိန္ဒူဘာသာရေး ဂေါသာလနွားဘေးမဲ့ခြံသို့ လည်းကောင်း၊ (၃၁)ကြိမ်မြောက်တွင် နွားအကောင် ၂၀ အား မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ပန်းတိုင်ခြုံကျေးရွာ မေတ္တာစိမ့်စမ်းဘေးမဲ့ဥယျာဉ်သို့ လည်းကောင်း၊ (၃၂)ကြိမ်မြောက်တွင် နွား အကောင် ၃၀ အား မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ တောင်စလင်းတိုက် ဘဒ္ဒန္တ တိက္ခ ဦးစီးဖွင့်လှစ်သည့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဗောဓိငါးထောင် ဘေးမဲ့ခြံသို့ လည်းကောင်း၊ (၃၃)ကြိမ်မြောက်တွင် နွား ၄၇ ကောင်အား မန္တလေးမြို့ တောင်စလင်းတိုက် ဘဒ္ဒန္တ တိက္ခ ဦးစီးဖွင့်လှစ်သည့် ပုသိမ်ကြီးမြို့နယ် ဆည်တော်လေး ဘေးမဲ့ခြံသို့လည်းကောင်း၊ (၃၄)ကြိမ်မြောက်တွင် နွား ၈၂ ကောင်အား မန္တလေးမြို့ တောင်စလင်းတိုက် ဘဒ္ဒန္တ တိက္ခ ဦးစီးဖွင့်လှစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းကွဲကျေးရွာ ဦးမှတ်ဘေးမဲ့ခြံသို့ လည်းကောင်း၊ (၃၅)ကြိမ်မြောက်တွင် နွား ၆၃ ကောင်အား မန္တလေးမြို့ တောင်စလင်းတိုက် ဘဒ္ဒန္တ တိက္ခ ဦးစီးဖွင့်လှစ်သည့် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ဇရပ်ကွင်းကျေးရွာ ငွေဖြူတောင် ဘုန်းတော်ကြီးကျောင်းတိုက် ဘေးမဲ့ခြံသို့ လည်းကောင်း ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် ယခုနှစ်တွင် ကယ်တင်ရရှိသောနွားများကို မန္တလေးမြို့ တောင်စလင်းတိုက် ဘဒ္ဒန္တ တိက္ခ ဦးစီးဖွင့်လှစ်သည့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆည်တော်ကြီးကျေးရွာ ဘေးမဲ့ခြံသို့ လည်းကောင်း ပို့ဆောင်ပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။



**ဝင်းဦး(ဇေယျာတိုင်း)**



# လွိုင်လင်မြို့ မြကန်သာရေကန်အနီး ရှမ်းဇာတ်အဖွဲ့ယာဉ် တိမ်းမှောက်

**လွိုင်လင် မေ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ မြကန်သာရေကန်အနီး၌ ယနေ့ညနေ ၄ နာရီခွဲခန့်က ရှမ်းဇာတ်အဖွဲ့ မော်တော်ယာဉ် တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရှမ်းဇာတ်အဖွဲ့ မော်တော်ယာဉ် တိမ်းမှောက်မှုဖြစ်စဉ်တွင် ယာဉ်ပေါ်ပါလာသူ ၁၈ ဦး ဒဏ်ရာရရှိပြီး အသေအပျောက်မရှိကြောင်းနှင့် စိုးရိမ်လူနာ ခုနစ်ဦးအား တောင်ကြီးစဝ်စံထွန်းဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်တွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းအေးဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်သောင်း၊ လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅၄ စီး၊ သွင်းကုန် ၅၂၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ခြောက်စီး၊ သွင်းကုန် ၁၈ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅ ဒသမ ၇၄ သန်းခန့်) သိမ်းဆည်းရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၈ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့တို့သို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင် ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်၏အောက်ကြမ်းခင်းတွင် အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် MI 32" TV ၁၇ လုံး၊ MI 50" TV သုံးလုံး၊ Home Theater ၃၄ လုံး၊ Phone Charger အခု ၂၈၀၊ MI Note 3 Handset ၉၄ လုံးနှင့် Red MI Handset ၈၉၅ လုံး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅ ဒသမ ၇၄ သန်းခန့်) ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စု ၁၀ အုပ်စုမှ နေအိမ် ၄၃၇ လုံး ပျက်စီး

**လက်ပံတန်း မေ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်တွင် မေ ၁၈ ရက် ည ၈ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ဧရာဝတီမြစ်နှင့် မြစ်မခမြစ်အနီးရှိ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ နေအိမ် ၄၃၇ လုံး ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု၊ ဆင်မနီကျေးရွာအုပ်စု၊ လုလင်ကျော်ကျေးရွာအုပ်စု၊ သာရဝေါကျေးရွာအုပ်စု၊ အိုင်တလုတ်ကျေးရွာအုပ်စု၊ အောင်လံကုန်းကျေးရွာအုပ်စု၊ ခမုံဆိပ်ကျေးရွာအုပ်စု၊ ဇီးဖြူကုန်းကျေးရွာအုပ်စု၊ ကညင်တိုကျေးရွာအုပ်စုနှင့် ဗောဓိပင်ကျေးရွာအုပ်စုတို့တွင် လူနေအိမ် ၃၈ လုံး ပြိုကျပြီး နေအိမ် ၃၉၉ လုံး အမိုးလန်ခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်များမှ မိသားစုများအား နီးစပ်ရာ ဆွေမျိုးများ၏ နေအိမ်များ၌ နေရာချထားပေးထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ ကျပ်တစ်သောင်းတန် ငွေစက္ကူအတု သိမ်းဆည်းရမိ

**ဖြူး မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းနယ်မြေရဲစခန်းက မေ ၁၈ ရက် ည ၇ နာရီခွဲက ကျွန်းကုန်းကျေးရွာအုပ်စု သနပ်ကွင်းကျေးရွာနေ မမာမြင့်၏ စျေးဆိုင်သို့ အမျိုးသားသုံးဦးက ငွေစက္ကူအတုဟု ယူဆရသော ကျပ်တစ်သောင်းတန်ဖြင့် စျေးလာဝယ်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ကျပ်တစ်သောင်းတန် ငွေစက္ကူအတုနှင့် ငွေစက္ကူထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



သတင်းအရ ကညွတ်ကွင်းနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်စိုးသက်မောင်နှင့်တပ်ဖွဲ့ဝင်များ၊ ကျွန်းကုန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်သေများက သွားရောက်ရှာဖွေစစ်ဆေးရာ မမာမြင့်၏ စျေးဆိုင်ရှေ့လမ်းပေါ်တွင် ယာယီ E-2811DAYANG အမျိုးအစားဆိုင်ကယ်နှင့်အတူ ဖြိုးလင်း(၂၄)နှစ် မြောက်ပိုင်းရပ် အောင်မြင်မြို့(ခ) တောကျွဲအင်းမြို့ ကျောက်တံခါးမြို့နယ်နေသူနှင့်အတူ ဖြိုးအောင် (၂၅) နှစ် (လိပ်စာတူ) ခင်မောင်မြင့် (၄၀) နှစ် (လိပ်စာတူ)တို့အား တွေ့ရှိရပြီး အဆိုပါသုံးဦးကို ရှာဖွေမှုများပြုလုပ်ရာ ဖြိုးလင်း ဝတ်ဆင်ထားသော ဂျင်းဘောင်းဘီ ယာဘက်အိတ်အတွင်းမှ ငွေစက္ကူအတုဟု ယူဆရသော ကျပ်တစ်သောင်းတန် အရွက် ၄၀၊ ဖြိုးအောင်၏ ဂျင်းဘောင်းဘီအိတ်အတွင်းမှ ကျပ်တစ်သောင်းတန် နှစ်ရွက်တို့နှင့်အတူ ဆိုင်ကယ်တစ်စီးတို့အား သိမ်းဆည်းခဲ့ပြီး ထပ်မံစစ်ဆေးမှုများ ပြုလုပ်ရာ အဆိုပါ ငွေစက္ကူအတု ကျပ်တစ်သောင်းတန်များအား ဦးဘိုဘိုနိုင် (၃၇)နှစ် မြောက်ပိုင်းရပ် အောင်မြင်မြို့(ခ) တောကျွဲအင်းမြို့နေသူ၏ နေအိမ်ပေါ်မှ ယူလာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဦးဘိုဘိုနိုင်၏ နေအိမ်တဲကို ဆက်လက်ရှာဖွေရာ ၎င်းငွေစက္ကူအတုများ ပြုလုပ်သည်ဟု ယူဆရသော Ph တံဆိပ်ပါ Color Laserjet pro mfp m274n အဖြူရောင် Color Printer Copyer တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ ရှာဖွေတွေ့ရှိ သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဖြူးမြို့နယ် ကညွတ်ကွင်းနယ်မြေရဲစခန်းက တရားမဝင် ငွေစက္ကူအတုပြုလုပ်၍ သုံးစွဲလက်ဝယ်ထားရှိသူ ဖြိုးလင်း၊ ဖြိုးအောင်၊ ဘိုဘိုနိုင်နှင့် ခင်မောင်မြင့်တို့အား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်းပေါင်း ၄၀၀၀၀ တန်ဖိုးရှိ အိုက်စ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၉**

မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ က တာချီလိတ်မြို့နယ် ဝမ်လုံအုပ်စု လွယ်စီတုံကျေးရွာ အဝင်လမ်းတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် အားဂျာ မောင်းနှင်လာသည့် မော်တော်ယာဉ် ရောက်ရှိလာသဖြင့် ရပ်တန့်ရှာဖွေရာ ဆာလာအိတ် ခြောက်အိတ်(အိုက်စ်အလေးချိန် ၂၀၀ ကီလို)ကို လည်းကောင်း။



**အားဂျာအား သိမ်းဆည်းရမိသည့် အိုက်စ်များနှင့်အတူ တွေ့ရစဉ်။**

အလားတူ မေ ၁၄ ရက် ည ၈ နာရီခွဲက KNU ရင်း (၂၀၃) ငြိမ်းချမ်းရေးအဖွဲ့ တနင်္သာရီတိုင်းဒေသကြီး အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်ရေးအဖွဲ့ဝင် (JMC)မှ ဖဒိုထူးစော ဦးစီးအဖွဲ့သည် မဏ္ဍိုင်-ရတနာပုံလမ်း ဒေသအခေါ် (၁၆) မိုင်တွင် အောင်ဆန်းထွေး မောင်းနှင်ပြီး စိုးကိုကို လိုက်ပါလာသည့် မော်တော်ယာဉ်ကို စစ်ဆေးရန် တားဆီးစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသဖြင့် သေနတ်ဖြင့် ပစ်ခတ်တားဆီးရာ စိုးကိုကို၏ ယာတင်ပါးတွင် သေနတ်ဒဏ်ရာဖြင့် ဖမ်းဆီးရမိခဲ့ပြီး အောင်ဆန်းထွေးမှာ ထွက်ပြေးလွတ်မြောက်သွားသဖြင့် မော်တော်ယာဉ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၅ ပြား၊ အိုက်စ် ၁ ဒသမ ၀၂၈၇၉ ကီလို၊ ငွေကျပ် ၁၁၀၀ နှင့် မော်တော်ယာဉ် တစ်စီးတို့ကို လည်းကောင်း။

ထို့အတူ မေ ၁၈ ရက် ညနေ ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွားကားလမ်းနှင့် နန့်မကျိုင်းကျေးရွာသွားလမ်းဆုံ မိုင်တိုင် (၂၃၄)တွင် အားဟောင်း မောင်းနှင်လာသည့် မော်တော်ယာဉ်အား ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၂၀ (အလေးချိန် ၂ ဒသမ ၂ ကီလို)၊ ငွေကျပ်အချို့နှင့် ဖုန်းသုံးလုံး၊ မော်တော်ယာဉ် တစ်စီးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့၍ ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# စက်လှေတစ်စင်း မောင်းနှင်နေစဉ် နစ်မြုပ်၊ မောင်းနှင်သူ ပျောက်ဆုံး

**ဟိုင်းကြီးကျွန်း မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့အနီး ချောင်းအတွင်း၌ မေ ၁၈ ရက် ညနေပိုင်းက သဲ၊ ကျောက်၊ ဘိလပ်မြေ တင်ဆောင်ထားသော စက်လှေတစ်စင်း မောင်းနှင်နေစဉ် နစ်မြုပ်သွားခဲ့ပြီး မောင်းနှင်သူ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ပျောက်ဆုံးနေသူမှာ မဲခရဲကျေးရွာနေ ဦးမြင့်နိုင် (ခ) ဦးမောင်မောင်ကြီးဖြစ်ပြီး ၎င်းပိုင်ဆိုင်သော (အလျား ၁၈ တောင်ခန့်ရှိ ဟွန်ဒါအင်ဂျင်တပ် အပြာရောင်ပဲ့ထောင်) စက်လှေဖြင့် သဲ၊ ကျောက်၊ ဘိလပ်မြေများ တင်ဆောင်ကာ ဟိုင်းကြီးကျွန်းမြို့ အဏ္ဏဝါဆိပ်ကမ်းမှ ကညင်ချောင်းကျေးရွာဘက်သို့ ထွက်ခွာလာရာ ချောင်းအလယ်ခန့်အရောက်တွင် နစ်မြုပ်သွားခဲ့ပြီး မောင်းနှင်သူပါ ပျောက်ဆုံးသွားခဲ့ကြောင်း သိရသည်။

စက်လှေနစ်မြုပ်စဉ်တွင် ရေကျချိန်ဖြစ်၍ ရေစီးမြန်နေကြောင်း သိရှိရပြီး စက်လှေဝမ်းဗိုက်ပေါက်၍ နစ်မြုပ်သွားခြင်းဖြစ်နိုင်ကြောင်း ဒေသခံများကပြောသည်။ စက်လှေနှင့်အတူ ပျောက်ဆုံးသွားသော မောင်းနှင်သူ ဦးမြင့်နိုင်အား ၎င်း၏ မိသားစုများက လာရောက်ရှာဖွေလျက်ရှိကြပြီး ယခုအချိန်ထိ မတွေ့ရှိသေးကြောင်း သိရ သည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၀-၄-၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ MRTV Travelogue
၈း၃၅ "နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ" (ပြည်သူ့လွှတ်တော်)
၉း၀၀ "နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ" (လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)
၉း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၀း၃၀ လူမှုစီးပွားမြင်ကွင်းများ
၁၁း၄၀ သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ယတြာ" (အားသစ်၊ နန်းဆုဦး၊ စုမြတ်နိုးဦး၊ ရွှေသမီး၊ ရတနာဗို၊ ဆောင်းယွန်းစံ၊ မြတ်သူသူဇင်၊ ခေးဆက်သွင်) (ဒါရိုက်တာ-ပြည်ဟိန်းသီဟ)
၁၂း၃၀ မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၁၂) (မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်ဩဘာ)
၁၃း၁၅ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-1)(နေပြည်တော်) (တတိယပိုင်း)
၁၄း၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်" (အပိုင်း-၂၅)
၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၃)

**ညပိုင်း**

၁၆း၃၅ Weekly MNL Review (Week-10)
၁၇း၀၅ ကျန်းမာရေးမဂ္ဂဇင်း "သွေးအိတ်ရောဂါနှင့် အသားလုံးရောဂါအကြောင်း သိကောင်းစရာ"
၁၇း၃၅ Weekly Sport Info
၁၈း၂၀ ရုပ်ရှင်ရိုက်မယ် (အပိုင်း-၁၀) (ကိုလေး-အင်းဝဂုဏ်ရည်၊ ကျော်လွန်၅)
၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၁၃) (မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်ဩဘာ)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ "နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ" (အမျိုးသားလွှတ်တော်)
-"နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ" (နယ်စပ်ရေးရာဝန်ကြီးဌာန)
-America's Got Talent
-နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်" (အပိုင်း-၂၆)
-ဟာသရုပ်စုံစင်တော်ကြီး "ရေချိုးပြီးပြီလား" (သရုပ်ဖော်-ပန်းသီး၊ ရာဇာပေါက်စီ၊ စိမ်းလန်း၊ စိုပြေ၊ လင်းလက်မောင်)
-အစီအစဉ်ပြီး၏။

# နည်းပြအပေါ် လေးစားမှုကင်းမဲ့သည့် ပေါ့ဘာကို နွေဈေးကွက်အတွင်းမှာပင် ထုတ်ရောင်းသင့်ဟု စခိုးလ် ရှုမြင်



ကွင်းလယ်လူ ပေါ့ဘာမှာ နည်းပြ မော်ရင်ဟိုအပေါ် လေးစားမှုကင်းမဲ့နေတဲ့အတွက် လာမယ့်နွေဈေးကွက်အတွင်း ပေါ့ဘာကို မန်ယူအသင်းက ထုတ်ရောင်းသင့်တယ်လို့ မန်ယူကွင်းလယ်လူ ပေါလ်စခိုးလ်က တိုက်တွန်းလိုက်ပါတယ်။ ပေါ့ဘာအနေနဲ့ နည်းပြ မော်ရင်ဟိုကို လေးစားမှုမရှိဘူးဆိုတာ ဝက်စ်ဘရွန်းကို အရေးနိမ့်ခဲ့တဲ့ပွဲမှာ ထင်ထင်ရှားရှား မြင်တွေ့ခဲ့ရသလို ဘုန်းမောက်နဲ့ပွဲစဉ် လူစားလဲခံခဲ့ရချိန်မှာလည်း ဒီအချက်ကို ရှင်းရှင်းလင်းလင်း မြင်ခဲ့ကြပါတယ်။

စခိုးလ်က "သူ(ပေါ့ဘာ) ထွက်ခွာနိုင်ပါတယ်၊ ကျွန်တော် ကလပ်အသင်းက လူတွေနဲ့ စကားမပြောဖြစ်သေးတာကြောင့် အခြေအနေကို သေချာမသိပေမယ့် ကြည့်ရတာတော့ အဆင်ပြေတဲ့ပုံမရှိပါဘူး။ ဝက်စ်ဘရွန်းနဲ့ ပွဲကစားခဲ့တဲ့ပုံကိုကြည့်ရင် သူဘာကို စဉ်းစားနေတယ်ဆိုတာ တွေးကြည့်လို့ ရပါတယ်" လို့ သုံးသပ်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ပေါ့ဘာဟာ ဘုန်းမောက်နဲ့ ပွဲစဉ်အတွင်း သူ့ကို လူစားလဲလိုက်ချိန်မှာ မိုက်ကယ်ကာရစ်နဲ့ အသင်းလက်ထောက်နည်းပြ ရူအီဖာရီရာတို့ကိုသာ နှုတ်ဆက်ခဲ့ပြီး နည်းပြ မော်ရင်ဟိုကိုတော့ လျစ်လျူရှုထားခဲ့တာဖြစ်ပါတယ်။ ဗီဒီယိုပြကွက်တွေမှာ ပွဲကစားချိန် မိနစ် ၈၀ ကျော်လွန်လာချိန် မော်ရင်ဟိုက ပေါ့ဘာကို လူစားလဲခဲ့ချိန်မှာ ပေါ့ဘာက ဥမင်ထဲဆင်းသွားဖို့ ခြေလှမ်းပြင်နေခဲ့ပေမယ့် ပြန်လှည့်လာခဲ့ပြီး အရန်ခုံမှာ ထိုင်နေတဲ့ အသင်းဖော်တွေကို နှုတ်ဆက်ခဲ့ကာ နည်းပြ မော်ရင်ဟိုဘက်ကိုတော့ စောင်းငဲ့လို့တောင် မကြည့်ခဲ့တာဖြစ်ပါတယ်။

ဘုန်းမောက်နဲ့ပွဲစဉ်မှာ ပေါ့ဘာရဲ့ ကစားဟန်က ပွဲစဉ်အတွင်း အကောင်းဆုံးကစားသမားဆုရတဲ့ ခြေစွမ်းမျိုး ရှိခဲ့သလားဟု သတင်းထောက်များက မေးမြန်းချိန်မှာ မော်ရင်ဟိုက "ကျွန်တော်က အသင်းမန်နေဂျာပါ၊ အရှုံးအမှုအားပေးတဲ့ ပရိသတ်မဟုတ်ပါဘူး၊ ဒါပေမယ့် သူဒီပွဲမှာ ကောင်းကောင်းကစားခဲ့ပါတယ်"လို့ ပြန်လည်ဖြေကြားခဲ့ပါတယ်။

ပေါ့ဘာကို ရီးယဲလ်မက်ဒရစ်နဲ့ ပီအက်စ်ဂျီတို့က ခေါ်ယူဖို့ ချိတ်ဆက်နေတယ်လို့ သတင်းတွေ ထွက်နေပြီး မန်ယူနည်းပြ မော်ရင်ဟိုနဲ့ ဆက်ဆံရေးမပြေလည်မှုကြောင့် ပေါ့ဘာအနေနဲ့ နွေဈေးကွက်အတွင်း မန်ယူက ထွက်ခွာနိုင်တယ်လို့ ယူဆရပါတယ်။

မေလှဲ့သင်း - ရေးသားသည်



# နွေဈေးကွက်နံပါတ်(၁) ပစ်မှတ်အဖြစ် ကက်စီမီရိုကို ပီအက်စ်ဂျီ ခေါ်ယူရန် ရည်မှန်း

ပီအက်စ်ဂျီအသင်းက ရီးယဲလ်မက်ဒရစ်ကွင်းလယ်လူ ကက်စီမီရိုကို နွေဈေးကွက်အတွင်း ခေါ်ယူရန် ဦးစားပေးပစ်မှတ်အဖြစ် ရည်မှန်းထားပြီး အဆိုပါဘရာဇီးကွင်းလယ်လူအတွက် ပေါင်သန်း ၁၀၀ ကျော်သုံးစွဲရန် ဝန်လေးမည်မဟုတ်ကြောင်း သိရသည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ကက်စီမီရိုနှင့် စာချုပ်သက်တမ်း သုံးနှစ်ကျန်ရှိနေသေးသလို စာချုပ်ပါ ထွက်ခွာခွင့် တန်ဖိုးမှာလည်း ပေါင် ၁၇၄ သန်းဖြစ်ရာ ကက်စီမီရိုကို ဆက်လက်ထိန်းထားနိုင်မည်ဟု ယုံကြည်မှုအပြည့်ရှိနေသည်။

ပီအက်စ်ဂျီအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၁၆ သင်း ရှုံးထွက်အဆင့်မှ နှစ်ကြိမ်ဆက်တိုက် လှည့်ပြန်ခဲ့ရပြီးနောက် ကက်စီမီရိုလို ရီးယဲလ်မက်ဒရစ်အသင်းနှင့် ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်ဆက် ရယူနိုင်ခဲ့သည့် ဥရောပအတွေ့အကြုံရင့် ကစားသမားတစ်ဦးကို ခေါ်ယူဖြည့်တင်းလိုခြင်းဖြစ်သည်။

ကွင်းလယ်လူ သီယာဂိုမော့တာမှာ လာမည့် နွေဈေးကွက်အတွင်း ပီအက်စ်ဂျီမှ ထွက်ခွာရန် ရှိနေသလို ဗာရက်တီနှင့် ဆယ်လ်ဆိုတို့မှာလည်း ကွင်းလယ်အဖျက်ထက် တိုက်စစ်ပိုင်းကို ပိုမိုအားသန်သူများဖြစ်သဖြင့် ရီးယဲလ်ဗဟိုကွင်းလယ်လူ ကက်စီမီရိုကို ခေါ်ယူရန် ပီအက်စ်ဂျီက ခြေလှမ်းပြင်လာခြင်းဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည် ပြီးခဲ့သည့်နွေဈေးကွက်က နေမာ၊ မက်ပီတို့လို နာမည်ကျော် တိုက်စစ်မှူးများကို ခေါ်ယူအားဖြည့်ခဲ့သော်လည်း ချန်ပီယံလိဂ် ၁၆ သင်းအဆင့်မှပင် လှည့်ပြန်ခဲ့ရသဖြင့် နည်းပြ အမ်မရီ၏ အနာဂတ်လည်း လှုပ်ခတ်နေကာ အမ်မရီနေရာ ဒေ့ါမွန်နည်းပြဟောင်း တက်ချယ်လ်နှင့် အစားထိုးဖွယ်ရှိနေကြောင်း သတင်းထွက်နေသည်။

# ဘရာဇီးကြယ်ပွင့် ဖရက်ဒ်ကို ခေါ်ယူရန် မန်စီးတီးနှင့်အပြိုင် မန်ယူကြိုးပမ်းမည်



မန်ယူအသင်းဟာ ရှက်ခ်တာဒိုးနက်စ်ခ်အသင်းမှ ဘရာဇီးကြယ်ပွင့် ဖရက်ဒ်ကို ခေါ်ယူဖို့ မန်ချက်စတာမြို့ခံပြိုင်ဘက် မန်စီးတီးအသင်းနဲ့ အပြိုင်ကြိုးပမ်းလျက်ရှိပါတယ်။

မန်ယူအသင်းနည်းပြ မော်ရင်ဟိုအနေနဲ့ ဘရာဇီးကြယ်ပွင့်ဖရက်ဒ်ကို ခေါ်ယူဖို့ စီစဉ်ခဲ့တာဟာ လက်ရှိမန်ယူအသင်းရဲ့ ကွင်းလယ်ပိုင်းမှာ ကစားနေတဲ့ ပြင်သစ်ကြယ်ပွင့် ပေါ့ဘာနေရာမှာ အစားထိုးဖို့စီစဉ်ခဲ့တာ ဖြစ်ပါတယ်။

ပေါ့ဘာကို မန်ယူအသင်းက ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၈၉ သန်းနဲ့ ဂျူဗင်တပ်အသင်းမှ ခေါ်ယူခဲ့တာဖြစ်ပြီး ပေါ့ဘာနဲ့ နည်းပြ မော်ရင်ဟိုတို့ရဲ့ ဆက်ဆံရေးမပြေလည်မှုတွေကြောင့် အခုနွေရာသီဈေးကွက်အတွင်းမှာပဲ အိုးထရက်ဖို့ဒ်ကနေ ထွက်ခွာလိမ့်မယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေပါတယ်။

ကွင်းလယ်ကစားသမားဖရက်ဒ်ဟာ ယူကရိန်းကလပ် ရှက်ခ်တာဒိုးနက်စ်ခ်အသင်းမှာ ကစားခဲ့တာဟာ ဘောလုံးရာသီငါးရာသီကြာမြင့်ခဲ့ပြီ ဖြစ်ပြီး မန်စီးတီးအသင်းကလည်း ဖရက်ဒ်ကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။ မန်စီးတီးအသင်းအနေနဲ့ ဖရက်ဒ်ကို ဇန်နဝါရီအပြောင်းအရွှေ့ကာလကတည်းက ခေါ်ယူဖို့ ပစ်မှတ်ထားခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာတော့ မန်ယူအသင်းကလည်း စိတ်ဝင်စားနေတာကြောင့် မန်ယူအသင်းနဲ့ အပြိုင်ကြိုးပမ်းရတော့မှာလည်းဖြစ်ပါတယ်။

ကွင်းလယ်ကစားသမားဖရက်ဒ်ဟာ ကလပ်အသင်းမှာရော နိုင်ငံအသင်းမှာပါ ခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် အခုနွေရာသီမှာ ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ဘရာဇီးလက်ရွေးစင်အသင်းနဲ့အတူ ပါဝင်လာဖို့ရှိနေပါတယ်။

မန်ယူအသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ ကွင်းလယ်ကစားသမား ဖရက်ဒ်ကို ခေါ်ယူဖို့ ပြောင်းရွှေ့ကြေးပေါင် သန်း ၅၀ ပေးခေါ်ယူကြမှာဖြစ်ပြီး ဖရက်ဒ်ကို လက်ရှိဈေးနှုန်းထက် မြင့်တက်လာဖွယ်ရှိနေတယ်လို့လည်း သိရပါတယ်။



# ဘန်တီကီအား ပေါင် ၁၂၀၀၀၀ ဖြင့် ခရစ္စတယ်ပဲလေ့ ရောင်းချမည်ဟုဆို

ခရစ္စတယ်ပဲလေ့အသင်းသည် တိုက်စစ်မှူး ဘန်တီကီအား ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုးနှစ်ဂိုးသာလျှင်သွင်းယူနိုင်ခဲ့ခြင်းကြောင့် ပေါင် ၁၂၀၀၀၀ ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ခရစ္စတယ်ပဲလေ့အသင်းသည် ဘန်တီကီအား ၂၀၁၆ ခုနှစ်အတွင်းက လီဗာပူးအသင်းမှ ပေါင် ၂၇ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ခြေစွမ်းကောင်းမွန်မှုကြောင့် ပေါင် ၃၂ သန်းအထိဈေးမြင့်လာခဲ့သည်။

သို့ရာတွင် ယခုနှစ်ဘောလုံးရာသီတွင် ခြေစွမ်းပိုင်းကျဆင်းနေခြင်းကြောင့် တိုက်စစ်မှူးဘန်တီကီအား ခေါ်ယူရန်ကမ်းလှမ်းလာမည့်အသင်းကို ခရစ္စတယ်ပဲလေ့အသင်းအနေဖြင့် စောင့်မျှော်လျက်ရှိကြောင်းလည်း သိရသည်။ ခရစ္စတယ်ပဲလေ့အသင်းသည် ဘန်တီကီအား ရောင်းထုတ်မည်ဟုဆိုသော်လည်း တောင်ပံကစားသမား ဇာဟာကိုမူ ရောင်းချမည်မဟုတ်ကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

# မိုးကြိုကာလတွင်ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ်များကို သတိပြုစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

မကြာသေးမီရက်ပိုင်းအတွင်းက မြန်မာနိုင်ငံအနှံ့အပြားတွင် နေ့အပူချိန်များမြင့်တက်လာပြီး မိုးတိမ်တောင်များဖြစ်ပေါ်လာခြင်း၊ မိုးသက်လေပြင်းတိုက်ခြင်း၊ မိုးရွာသွန်းခြင်း၊ မိုးသီးကြွေခြင်းနှင့် မိုးကြိုးပစ်ခြင်းများဖြစ်ပေါ်ခဲ့သည်။ ထိုဖြစ်စဉ်များကြောင့်ပျက်စီးဆုံးရှုံးမှုအချို့ရှိခဲ့သည်။ မိုးကြိုကာလစောခဲ့သဖြင့် ပြည်သူများ အံ့ဩခဲ့ရသည်။ မည်သို့ပင်ဆိုစေကာမူ မိုးရွာခြင်းသည် အေးချမ်းမှုနိမိတ်ပင်မဟုတ်ပါလား။

**ဥတုသုံးလီ**

မြန်မာနိုင်ငံတွင်မှီတင်းနေထိုင်လျက်ရှိသော ပြည်သူများသည် နွေ၊ မိုး၊ ဆောင်း ရာသီဥတုသုံးမျိုးကို နှစ်စဉ်ကြုံတွေ့နေရသည်။ ထိုရာသီဥတုသုံးမျိုးကို ကျော်ဖြတ်ရာတွင် နွေရာသီကာလသည် လူတိုင်းအတွက် ခက်ခဲကြမ်းတမ်းသော နေ့ရက်များပင်ဖြစ်သည်။ နွေရာသီတွင် အပူချိန်မြင့်တက်မှုဒဏ်ခံရခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊မုန်တိုင်းတိုက်ခတ်ခြင်း၊ မီးဘေးအန္တရာယ်ကြုံတွေ့ရခြင်း စသည့် သဘာဝဘေးအန္တရာယ်မျိုးစုံနှင့် ကြုံတွေ့ရလေ့ရှိသည်။

**ပျက်စီးဆုံးရှုံးမှုများ**

မတ်လ ၃၁ ရက်နေ့မှ ဧပြီလ ၂ ရက်နေ့အတွင်း မြန်မာနိုင်ငံတစ်ဝန်း၌မိုးသက်လေပြင်းများ တိုက်ခတ်ပြီး မိုးရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းများဖြစ်ပေါ်ခဲ့သည်။ မိုးသက်လေပြင်း တိုက်ခတ်ခြင်းနှင့်မိုးသီးကြွေခြင်းတို့ကြောင့် သစ်ပင်များလဲခြင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း၊ လူနေအိမ်နှင့် စာသင်ကျောင်းများ ပျက်စီးဆုံးရှုံးခြင်းတို့အပြင် လူနှင့် တိရစ္ဆာန်များလည်း သေကျေထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

အထူးသဖြင့် နေပြည်တော်၌ မတ်လ ၃၁ ရက် ညနေ ၅ နာရီမှ ၆ နာရီခန့်အထိ လေပြင်းများတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် ပုဗ္ဗသီရိမြို့နယ်ရှိ သမိုင်းဝင် နေရောင်ပြအင်း ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး၏ ထီးတော်အစိတ်အပိုင်းအချို့ မြေခခဲ့ရသည်။ အဆောက်အအုံနှင့် ဓာတ်တိုင်အချို့ လဲပြိုပျက်စီးခဲ့သည်။ မိုးအဆက်မပြတ်ရွာသွန်းခြင်း၊ မိုးသီးများ ကြွေကျခြင်းတို့ကြောင့်ဓာတ်အားလိုင်းများပေါ်သို့ သစ်ကိုင်းများ ကျိုးကျသဖြင့် ၈ နာရီခန့်တွင် လျှပ်စစ်မီးပြတ်တောက်သွားသည်။ ဝန်ထမ်းအိမ်ရာအချို့လည်း အမိုးများလန်ပြီး ပျက်စီးခဲ့သည်။ သပြေကုန်းဈေးနှင့် မြို့မဈေးတို့ရှိ ညဈေးတန်းများလည်းပျက်စီးခဲ့ရသည်။

ဧပြီ ၃ ရက် မွန်းလွဲပိုင်းမှစ၍ ညနေပိုင်းအထိ ရန်ကုန်မြို့နှင့်မြို့နယ်အချို့တွင် မိုးသက်လေပြင်းတိုက်ပြီး မိုးများရွာသွန်းခဲ့သည်။ သစ်ပင်သစ်ကိုင်းများ ဓာတ်အားလိုင်းများပေါ်သို့ ကျိုးကျခဲ့သည်။ ရန်ကုန်မြို့တွင်းရှိလမ်းများတွင် ရေကြီးရေလျှံဖြစ်ပြီး ယာဉ်ကြောပိတ်ဆို့ခဲ့ရသည်။ ခြုံလိုက်လျှင် နေပြည်တော်၌ နေအိမ် ၆၀ ခန့်ပျက်စီးခဲ့ပြီး မကွေးမြို့၌ နေအိမ် ၁၅၀ ခန့် ပျက်စီးခဲ့သည်။ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင်လည်း ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်။

**ဖြစ်နိုင်ခြေ**

မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က "မိုးတိမ်တောင်များကြောင့် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးရွာခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခြင်း၊ လေဆင်နှာမောင်းတိုက်ခြင်း၊ ရေဆင်နှာမောင်းတိုက်ခြင်း၊ စိုက်ဆင်းလေပြင်းတိုက်ခြင်း၊ ပင်လယ်မီးစုန်းတောက်ခြင်း" ဆိုသည့် ရာသီဥတု ၁၀ မျိုး ဖြစ်ပေါ်တတ်သည်ဟု သတိပေးထားသည်ကို သတင်းစာများတွင် ဖတ်လိုက်ရသည်။

**နောက်ဆက်တွဲဘေးအန္တရာယ်များ**

မိုးကြိုကာလတွင် မိုးတိမ်တောင်များကြောင့် မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက် မိုးကြီးခြင်းတို့ဖြစ်တတ်သည်ဟုဆိုသည်။ ထိုသို့ဖြစ်လျှင် ထိခိုက်ပျက်စီး၊ သေကျေ၊ ဒဏ်ရာရရှိမှုများ ရှိတတ်သည်။ မိုးကြိုးပစ်ခြင်းကြောင့် လူနှင့်တိရစ္ဆာန်များ သေကျေ ထိခိုက်ခြင်း၊ မိုးကြီးခြင်းကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခြင်းကြောင့် ခရီးသည်တင် သင်္ဘောများနှင့် ငါးဖမ်းလှေများ တိမ်းမှောက်ခြင်း၊ လူများပျောက်ဆုံးခြင်း၊ မိုးရွာသွန်းမှုကြောင့် တောင်ပေါ်ဒေသများတွင် မြေပြိုခြင်းများ ဖြစ်ပွားတတ်ပေသည်။

**သဘာဝသတိပေး**

စာရေးသူတို့ငယ်စဉ်က မိဘများသည် မိုးဦးလေဦးကာလအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လေ့ရှိသည်။ နေအိမ်အမိုးအကာများ ခိုင်ခံ့အောင်ပြင်ဆင်ခြင်း၊ ရေနှင့် အစားအသောက်များ စုဆောင်းခြင်း၊ အထောက်အကူပြုပစ္စည်းများ ပြင်ဆင်ခြင်းတို့ကို စနစ်တကျပြုလုပ်ထားလေ့ရှိသည်။ ဆိုရလျှင် တိရစ္ဆာန်များ၊ အထူးသဖြင့် ငှက်များ၏ နေထိုင်မှုပုံစံကိုကြည့်၍ လေပြင်းတိုက်ခတ်နိုင်သည်၊ မိုးကြီးနိုင်သည်ကို ကြိုတင်သိနိုင်သည်။ သာဓကအနေဖြင့် ကျီးကန်းများသည် အသိုက်ကို သစ်ပင်ခွဆုံတွင် လုပ်ထားမည်၊ ထူထူထဲထဲ အသိုက်ဆောက်ထားမည်ဆိုလျှင် ထိုနှစ်တွင် လေပြင်းမုန်တိုင်းကျတတ်ပြီး မိုးလည်းကြီးတတ်သည်။

ငှက်များသည် သစ်ပင်ကိုင်းဖျားတွင် အသိုက်လုပ်ထားမည်ဆိုလျှင် လေပြင်းအန္တရာယ်ကိုစိုးရိမ်စရာမလိုပေ။ ပုရွက်ဆိတ်များသည် အုပ်စုလိုက်အမြင့်ပိုင်းကို ရွှေ့နေမည်ဆိုလျှင်၊ အစာများကိုသယ်နေမည်ဆိုလျှင် မကြာမီမိုးကြီး၊ရေကြီးတော့မည်ဖြစ်သည်။ ရေထည့်ထားသော စဉ့်အိုးများအောက်မှ ဖားများအော်နေပြီဆိုလျှင်၊ ပုစဉ်းရင်ကွဲများ အဆက်မပြတ်အော်နေပြီဆိုလျှင်၊ ပျံလွှားများခပ်နိမ့်နိမ့်ပျံနေပြီဆိုလျှင်၊ ပုစဉ်းများ မြေကြီးနှင့် ကပ်လျက်ပျံနေပြီဆိုလျှင် တစ်ရက်နှစ်ရက်အတွင်းမိုးရွာတော့မည်ဖြစ်သည်။ တိရစ္ဆာန်များ အိပ်တန်း စောစောဝင်နေပြီဆိုလျှင် လေပြင်းတိုက်ခတ်တော့မည်ဖြစ်သည်။

**ကြိုတင်ပြင်ဆင်ခြင်း**

မိုးကြိုကာလတွင်ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်သည်။ အထူးသဖြင့် ကျေးလက်နေတောင်သူဦးကြီးများသည် ကောက်ပဲသီးနှံများနှင့် မြက်ခြောက်များ၊ကောက်ရိုးများကိုအမိုးအကာအောက်သို့လုံခြုံစွာ ရွှေ့ပြောင်းထားသင့်သည်။ လူနှင့် တိရစ္ဆာန်များအတွက် သောက်သုံးရေစုဆောင်းထားသင့်သည်။ ထို့အပြင် စားနပ်ရိက္ခာလုံလောက်အောင်လည်း ကြိုတင်စုဆောင်းထားသင့်ပေသည်။

မိုးသက်မုန်တိုင်းကျရောက်လျှင် မီးပျက်တတ်သည်မှာသဘာဝပင်ဖြစ်သည်။ ထို့ကြောင့် ဓာတ်မီး၊ မီးခြစ်၊ ဖယောင်းတိုင်၊ မီးသွေးစသည့် အထောက်အကူပစ္စည်းများကိုကြိုတင်ပြင်ဆင်ထားသင့်သည်။ ထိခိုက်ဒဏ်ရာရရှိလျှင် အရေးပေါ်ပြုစုကုသနိုင်ရန်အတွက် အိမ်တွင်းသုံး ဆေးဝါးများ၊ ပတ်တီးများကိုလည်း အသင့်ပြင်ထားသင့်ပေသည်။ အချင်းချင်းရိုင်းပင်းကူညီခြင်းတို့အပြင် သက်ဆိုင်ရာသဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးဌာနများသို့ အချိန်မီသတင်းပို့တတ်သည့် အလေ့အထကိုလည်း မွေးမြူထားသင့်သည်။

**ဆောင်ရန်၊ ရှောင်ရန်**

လေပြင်းတိုက်ခတ်ပြီးမိုးရွာသွန်းနေလျှင် ကလေးများသည် မိုးရေထွက်ချိုးတတ်ကြသည်။ လူကြီးများသည် ကလေးများကို ထိုသို့ မိုးရေမချိုးခိုင်းသင့်ပေ။ လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်ကြိုးများသည် ပြတ်တောက်ပြီးမြေကြီးပေါ်သို့ ကျနေတတ်သည်။ မိုးရေချိုးနေသောကလေးသည် လျှပ်စစ်ဝင်နေသော ဓာတ်ကြိုးစနှင့် ထိမိမည်ဆိုလျှင် ဓာတ်လိုက်ခံရမည်ဖြစ်သည်။ ဗို့အားပြင်းလျှင်သေဆုံးမည်ဖြစ်သည်။

စာရေးသူငယ်စဉ်က ကလေးတစ်ယောက်သည် မိုးရွာနေစဉ်ရေထွက်ချိုးရာမှ ပြတ်ကျနေသော ဓာတ်ကြိုးစကို ထိမိသဖြင့်ဓာတ်လိုက်သေဆုံးခဲ့သည့် ဖြစ်စဉ်တစ်ခုကို ကြုံတွေ့ဖူးခဲ့သည်။ ဓာတ်လိုက်ခံရသည့် ထိုကလေးကို ဝင်ဆွဲသည့် ဖခင်ဖြစ်သူလည်း ဓာတ်လိုက်သေဆုံးခဲ့ရသည်။ ဖခင်နှင့်သား နှစ်ဦးစလုံးသည် တစ်နေရာတည်းတွင်သေဆုံးခဲ့ရသည်။ မိခင်ဖြစ်သူသည် သောကဝေခဲ့ရသည်။

မိဘများသည် ကလေးများကိုအလိုမလိုက်သင့်ပေ။ မိုးရေချိုးချင်လျှင် ရေပုံးဖြင့်ခံ၍ချိုးလျှင်ရသည်။ တတ်နိုင်ပါက မိုးသက်လေပြင်းတိုက်နေလျှင် အပြင်သို့ မထွက်တာအကောင်းဆုံးဖြစ်သည်။ လွင်တီးခေါင်ကွင်းပြင်များသို့ထွက်မည်ဆိုလျှင် သစ်ပင်ကြီးများအောက်သို့ ဝင်မည်ဆိုလျှင် မိုးကြိုးပစ်ခံရတတ်သည်။ ထိုသို့ မိုးရွာသွန်းပြီးချိန်တွင် ညဘက်၌ဓာတ်မီးမပါဘဲ အမှောင်ထဲ သွားမည်ဆိုလျှင်၊ မြွေနှင့်ကင်းတို့၏ အန္တရာယ်ကို ကြောက်ရသည်။ တွင်းအောင်းသတ္တဝါများဖြစ်သည့် မြွေနှင့်ကင်းတို့သည်မိုးရွာပြီးစအချိန်တွင် အပြင်သို့ ထွက်တတ်ကြသည်။ ထို့အပြင် မိုးသက်လေပြင်းတိုက်နေလျှင် လျှပ်စစ်မီးခလုတ်များ၊ တီဗွီများ၊ ရေခဲသေတ္တာများကိုလည်း ပိတ်ထားသင့်သည်။ နေအိမ်တွင်းသို့ဝင်သည့် ဘရိတ်ကာများကို ချထားသင့်ပေသည်။

ခြုံ၍တင်ပြရလျှင် မိုးကြိုကာလတွင် မိုးတိမ်တောင်များကြောင့်မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးရွာခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခြင်း၊ လေဆင်နှာမောင်း တိုက်ခြင်း၊ ရေဆင်နှာမောင်းတိုက်ခြင်း၊ စိုက်ဆင်းလေပြင်းတိုက်ခြင်း၊ ပင်လယ်မီးစုန်းတောက်ခြင်းတို့ ဖြစ်ပေါ်တတ်သည်။ ထိုသို့ဖြစ်ပေါ်လျှင် နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်များကိုလည်း ကြုံတွေ့ရတတ်သည်။ အကျိုးဆက်အနေဖြင့် လူနေအဆောက်အအုံများပျက်စီးခြင်း၊ လူနှင့် တိရစ္ဆာန်များ သေကျေထိခိုက်ဒဏ်ရာရရှိခြင်းများ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်အတွက် အကောင်းဆုံးကြိုတင်ပြင်ဆင်ထားသင့်ပေသည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံသားအားလုံးအနေဖြင့် မိုးကြိုကာလတွင်ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ်များကို သတိရှိရှိဖြင့် ကျော်လွှားသွားနိုင်ကြပါစေ။



" သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်သည်။ အထူးသဖြင့် ကျေးလက်နေတောင်သူ ဦးကြီးများသည် ကောက်ပဲသီးနှံများနှင့် မြက်ခြောက်များ၊ ကောက်ရိုးများကိုအမိုးအကာအောက်သို့လုံခြုံစွာ ရွှေ့ပြောင်း ထားသင့်သည်။ လူနှင့် တိရစ္ဆာန်များအတွက် သောက်သုံးရေ စုဆောင်းထားသင့်သည်။ ထို့အပြင် စားနပ်ရိက္ခာလုံလောက် အောင်လည်း ကြိုတင်စုဆောင်းထားသင့် . . . "

## သင်္ကြန်အပြီး စားသောက်ကုန်ဈေးနှုန်းများ တည်ငြိမ် ဈေးဝယ်သူများစည်ကား

**ပုသိမ်ကြီး မေ ၁၉**
မန္တလေးမြို့တွင် သင်္ကြန်အပြီး ဆန်လက်လီလက်ကား ဈေးကွက်တွင် နွေစပါးများပေါ်လာပြီး ဆန်ကြမ်းဇီယာ၊ ညော့မထ၊ ငစိန်ဆန်အမျိုးအစားများ အဝင်များလာသောကြောင့် ရောင်းအားပြန်လည် မြင့်တက်လာပြီး အရည်အသွေးမြင့် ရွှေဘိုမနော၊ မဂျမ်းတော၊ ပေါ်ဆန်းမွှေး အမျိုးအစားများမှာ အိတ်အလိုက်ဈေးနှုန်းများ မြင့်တက်ခြင်းမရှိသောကြောင့် ပုံမှန်ရောင်းအားတွင်ရှိကြောင်း ဆန်စပါးကုန်စည်ဒိုင်မှ သိရသည်။

ပုသိမ်ကြီး၊ အမရပူရမြို့နယ်များတွင် စိုက်ပျိုးသော နွေစပါး ဆန်သစ်မနောသုခတစ်အိတ်ကို ကျပ် ၃၂၀၀၀ ခန့်ရှိသည်။ နွေစပါးများလည်း ထွက်လျက်ရှိရာ မနောသုခအဟောင်း တစ်အိတ်ကျပ် ၄၀၀၀၀ ဝန်းကျင်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဝင်ရောက်သော ပေါ်ဆန်းမွှေး တစ်အိတ် ကျပ် ၄၃၀၀၀၊ ဆင်းသွယ်မွှေး တစ်အိတ် ကျပ် ၄၂၀၀၀ နှင့် ရွှေဘိုမနောသုခ တစ်အိတ် ကျပ် ၄၁၀၀၀၊ မဂျမ်းတော ကျပ် ၄၃၀၀၀ ဝန်းကျင်ဈေးရှိသည်။

စားအုန်းဆီ အဝင်နည်းသဖြင့် တစ်ပိဿာ လက်လီကျပ် ၂၈၀၀ ဝန်းကျင်ရှိပြီး ပဲဆီသန့် တစ်ပိဿာ ကျပ် ၅၂၀၀ ရှိသည်။ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ဝင်ရောက်သော ဟင်းရွက်ဆီ 1kg ကျပ် ၂၀၀၀ ခန့် ဈေးရှိသည်။

စားသောက်ကုန်ဈေးကွက်တွင် ဗမာကြက် တစ်ပိဿာ ကျပ် ၉၀၀၀၊ စီပီမွေးမြူရေးကြက် တစ်ပိဿာ ကျပ် ၇၀၀၀၊ ဆိတ်သား တစ်ပိဿာ ကျပ် ၁၃၀၀၀၊ အမဲသားတစ်ပိဿာ ကျပ် ၁၂၀၀၀၊ ဝက်သားတစ်ပိဿာ ကျပ် ၁၀၀၀၀ ဝန်းကျင်ရှိပြီး မန္တလေး သီရိမင်္ဂလာဈေး ငါးဒိုင်များသို့ ရန်ကုန်မှ ရေခဲရိုက် မွေးမြူရေးငါးများနှင့် ပင်လယ်ငါးများ၊ ပုစွန်များ အဝင်များလာသည်။ ငါးမြစ်ချင်းတစ်ပိဿာ ကျပ် ၁၀၀၀၀၊ မြစ်ငါး တစ်ပိဿာ ကျပ် ၈၀၀၀ ဈေးရှိကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

# မန္တလေးမဟာမြတ်မုနိဘုရားကြီးရှိ အနုပညာပစ္စည်းပြခန်း၌ လေ့လာသူများပြား

**မန္တလေး မေ ၁၉**
မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မဟာမြတ်မုနိဘုရားကြီးရှိ မြန်မာ့လက်မှုအနုပညာ ပစ္စည်းများ ပြခန်းသို့ ဖွင့်ပွဲမတိုင်မီကပင် လာရောက်လေ့လာသူများ အထူးစည်ကားလျက်ရှိသည်။

"ပြခန်းက ဖွင့်ပွဲ မလုပ်ရသေးပါဘူး၊ အနယ်နယ်အရပ်က ဘုရားဖူးပြည်သူတွေ ဝင်ရောက်လေ့လာနိုင်အောင် ဖွင့်လှစ်ပေးထားတာပါ၊ ဘယ်သူမဆို လာရောက်လေ့လာနိုင်ပါတယ်၊ မေ ၂၂ ရက် နံနက်ပိုင်းမှာ ဒီမြန်မာ့လက်မှုအနုပညာပစ္စည်းများပြခန်း ဖွင့်ပွဲ၊ ပြန်လည်ပြုပြင် မွမ်းမံထားတဲ့ ကြေးရုပ်ပြတိုက်ဖွင့်ပွဲရယ်၊ မဟာမုနိဘုရားကျောင်းတော်ကြီး ရွှေချပြီး အနေကဇာတင်လှူပွဲရယ်ပေါင်းပြီး ကျင်းပသွားမှာပါ၊ အနေကဇာတင်လှူပွဲမှာ ဆရာတော်၊ သံဃာတော် အပါး ၁၀၈၀ ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပသွားမှာပါ" ဟု မဟာမြတ်မုနိဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးစိုးလင်းက ပြောသည်။



မြန်မာ့လက်မှုအနုပညာ ပစ္စည်းများပြခန်းတွင် မင်္ဂလာဆွမ်းအုပ်များ၊ ရွှေပန်းအိုး၊ ငွေပန်းအိုး၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေပန်းစိုက်၊ ငွေပန်းစိုက်အစရှိသော ပူဇော်ဖွယ်ပစ္စည်းများ၊ မဟာမုနိဘုရားကြီး ရွှေထီးတော်နှင့် ရွှေထီးတော်၏ သမိုင်းကြောင်းများ၊ ရွှေပန်းထိမ်ပစ္စည်းများ၊ ငွေဖလား၊ ရွှေဖလား၊ ဗုဒ္ဓဆင်းတုတော်များ၊ ဆင်းတုစေတီ၊ ဓမ္မခဏ်များအပြင် ကွမ်းအစ်၊ ထုံးဘူး၊ ဖလား၊ ပန်းအိုး၊ ကြုတ်စသည့် မြန်မာအသုံးအဆောင်ပစ္စည်းများနှင့် ငွေလက်ကြပ်၊ ခြေချင်း၊ ခါးပတ်နှင့် ငွေလက်ဝတ်အဆင်တန်ဆာများ၊ ငှက်ကြီးတောင်ဓား၊ လေးကင်းဓား၊ စလူဖူးဓား၊ ဓားရှည်၊ ဓားလွယ်၊ ဓားမြှောင် အစရှိသော ဓားများနှင့် ဓားအသုံးပြုပုံသမိုင်းများနှင့် အခြားမြန်မာ့လက်မှုအနုပညာပစ္စည်းများ စုံစုံလင်လင် ခင်းကျင်းပြသထားပါတယ်၊ ပြခန်းက မေ ၂၂ ရက်မှာ ဖွင့်ပွဲကျင်းပမှာဆိုပေမယ့် ခုချိန်ကတည်းက ဝင်ရောက်လေ့လာသူတွေ နေ့စဉ်စည်ကားလျက်ရှိပါတယ်" ဟု အဆိုပါ ပြတိုက်ထိန်းသိမ်းရေးတာဝန်ခံ မသူသူလှိုင်က ပြောသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**




## နေပြည်တော်တွင် ဒုတိယတန်းသင်ရိုးသစ် ဆွေးနွေးပွဲနှင့်သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၁၉**
နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ခရိုင်အဆင့် ဒုတိယတန်း (Grade-2) သင်ရိုးသစ်လုပ်ငန်း ဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက မြန်မာ့ပညာရေးစနစ် အရှိန်အဟုန်မြင့် ဖွံ့ဖြိုးတိုးတက်စေဖို့ လက်တွေ့ကျသော ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြောင်းလဲရာတွင်လည်း စနစ်တကျ ခိုင်မာစေရေးအတွက် အမျိုးသားပညာရေး ဥပဒေကိုလည်း ပြဋ္ဌာန်းထားပြီဖြစ်ပါကြောင်းနှင့် နည်းပြဆရာ၊ ဆရာမများအနေဖြင့် သင်ကြားပို့ချမှုအား ဂရုတစိုက် သင်ကြားပေးပြီး သင်တန်းသား ဆရာ၊ ဆရာမများအနေဖြင့်လည်း စနစ်တကျ လေ့လာသင်ယူမှတ်သားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဥတ္တရခရိုင်ပညာရေးမှူး ဦးကြည်ရွှင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး နည်းပြဆရာ ဆရာမများက ဒုတိယတန်းသင်ရိုးသစ် ဂီတဘာသာရပ် အတီးပညာ 'မင်္ဂလာပါ' တေးကဗျာဖြင့် သီဆိုဖျော်ဖြေပေးခဲ့သည်။

ခရိုင်အဆင့်ဆွေးနွေးပွဲတွင် သင်တန်းနည်းပြ ၂၂ ဦးမှ ဥတ္တရခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၂၂၈ ဦးကို မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှု၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ကာယ၊ ပန်းချီ၊ ဂီတ၊ ဘဝတွက်တာ၊ အနုပညာစသည့်ဘာသာရပ် ၁၀ မျိုးအား မေ ၁၉ ရက်မှ မေ ၅ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ဥတ္တရခရိုင်ပညာရေးမှူး ဦးကြည်ရွှင်၊ ဥတ္တရခရိုင်အတွင်းရှိ မြို့နယ်ပညာရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ရွှေရဲရင့် (ပြန်/ဆက်)**

## ဥတ္တရသီရိမြို့နယ် ဖောင်းလောင်ကျေးရွာသို့ သောက်သုံးရေများလှူဒါန်း

**နေပြည်တော် မေ ၁၉**
နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စု ဖောင်းလောင်ကျေးရွာတွင် ယနေ့ နံနက် ၁၁ နာရီတွင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက လီတာ ၂၀ ဆံ့ သောက်ရေသန့်ဘူးများကို ကျေးရွာနေပြည်သူများသို့ ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။



ဖောင်းလောင် ကျေးရွာသည် အိမ်ခြေ ၁၃၀ ရှိပြီး နွေရာသီတွင် သောက်သုံးရေအတွက် အနီးအနားမှချောင်းရေနှင့် လက်နှိပ်တွင်းများမှ ရေကိုရယူသုံးစွဲနေရခြင်းကြောင့် ယခုကဲ့သို့ သောက်ရေသန့်များ လှူဒါန်းရခြင်း ဖြစ်ကြောင်းနှင့် အိမ်သွယ်ရေတိုင်စနစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ရန် လျာထားကျေးရွာတစ်ရွာဖြစ်၍ နောင်နှစ်များတွင် ရေရှားပါးပြတ်လပ်မှုမရှိနိုင်တော့ပါကြောင်း ဥတ္တရသီရိမြို့နယ် တာဝန်ခံအင်ဂျင်နီယာ ဦးပြည့်ဖြိုးအောင်ထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဒုတိယတန်းသင်ရိုးသစ် မြို့နယ်အဆင့် နည်းပြသင်တန်းဆွေးနွေးပွဲ စစ်ကိုင်းတွင်ဖွင့်လှစ်

**စစ်ကိုင်း မေ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဒုတိယတန်းသင်ရိုးသစ်မိတ်ဆက် မြို့နယ်အဆင့် နည်းပြသင်တန်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူးဦးစန်းအောင်က အဖွင့်အမှာစကားပြောကြားပြီးလက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကိုက ဒုတိယတန်း သင်ရိုးသစ်ပြင်ဆင်မှုအတွက် သင်ကြားမှု၊ သင်ယူမှု အခြေအနေများကို တိုင်းဒေသကြီးမှာ သင်တန်းများဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းဆင်းဆရာ ဆရာမများမှတစ်ဆင့် ယခုခရိုင်အဆင့် ပြန်လည်ပို့ချပေးသွားမှာဖြစ်သည့်အတွက် ခရိုင်အတွင်းရှိ မြို့နယ်များမှ ဆရာ ဆရာမများ အနေဖြင့် စိတ်ဝင်စားစွာ သင်ယူသွားကြပြီး လက်တွေ့သင်ကြားမှုနယ်ပယ်တွင် ကလေးငယ်များထံရောက်ရှိအောင် သင်ကြားပြသပေးသွားစေလိုကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းဆွေးနွေးပွဲကို ၁၄ ရက်ကြာ ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ပြီး ခရိုင်အတွင်းရှိ မြို့နယ်များမှ မူလတန်းကျောင်းအုပ်များနှင့် ဆရာ ဆရာမ၊ သင်တန်းသား သင်တန်းသူ ၂၄၃ ဦး တက်ရောက်ကြကြောင်းသိရသည်။



**ဇော်မြင့်နိုင်(ပြန်/ဆက်)**



## ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်ဓာတ်မြတ် ရွှေတိဂုံစေတီတော်သို့ပြည်တော်ဝင် ပင့်ဆောင်ပူဇော်

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီး၏ ဌာပနာအတွင်းမှ ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်ဓာတ်မြတ်တော်အား ပြည်တော်ဝင် ပင့်ဆောင်ခြင်းနှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့အား မေ ၁၉ ရက် နံနက် ၅ နာရီ မိနစ် ၄၀ တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ချမ်းသာကြီးတန်ဆောင်းသို့ ခြေကျင်ခရီးဖြင့် ပင့်ဆောင်ပူဇော်ကြောင်း သိရသည်။

အဆိုပါ ပူဇော်မှုကို ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံ့စွမ်းဆောင်ရည်ဆု ဇေယျာလူမှုထူးချွန်ဆု ကမ္ဘာ့ငြိမ်းချမ်းရေးစေတမန်ဆုများရှင် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဆရာတော်ဦးဆောင်၍ ဂိုဏ်းပေါင်းစုံမှ သံဃာတော်အပါး ၄၅၀၀ နှင့် သီလရှင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး ဒေါ်ခင်မိမိကြွယ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များ လိုက်ပါပင့်ဆောင်ပူဇော်ကြသည်။

ဆံတော်ဓာတ်မြတ်အား ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ချမ်းသာကြီးတန်ဆောင်းသို့ ပင့်ဆောင်ပူဇော်ရာတွင် ဗိုလ်တထောင်ဘုရားလမ်း၊ ကမ်းနားလမ်း၊ သိမ်ဖြူလမ်း၊ ဗညားဒလလမ်း၊ ဦးအောင်မြတ်လမ်း၊ နတ်မောက်လမ်း၊ ဗဟန်းကြားတောရလမ်းအတိုင်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်သို့ ခြေကျင်ခရီးဖြင့် ပင့်ဆောင်ပူဇော်ခြင်းဖြစ်သည်။

ယင်းသို့ ပင့်ဆောင်ပူဇော်ရာ လမ်းတစ်လျှောက်တွင် သံဃာတော်အရှင်သူမြတ်များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှဝန်ထမ်းများနှင့် ဧည့်ပရိသတ်များက ရေသန့်ဘူးနှင့် စနိုးတာဝါများ၊ စားသောက်ဖွယ်ရာများနှင့် ဝတ္ထုငွေများ လှူဒါန်းကြပြီး ပင့်ဆောင်ပူဇော်ရာ လမ်းတစ်လျှောက်ရှိ ရဟန်းရှင်လူပြည်သူအပေါင်းက ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဆံတော်ဓာတ်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ ဆံတော်ဓာတ်မြတ်အား ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ချမ်းသာကြီးတန်ဆောင်း၌ ရဟန်းရှင်လူပြည်သူအပေါင်း ဖူးမြော်ကြည်ညိုနိုင်ရန် ငါးရက်တိုင်တိုင် အပူဇော်ခံထားရှိသွားမည်ဖြစ်ရာ မေ ၂၄ ရက် မွန်းလွဲ ၂ နာရီ ၃၄ မိနစ်တွင် ယနေ့ ပင့်ဆောင်ရာ လမ်းကြောင်းအတိုင်း ဗိုလ်တထောင်စေတီတော်မြတ်သို့ ပြည်တော်ပြန် ပင့်ဆောင်မည်ဖြစ်ပြီး မေ ၂၇ ရက်တွင် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ဌာပနာတိုက်တွင်းသို့ ပြန်လည်ပင့်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## သမိုင်းဝင်ရွှေဟောင်းကော့ဂွန်းဘုရားဂူတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် အထူးစည်ကား

**ဘားအံ မေ ၁၉**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ထင်ရှားကျော်ကြားသည့် သဘာဝထုံးကျောက် လိုဏ်ဂူများအနက်မှ ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဘုရားဂူတော်ကြီးမှာ နေ့စဉ် ပြည်တွင်းပြည်ပဘုရားဖူးများဖြင့်စည်ကားလျက်ရှိပြီး မြန်မာ နှစ်ဆန်း ၂ ရက် (မေ ၁၈ ရက်) မွန်းလွဲ ၁ နာရီက နှစ်စဉ်ကျင်းပပူဇော်မြဲဖြစ်သည့် ဂူတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ဆွမ်းဆန်စိမ်းလောင်းလှူသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲတွင် ပင့်ကျောင်း ၅၃ ကျောင်းမှ သံဃာတော်အရှင်သူမြတ်များ၊ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း အပါး ၅၀၀ ကျော်ကို ဘားအံမြို့ပေါ်နှင့် ကော့ဂွန်း၊ ကော့ဂွန်း(ရွာသစ်)၊ တောင်ကလေး၊ ဘားကပ်၊ ရသေ့ပျံ၊ ပန်းကုံး ၊ ငနက်ပြာ၊ ဆင်ကျုံး၊ ရေတွင်းကုန်း အစရှိသည့် ပတ်ဝန်းကျင်ဒေသများရှိ ကျေးရွာများနှင့် သထုံမြို့တို့မှ အလှူရှင်၊ ကုသိုလ်ရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထု အစုစုတို့ကို စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူခဲ့ကြကြောင်း သိရသည်။

ဘားအံမြို့မှ ဒေါ်နန်းစေအွာက "ကော့ဂွန်းဂူရဲ့ တစ်နှစ်တစ်ခါ ဆွမ်းကြီးလောင်းလှူပွဲကို ကျွန်မအနေနဲ့ ရသေ့ပျံကျေးရွာဇာတိသူဖြစ်တဲ့အတွက် တစ်နှစ်တစ်ခါ ပြန်လာပြီးတော့ လောင်းလှူဖြစ်ပါတယ်၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားလာတာကို တွေ့ရပါတယ်၊ ဒီနှစ်မှာ ထူးခြားတာတစ်ခုက မွန်ပြည်နယ်ဘက်ကနေ ရဟန်း၊ သာမဏေ၊ သီလရှင်တွေ ကြွလာပြီးတော့ ဆွမ်းဆန်စိမ်း အလှူလာခံတာကို တွေ့ရပါတယ်" ဟု ပြောသည်။

ကော့ဂွန်းဂူဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်တွင် လာရောက်ကြသည့် ဘုရားဖူးဧည့်သည်များအား သက်သတ်လွတ် စတုဒိသာဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးသည့်အပြင် ပျော်ပွဲရွှင်ပွဲများအဖြစ် နယ်မြေအသီးသီးမှ လက်ဝှေ့ဝါသနာရှင် လူငယ်များယှဉ်ပြိုင်ထိုးသတ်ကြသည့် ကရင့်ရိုးရာလက်ဝှေ့ယှဉ်ပြိုင်ပွဲများ၊ ဇာတ်သဘင်ပွဲများဖြင့် သုံးရက်တိုင်တိုင် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်က ဒီကော့ဂွန်းဂူဘုရားပွဲကို အခုမှရောက်ဖူးတာပါ၊ စလာလာချင်းကတော့ ဒီလောက်မစည်ကားဘူး၊ ဒီလောက်ထိလည်း လူမများဘူးထင်ထားတာပါ၊ အခုက စဝင်ဝင်ချင်း ကားပါကင်ထိုးမှာ ကတည်းက ဒီလောက်လူများပြီး စည်ကားနေတာဆိုတော့ တအံ့တသြနဲ့ ပီတိဖြစ်ရတာပေါ့၊ သဘာဝပတ်ဝန်းကျင်တွေ၊ လိုဏ်ဂူဘုရားတွေနဲ့ ဒီကဒေသခံတွေရဲ့ ဘာသာတရားကိုင်းရှိုင်းမှုတွေကို မြင်တွေ့ရတဲ့အခါကြတော့ အနယ်နယ်အရပ်ရပ်က ညီအစ်ကို မောင်နှမတွေကို ဒီသမိုင်းဝင်ကော့ဂွန်းဘုရားဂူတော်ကြီးဆီကို လာရောက်ပြီးတော့ ဖူးမြော်ကြည်ညိုစေချင်ပါတယ်" ဟု ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်မှ ဘုရားဖူးလာရောက်သည့် ကိုဇော်ထွေးအောင်က ပြောသည်။

အဆိုပါဂူတော်ကြီးမှာ များပြားလှစွာသော နံရံကပ်အုတ်ခွက်ဘုရားများ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ ရှေးဟောင်းကမ္ပည်းစာနှင့် ရှေးလက်ရာ ရုပ်လုံးရုပ်ကြွများ ကိန်းဝပ်စံပယ်တော်မူသည့်အတွက်ကြောင့် မြန်မာ့သမိုင်းတွင် တန်ဖိုးကြီးမားသော ထင်ရှားကျော်ကြားသည့် ရှေ့ဟောင်းလိုဏ်ဂူတစ်ခုဖြစ်ကြောင်း၊ ဗုဒ္ဓပူဇနိယပွဲတော်နေ့မဟုတ်သည့် သာမန်နေ့ရက်များတွင်ပင် ပြည်တွင်းပြည်ပဘုရားဖူးခရီးသွားဧည့်သည်များ နေ့စဉ် ၁၅၀၀ ခန့် လာရောက်လည်ပတ်ဖူးမြော်ကြကြောင်း၊ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များ၊ အားလပ်ရက်များတွင် လာရောက်လည်ပတ်ဖူးမြော်သူ ပိုမိုစည်ကားများပြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**



## ကြခင်း၌ မြေဆီလွှာဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းသရုပ်ပြ

**ကြခင်း မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြခင်းမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း သရုပ်ပြပွဲကို မေ ၁၉ ရက် နံနက် ၈ နာရီက ဆုံလဲစခန်းနယ်မြေ ကဇင်းကြီးကျေးရွာ၌ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆုံလဲစခန်းနယ်မြေရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံ တောင်သူများ တက်ရောက်ကြသည်။

စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြူကြူမွှေးက မြေဆီလွှာဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း သရုပ်ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ မြေနမူနာယူခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကဇင်းကြီးကျေးရွာရှိ ကွင်းအမှတ် (၃၈)၊ ဦးပိုင် (၉၀/၂) တောင်သူ ဒေါ်မြင့်သန်း၏ လယ်မြေတွင်မြေနမူနာယူပြီး လက်တွေ့ဆောင်ရွက်ပြသပြီးနောက် မြို့နယ်မြေအသုံးချတာဝန်ခံဒေါ်ဖြူဖြူစိန်က မြေဆီလွှာတွင်ပါဝင်သည့် အချဉ်အငန်ဓာတ်၊ နိုက်ထရိုဂျင်ပါဝင်မှု၊ ဖော့စပိတ်ဓာတ်ပါဝင်မှု အခြေအနေများကို မြေဆီလွှာစစ်ဆေးရေး ဓာတ်ခွဲသေတ္တာဖြင့် လက်တွေ့စမ်းသပ်စစ်ဆေးသရုပ်ပြသခဲ့သည်။

"တောင်သူတွေအနေနဲ့ မိမိလယ်ယာမြေ၏ မြေချဉ်ငန်ကိန်းကိုသိရှိပြီး စိုက်ပျိုးမည့်သီးနှံနှင့် လိုက်လျောညီထွေရှိစေမည့် မြေယာပြုပြင်တတ်စေရန်၊ အာဟာရဓာတ်ပါဝင်မှုဖြင့် သီးနှံအလိုက်လိုအပ်သောသွင်းအားစုများကို ထည့်သွင်းပေးခြင်းဖြင့် ကုန်ကျစရိတ်သက်သာပြီး သီးနှံများ၏ အရည်အသွေးကောင်းမွန်ကာ အထွက်နှုန်းတိုးတက်လာစေရန်၊ လယ်ယာမြေများမြေဆီလွှာပျက်စီးဆုံးရှုံးမှုကိုကာကွယ်ပေးပြီး မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိနှင့်ဓာတ်ဂုဏ်သတ္တိများ တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်၍ ကြခင်းတစ်မြို့နယ်လုံးတွင် စခန်းနယ်မြေအလိုက် မြေဆီလွှာဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနဲ့ သရုပ်ပြသခြင်းများ ဆက်လက်ဆောင်ရွက်သွားပါမယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးဒေါ်ကြူကြူမွှေးက ပြောသည်။

**ဝတ်ရည်(မယ်စဲ့)**

## လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

**ပဲခူး မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် လွှတ်တော် ကိုယ်စားလှယ်များနှင့်အတူ မေ ၁၈ ရက် နံနက်ပိုင်းက နတ်တလင်းမြို့နယ်နှင့် ပေါင်းတည်မြို့နယ်များ၌ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့်နေရာသို့ ကွင်းဆင်းကြည့်ရှုပြီး ပြိုကျနေအိမ်များမှ ပြည်သူများအား ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံအားပေးစကားများပြောကြားကာ ထောက်ပံ့ငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများပေးအပ်ခဲ့သည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပေါင်းတည်မြို့နယ် ကြာနီကန်ကျေးရွာအုပ်စု ရှားပေါင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မေ ၁၆ ရက် က လေပြင်းတိုက်ခတ်မှုကြောင့် လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကာ ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်သည် မျှော်မှန်း၍မရသော်လည်း ထိခိုက်ခံရမှု အနည်းဆုံးဖြစ်အောင် ကြိုတင်စီမံထား၍ ရရှိပါကြောင်း၊ နှစ်စဉ် ရေကြီးခြင်း၊ ကမ်းပါးပြိုခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ လေပြင်းတိုက်ခတ်ရာ နေရာဒေသများတွင် မိုးလေဒဏ်ခံနိုင်သည့် Cyclone Shelter များ တည်ဆောက်ပေးခြင်းအားဖြင့် ရေကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများအား ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်သည့် ဒေသများတွင် နှစ်စဉ်ရရှိသည့် ဘတ်ဂျက်များအပေါ် Cyclone Shelter တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း အစိုးရနှင့်အတူ လက်တွဲပြီး လူမှုကူညီရေးလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က မေ ၁၆ ရက်က ပေါင်းတည်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့သည့် နေအိမ်များနှင့် သေဆုံးသူတစ်ဦးအတွက် ထောက်ပံ့ငွေ ၃၂၇၈၆၁၄၄ကျပ်နှင့် ထောက်ပံ့ရေးပစ္စည်း ၁၉ မျိုးကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း လေပြင်းများ တိုက်ခတ်ခဲ့မှုကြောင့် မေ ၁၂ ရက်တွင် ကဝမြို့နယ် အဒူးကျေးရွာ၌ နေအိမ်တစ်လုံး၊ မေ ၁၆ ရက်တွင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ပြည်တော်သာရပ်ကွက်တွင် နေအိမ်ခုနစ်လုံး၊ ပေါင်းတည်မြို့နယ် ဘိုးသာအောင်ကုန်း ကျေးရွာအုပ်စု မဲခေါင်းကျေးရွာအုပ်စု၊ ကြာနီကန်ကျေးရွာအုပ်စု၊ ထန်းတပင်ကျေးရွာအုပ်စုတို့ရှိ ကျေးရွာ ၁၄ ရွာ၌ နေအိမ် ၅၃၇ လုံးနှင့် သေဆုံးသူ တစ်ဦး၊ နတ်တလင်းမြို့နယ် ကျေးရွာအုပ်စုသုံးစု ကျေးရွာ၁၀ ရွာ၌ နေအိမ် ၁၅၆ လုံးနှင့် အ-မ-ကကျောင်းတစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းငါးကျောင်း၊ ကြို့ပင်ကောက်မြို့နယ် ကျွဲသေကျေးရွာ၌ နေအိမ်တစ်လုံး၊ ရေတာရှည်မြို့နယ် ဆွာမင်းလမ်းအုပ်စု ဇလုပ်ကြီးအုပ်စုတို့ရှိ ကျေးရွာလေးရွာ၌ နေအိမ် ၁၀ လုံးနှင့် ပြည်မြို့နယ် သူဌေးကုန်းကျေးရွာအုပ်စု လှည်းသေရွာ၌ နေအိမ်တစ်လုံးတို့ အမိုးလန်ခြင်း၊ ပြိုကျခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် မေ ၁၂ ရက်မှ ၁၇ ရက်အတွင်း ပဲခူးတိုင်းဒေသကြီးတွင် လေပြင်းတိုက်ခတ်မှုကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန၏ ထောက်ပံ့မှုအနေဖြင့် ပြိုလဲပျက်စီးနေအိမ် ၃၇ လုံး၊ အမိုးလန်နေအိမ် ၆၇၆ လုံး စုစုပေါင်းနေအိမ် ၇၁၃ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး စုစုပေါင်း ကျပ် ၃၈၈၈၆၆၀၀၊ လူဦးရေ ၂၂၁ ဦးအတွက် ဆန်ရိက္ခာဖိုး ခုနစ်ရက်စာ ကျပ် ၂၈၁၄၀၀၊ ပြိုလဲပျက်စီးနေအိမ် ၃၇ လုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၉ မျိုး တန်ဖိုး ၁၃၅၉၁၂၄ ကျပ် သေဆုံးသူတစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၀ နှင့် ဒဏ်ရာရရှိသူနှစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ စုစုပေါင်းထောက်ပံ့ ငွေ ၄၁၀၇၇၁၂၄ ကျပ် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# အင်းဝ၊ ဘရွတ်ကလင်းနှင့် မြောင်းမြ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

သက္ကရာဇ် ၈၀၄ ခုနှစ်က စစ်ကိုင်းထူပါရုံစေတီဒါယကာ နရပတိမင်းကြီးက အင်းဝမှ ဧရာဝတီမြစ်တစ်ဖက်ကမ်း ရှိစစ်ကိုင်းသို့ သစ်သား၊ ဝါးတံတားကြီးတစ်ခုယာယီထိုးခဲ့ ဖူးသည်။ သက္ကရာဇ် ၈၂၁ ခုနှစ်တွင်လည်း အလားတူ တံတားတည်ဆောက်ခဲ့ပြီး ဘုရားပွဲလာပြည်သူများသွား လာနိုင်စေရန်ကူညီပေးခဲ့ဖူးသည်။ သို့သော် ယာယီမျှ သာဖြစ်ပြီး ပထမဆုံးဧရာဝတီမြစ်ကူးတံတားဖြစ်ခဲ့ သည်။

**အင်းဝတံတား**

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ထားစဉ် အလယ်ပိုင်းဒေသသည် နိုင်ငံ၏ အချက်အချာနေရာ တစ်ခုဖြစ်သည်ကို သိထားကြပုံရသည်။ ဧရာဝတီမြစ်ကြီး ကိုဖြတ်ပြီး နိုင်ငံ၏အရှေ့နှင့် အနောက်၊ တောင်နှင့် မြောက်တို့ကိုသာမက အနောက်ဘက် အိန္ဒိယနိုင်ငံ မြောက်ဘက် တရုတ်နိုင်ငံတို့နှင့်ပါ ဆက်သွယ်နိုင်ကြောင်း သိကြသည်နှင့် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့အကြား ဧရာဝတီမြစ်ကြီးကိုဖြတ်ပြီး တံတားတစ်စင်းဆောက်လုပ် ကြသည်။ ၁၉၂၇ ခုနှစ်က မြန်မာနိုင်ငံ၏ပထမဆုံးဘုရင်ခံ ဆာဟာကုတ်ဘတ်တလာက ဧရာဝတီမြစ်ကူးတံတား တစ်ခုတည်ဆောက်ရန်အုတ်မြစ်ချပေးခဲ့သည်။ ထိုစဉ်က အင်းဝတံတားဟုခေါ်ဝေါ်လျက် ၁၉၃၄ ခုနှစ် ဇန်နဝါရီ လ ၂ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ သံပေါင်ပေါင်းကူးဖြစ်ပြီး တံတားအရှည်ပေပေါင်း ၂၉၄၈ ပေ၊ အမြင့် ၁၀၂ ပေ၊ ရက်မကြီးကိုးခု၊ ရက်မလတ်တစ်ခု၊ ရက်မငယ် ခြောက်ခု ရှိသည်။ ရက်မကြီးတစ်ခုလျှင် အလျားပေ ၃၅၀၊ ရက်မ လတ်တစ်ခုသည် အလျားပေ ၂၅၀ စီရှိသည်။ အပိုင်း အဆက်ရက်မတိုမှာ ပေ ၆၀စီရှိပြီး သံတန်ချိန်ပေါင်း ၁၁၁၄၅ တန်အသုံးပြုခဲ့ကြောင်း သိရသည်။ထိုတံတား ကြီးကြောင့် ကူးသန်းသွားလာရေး ကောင်းမွန်လာသလို ဗြိတိသျှတို့အတွက်လည်း စစ်ရေးမဟာဗျူဟာ တံတား ကြီး ဖြစ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော ဗမာ့ လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်များပူးပေါင်းပြီး အင်္ဂလိပ်တို့ကိုတိုက်ခိုက်သဖြင့် အင်္ဂလိပ်တို့ အရေးနိမ့်ပြီး ဆုတ်ခွာကြရသောအခါ အင်းဝတံတားထိပ်သို့ ရောက် လာကြသည်။

၁၉၄၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့ဖြစ်သည်။ တံတား ထိပ်တွင်ရေးထားသည်က ခံနိုင်ဝန် ခြောက်တန်ဟု ဆို သည်။ ဗြိတိသျှတင့်ကားကြီးများ၏ အလေးချိန်က ၁၃ တန်ဖြစ်ရာ ဖြတ်ကူးရန်မဖြစ်နိုင်ဖြစ်နေသည်။ ဗြိတိသျှ ဗိုလ်ချုပ်စလင်းကထိုတံတားကို ဘယ်သူဆောက်တာလဲ ဟု မေးခွန်းထုတ်လိုက်ရာ၊ အရာရှိတစ်ဦးက တံတားနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ ထုတ်ပြသည်။ ဗြိတိသျှတို့သည် စစ်ဖြစ်နေဆဲ ကာလမှာပင် ထိုသို့ သော သတင်းအချက်အလက်တို့ကိုချက်ချင်း တစ်ပြေးညီ ထုတ်ပေးနိုင်သည်ကို တွေ့ရသည်မှာ ဝန်ထမ်းအဖွဲ့၏ တိကျသောတာဝန်ခံမှုကို ပြသလိုက်ခြင်းဖြစ်သည်။ အင်းဝတံတားကြီးကို တည်ဆောက်သည့် ကုမ္ပဏီမှာ ရန်ဒဲလ်ပါမားနှင့် ထရစ်တန်တို့ဖြစ်သည်။ဗြိတိသျှတို့၏ နာမည်ကျော်အင်ဂျင်နီယာများ ဖြစ်သည်။ ဗိုလ်ချုပ် စလင်းက ထိုအင်ဂျင်နီယာကြီးများကို အပြည့်အဝ ယုံကြည်သည်။ သို့နှင့် ၁၃ တန်လေးသောစတီးဝပ် တင့်ကားကြီးများသည် တစ်စီးပြီးတစ်စီးဖြတ်ကူးကြသည်။ အသက်ရှူမှားလောက်အောင် ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်ကြရသည်။ တင့်ကားကြီးအားလုံး အောင်မြင်စွာ ဖြတ်ကျော်သွားနိုင်ကြသည်။ ဗိုလ်ချုပ် စလင်းကိုယ်တိုင်ကလည်း သူတို့ဗြိတိသျှတို့သည်တာဝန် ဝတ္တရားကို အလေးအနက်ထား ဆောင်ရွက်ကြသူများဖြစ် အောင် လေ့ကျင့်ထားပြီးဖြစ်သဖြင့် အောင်မြင်ရမည် ဟု ယုံကြည်ပြီးသားဖြစ်နေသည်။ ဖြတ်ကျော်ပြီး နောက် ၁၉၄၂ ခုနှစ် ဧပြီ ၃၀ ရက် ည ၁၁ နာရီ ၅၉ မိနစ်တိတိ တွင် အင်းဝတံတားကြီးကို ဖောက်ခွဲဖြိုချပစ် လိုက်သည်။ စစ်ကြီးအပြီး မြန်မာအစိုးရက ကျပ်သိန်း ၈၀ (အချို့ စာရင်းအရ ကျပ် ၅၇ သိန်း) အကုန်ခံကာ ပြန်လည် ပြင်ဆင်ပြီး ၁၉၅၄ ခုနှစ် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက နိုင်ငံတော်သမ္မတကြီး ဦးဘဦးက ဖွင့်လှစ် ပေးခဲ့ကြောင်း သိရသည်။ မီးရထားရော ကားပါ ဖြတ်သန်းနိုင်သည့် အင်းဝတံတားကြီးသည် သက်တမ်း ၇၀ ကျော်ပြီဖြစ်သဖြင့် လက်ရှိတံတားကြီး၏ ရေဆန် ဘက် ပေ ၂၀၀၀ အကွာတွင် ဧရာဝတီတံတား (ရတနာပုံ)ကို အရှည် ၅၆၁၄ ပေ၊ ပင်မသံပေါင် ၃၆၉၄ ပေကိုတည်ဆောက်ခဲ့ပါသည်။ မူလအင်းဝတံတား မှာမူ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် သက်တမ်း ၈၄ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ မြန်မာ့သမိုင်းတွင် ထင်ရှား သော တာဝန်ကျေသော တံတားတစ်စင်းအဖြစ် အသိ အမှတ်ပြုခံရမည့် တံတားကြီးဖြစ်ပေသည်။

တံတားကြီးမရှိလျှင်မြစ်ကြီး၏ ဟိုဘက်သည်ဘက်ကို မည်သို့ဖြတ်သန်းကြမည်နည်း။ တံတားမရှိမှ တံတား ကြီး၏ ကျေးဇူးကိုနားလည်လာကြသည်။ ကမ္ဘာအနှံ့ တံတားကြီးများစွာရှိနေသလို ကျွန်တော်တို့နိုင်ငံမှာလည်း တံတားကြီးငယ်များစွာ တည်ဆောက်ထားကြသည်။ တံတားကြီးများကြောင့် သွားလာရေး၊ စီးပွားရေး၊ လူမှု ရေး အစစအဆင်ပြေသည်။ တံတားကြီးများသည် အရှေ့နှင့် အနောက်၊ တောင်နှင့် မြောက်အရပ်လေး မျက်နှာကို အချိန်မရွေး ဆက်သွယ်ပေးနေသည်။သူ့ ကျောပေါ်မှနင်းလျှောက်သွားသူများကို အပြုံးမပျက် အကျိုးပြုလျက်ရှိနေသည်သာဖြစ်သည်။ ဝေးနေသူများ ကို နီးစေသည်။ ရင်းနှီးစေသည်။ ချစ်ခင်စည်းလုံးမှုကိုပေး သည်။ အချင်းချင်းနားလည်မှုများ တည်ဆောက်နိုင်အောင် ဆောင်ရွက်ပေးနေသည်သာဖြစ်သည်။

**ဘရွတ်ကလင်းတံတား**

Brooklyn Bridge. ဘရွတ်ကလင်းတံတားကြီး သည် အမေရိကန်နိုင်ငံနယူးယောက်မြို့ မန်ဟတ်တန် နှင့် ဘရွတ်ကလင်းကြားရှိ မြစ်ကိုဆက်သွယ်ထားသည့် ကမ္ဘာကျော်ကြိုးတံတားကြီးဖြစ်သည်။ ယင်းကိုဂျွန်ရိုး



ဘလင်းနှင့် ဝါရှင်တန်ရိုးဘလင်းတို့သားအဖက တည် ဆောက်ခဲ့ခြင်းဖြစ်သည်။ ၁၈၆၉ ခုနှစ်က ထိုကဲ့သို့သော ကြိုးတံတားမျိုးကို မည်သည့်အင်ဂျင်နီယာ မည်သည့် တည်ဆောက်ရေးပါရဂူကမျှ မထောက်ခံခဲ့ပါ။ ဖြစ်နိုင် ခြေနည်းသောကြောင့် ဖြစ်သည်။ သို့သော်ထိုသားအဖ တို့သည် ဘဏ်လုပ်ငန်းရှင်တို့၏ထောက်ပံ့မှုများဖြင့် ကြိုးတံတားကြီးကို တည်ဆောက်ခဲ့ကြသည်။ စတင် ဆောက်လုပ်ပြီး လအနည်းငယ်အကြာတွင် တံတားတည် ဆောက်မှု အန္တရာယ်တစ်ခုကြောင့် ဖခင်ဖြစ်သူဂျွန်ရိုး ဘလင်း ရုတ်တရက်ကွယ်လွန်သွားခဲ့သည်။ အလားတူ ပင် ထိုမတော်တဆဖြစ်မှုကြောင့် သားဖြစ်သူ ဝါရှင်တန် ရိုးဘလင်းကလည်း စကားမပြောနိုင်၊ လမ်းမလျှောက် နိုင်တော့သည့် ဒုက္ခိတဘဝရောက်သွားခဲ့ရသည်။ ထိုသို့ သော အခြေအနေဆိုးကြီးကြောင့် တံတားဆက်လက် တည်ဆောက်ရေးမှာ မဖြစ်နိုင်တော့သည့် အခြေအနေ ဖြစ်သွားသည်။ သို့သော် ဝါရှင်တန်ရိုးဘလင်းသည် လှုပ်ရှားနိုင်သေးသော သူ့လက်ချောင်းကလေးတစ်ချောင်း ဖြင့် လမ်းညွှန်ကာ ဆက်လက်တည်ဆောက်စေသည်။ သူ၏ဦးနှောက်က ကောင်းနေသေးသဖြင့် သူဖြစ်စေလို သည့် အချက်များကို သူ၏ဇနီးသည်၏ လက်မောင်းကို တို့ကာ၊ ကြေးနန်းရိုက်သလို သင်္ကေတပြ ဆက်သွယ်ခြင်း ဖြင့် တည်ဆောက်ရေးအင်ဂျင်နီယာများ၊ လုပ်သားများကို ညွှန်ကြားခဲ့သည်။ ထိုသို့ဖြင့် ၁၃ နှစ်ကြာသော ၁၈၈၃ ခုနှစ်တွင် ဘရွတ်ကလင်းကြိုးတံတားကြီးကို ဖွင့်လှစ်နိုင် ခဲ့ပေသည်။

**မြောင်းမြတံတား**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်မြောင်းမြမြို့ ရှိ မြောင်းမြမြစ်ကူးကြိုးတံတားကြီးသည် အရှည်ပေ ၁၂၇၀၊ တံတားအကျယ် ၂၈ ပေရှိပြီး ၁၉၉၆ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည်။ ၂၂နှစ်အကြာ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့ နံနက် ၁ နာရီ ၄၅ မိနစ်တွင် မြောင်းမြ မြစ်အတွင်းသို့ ပြတ်ကျသွားခဲ့သည်။ ထိုသတင်းသည်ကား ဝမ်းနည်းဖွယ်ဖြစ်သည်။ တံတားနှင့်အတူ လူနှစ်ဦးပါ သေဆုံးခဲ့ရသေးသည်။ အဓိကကျသောတံတားဖြစ်ခြင်း ကြောင့် ဒေသခံများအတွက် အခက်အခဲများစွာဖြစ်စေ သည်။ ကူးသန်းသွားလာရေးကို များစွာထိခိုက်စေခဲ့ သည်။ တံတားတည်ဆောက်ခြင်းနှင့် ပတ်သက်၍လည်း လေ့လာ စောကြောဖွယ်များစွာ ဖြစ်လာခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က လူ့အသက်တစ်ချောင်း တန်ဖိုးဖြတ်မရဆိုသည့် အတိုင်း ဆုံးရှုံးနစ်နာရမှုမှာ တန်ဖိုးဖြတ်၍မရနိုင်ကြောင်း၊ ကျိုးကျသွားသော ကြိုးတံတားဘေးတွင် တည်ဆောက် လျက်ရှိသည့် တံတားအသစ်နှင့် ပတ်သက်၍ နောင်တွင် ပြောစရာမဖြစ်အောင်စနစ်တကျဆောင်ရွက်ရန် လိုအပ် ကြောင်း၊ ဂျပန်နိုင်ငံမှပညာရှင်များ၊ တရုတ်နိုင်ငံမှပညာ ရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ပညာရှင် များနှင့် တိုင်ပင်ဆွေးနွေးပြီး တံတားဒီဇိုင်းပြောင်းလဲလိုက် ၍ တစ်နှစ်အတွင်းပြီးစီးနိုင်မည်ဆိုသော်လည်း ရေရှည် ဘေးကင်းလုံခြုံရေးအတွက် အာမခံချက်အပြည့်အဝရှိ ရဲ့လား၊ အရည်အသွေးမီရဲ့လားစသည်အားဖြင့် ဘက် ပေါင်းစုံမှ ပြန်လည်လေ့လာသုံးသပ်ပြီးမှ ဆောင်ရွက် ရန် အရည်အသွေးစစ်ဆေးရေးအဖွဲ့ကို သီးခြားလွတ်လပ် သော စစ်ဆေးရေးအဖွဲ့ဖြင့်သာ ဆောင်ရွက်ရန်ဖြစ် ကြောင်း၊ ထိုအရည်အသွေးစစ်ဆေးရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရက ရှာပေးမည်ဖြစ်ကြောင်း၊ အလား တူ တစ်နိုင်ငံလုံးတွင် ကျန်ရှိနေသော ကြိုးတံတား၂၉ စင်းကိုလည်း ကြံ့ခိုင်မှုအရည်အသွေးစစ်ဆေးမှုများ အမြန်ဆုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း စသည်ဖြင့် ဧပြီ ၁၀ ရက်က မြောင်းမြမြို့သို့ ရောက်ရှိစဉ်ပြောကြားသွား ပါသည်။

အမြဲကုသိုလ်ရနေစေတဲ့ အလှူခုနစ်မျိုးရှိပါသည်။

၁။ သစ်ပင်ပန်းပင်ဥယျာဉ်စိုက်ပျိုးခြင်း
၂။ အရိပ်ရအပင်များစိုက်ပျိုးခြင်း
၃။ လမ်းတံတား၊ မြစ်ချောင်းအင်းအိုင်များ ဆောက်လုပ် လှူဒါန်းကူညီပေးခြင်း
၄။ ရေချမ်းစင်လှူဒါန်းခြင်း
၅။ ရေလှောင်တာတမံ၊ ရေတွင်းရေကန်လှူဒါန်းခြင်း
၆။ ဇရပ်၊ ဂူ၊ ကျောင်းဆောက်လုပ်လှူဒါန်းခြင်း
၇။ ဆေး၊ ဆွမ်းပဒေသာပင်များလှူဒါန်းခြင်း စသည် တို့ဖြစ်ပါသည်။

ဘရွတ်ကလင်းကြိုးတံတားကြီးသည် မဖြစ်နိုင်ဟူသော အခြေအနေများကို ကျော်လွှားကာ အခက်အခဲများစွာကို ကျော်ဖြတ်ပြီးဆောက်လုပ်နိုင်ခဲ့သည့် လူသားတို့၏ အရည်အချင်းကို ကောင်းစွာပြသနိုင်ခဲ့သည်ကို တွေ့နိုင် ပါသည်။

အင်းဝတံတားကြီးနှင့် မြောင်းမြတံတားကြီးနှစ်စင်း တို့ကိုယှဉ်ကြည့်မိရာ အင်းဝလိုတောင့်တင်းကြံ့ခိုင်စေ ဖို့၊ မြောင်းမြလိုကြံ့ခိုင်အားညံ့မသွားစေဖို့ နောင်အစဉ် ဂရုပြုသင့်ပါပေသည်ဟု စိတ်ထဲအတွေးဝင်လာမိပါသည်။

တံတားကြီးများကြောင့် အများကောင်းကျိုးရကြပါ သည်။ တံတားကြီးများတည်ဆောက်ခွင့်ရခြင်းမှာ အများ ကောင်းကျိုးကို များစွာဆောင်ရွက်နိုင်ခွင့်ရသည့် ကုသိုလ် ကောင်းမှုကြီးတစ်ခုကို ဆောင်ရွက်ခွင့်ရခြင်းဖြစ်ပါသည်။ တံတားများတည်ဆောက်ခြင်းနှင့်အတူ နိုင်ငံတော်ကြီး ပြုပြင်တည်ဆောက်ရာတိုင်းမှာလည်း နိုင်ငံသားတိုင်း စေတနာ၊ မေတ္တာတရားများ ပြည့်ဝစွာဖြင့် ဆောင်ရွက် နိုင်ကြပါစေကြောင်း ဆန္ဒပြုလိုပါသည်။။

u,fjum;-
(84)Ejynfh i;0wwfm;-q,fi8f

“ တံတားကြီးများသည် အရှေ့နှင့် အနောက်၊ တောင်နှင့် မြောက် အရပ်လေးမျက်နှာကို အချိန်မရွေး ဆက်သွယ်ပေးနေ...
သူ့ကျောပေါ်မှနင်းလျှောက်သွားသူများကို အပြုံးမပျက် အကျိုးပြုလျက်ရှိနေ...
ဝေးနေသူများကို နီးစေသည်၊ ရင်းနှီးစေသည်။
ချစ်ခင်စည်းလုံးမှုကိုပေးသည်။ အချင်းချင်းနားလည်မှုများ တည်ဆောက်နိုင်အောင် ဆောင်ရွက်ပေးနေ... ”



## ရုပ်သံအစီအစဉ်သစ်နဲ့ ပြန်လည်ပေါ်ထွက်လာမယ့် ဆူလီ

အနုပညာလှုပ်ရှားမှုတွေနည်းပါးနေခဲ့တဲ့ တောင်ကိုရီးယားမင်းသမီး ဆူလီဟာ မကြာမီမှာတော့ ရုပ်သံအစီအစဉ်သစ်နဲ့အတူ ရုပ်မြင်သံကြားပေါ် ပြန်လည်ပေါ်ထွက်လာတော့မှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၁၈ ရက်မှာတော့ ဆူလီရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က ဆူလီဟာ ရုပ်သံအစီအစဉ်သစ်မှာပါဝင်သွားဖို့ရာ ပြင်ဆင်နေကြောင်း၊ ရိုက်ကူးရေးစတင်မယ့်ရက်နဲ့ ထုတ်လွှင့်ပြသသွားမယ့် ရုပ်သံလိုင်းကိုတော့ လက်ရှိအချိန်အထိ ရွေးချယ်ဆုံးဖြတ်ပြီးခြင်းမရှိသေးကြောင်း တစ်ပါတည်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

အဆိုပါရုပ်သံအစီအစဉ်ဟာ နေထိုင်မှုပုံစံကို ရိုက်ကူးတင်ဆက်သွားမယ့် အစီအစဉ်မျိုးဖြစ်ပြီး ဆူလီရဲ့ဘဝကို လေ့လာခွင့်ရကြမှာဖြစ်ပါတယ်။ ဒါ့အပြင် ဆူလီဟာ ရုပ်သံဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့ အရောက်ပြန်လာဖို့ရာ ပါဝင်သွားမယ့် ဇာတ်လမ်းကို ရွေးချယ်နေကြောင်းလည်း သိရပါတယ်။

အေးပြည့် ရေးသားသည်

## အသက် ၁၈ နှစ်ခန့်ငယ်သည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် ဟမ်စိုးဝန် လက်ထပ်

တောင်ကိုရီးယားမင်းသမီးတစ်ဦးဖြစ်တဲ့ ဟမ်စိုးဝန်ဟာ မကြာသေးမီက တရုတ်လူမျိုးစီးပွားရေးလုပ်ငန်းရှင်တစ်ဦးနဲ့ လက်ထပ်ခဲ့တာဖြစ်ပါတယ်။ ခင်ပွန်းဖြစ်သူဟာ သူ့ထက် အသက်အရွယ်အားဖြင့် ၁၈ နှစ်ခန့် ပိုငယ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဟမ်စိုးဝန်ရဲ့ ခင်ပွန်းဖြစ်သူက ဂျင်ဟာ ဖြစ်ပါတယ်။ သူ့ထက် ၁၈ နှစ်ငယ်သူဖြစ်ကာ ဟမ်စိုးဝန်ဟာ မကြာမီ မေလအတွင်း ၄၂ နှစ်ပြည့်တော့မှာဖြစ်ပြီး ဂျင်ဟာကတော့ ၂၄ နှစ်အရွယ်သာ ရှိသေးတာဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ မိတ်ဆွေတစ်ဦးကြောင့် စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး မြင်မြင်ချင်းမှာပင် ဂျင်ဟာက ဟမ်စိုးဝန်ကို ချစ်ခင်မိခဲ့တာဖြစ်ကြောင်း ကိုရီးယားမီဒီယာတွေကို ဂျင်ဟာက ဖွင့်ဟခဲ့ပါတယ်။ စတင်တွေ့ဆုံခဲ့စဉ်က ဟမ်စိုးဝန်ကို အသက် ၂၀ ဝန်းကျင်လို့သာ ထင်ခဲ့ပေမယ့် သူ့ရဲ့အသက်အမှန်ကို သိခဲ့ရပြီးနောက်မှာတော့ လက်ထပ်လိုခဲ့တာဖြစ်ကြောင်းလည်း ဂျင်ဟာက ဆိုပါတယ်။

သူတို့နှစ်ဦး လက်ထပ်မယ့်ကိစ္စနဲ့ပတ်သက်ပြီး မိဘတွေကအစပိုင်းမှာ အပြင်းအထန် ကန့်ကွက်ခဲ့ကြကြောင်း၊ ဒီလိုကန့်ကွက်ရတာဟာ သူတို့နှစ်ဦးအကြား အသက်အရွယ်ကွာခြားမှု အလွန်ကြီးမားတာကြောင့်ဖြစ်ကြောင်းနဲ့ နောက်ပိုင်းမှာတော့ လက်ခံပေးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဂျင်ဟာရဲ့မိဘတွေဟာ တရုတ်နိုင်ငံမှာ စီးပွားရေးလုပ်ငန်းကြီးကို လုပ်ကိုင်နေသူတွေဖြစ်ပြီး ဂျင်ဟာကိုယ်တိုင်ကလည်း အဝတ်အထည်တွေရောင်းချတဲ့ ဝက်ဘ်ဆိုဒ်တစ်ခုကို တည်ထောင်ဖွင့်လှစ်ထားသူဖြစ်ပါတယ်။ ဒါ့အပြင် တောင်ကိုရီးယားမှာ ကေပေ့ါ်ပ်ကြယ်ပွင့်တစ်ဦးဖြစ်ဖို့အတွက် လေ့ကျင့်သင်ကြားနေသူတစ်ဦးလည်း ဖြစ်ပါတယ်။

ဟမ်စိုးဝန်နဲ့ ဂျင်ဟာတို့ဟာ တောင်ကိုရီးယားမှာရော တရုတ်မှာပါ လက်ထပ်မှတ်ပုံတင်ခဲ့ကြပြီး သူတို့နှစ်ဦးရဲ့ မင်္ဂလာဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့ရာမှာတော့ အနောက်တိုင်းဝတ်စုံတွေသာမက ကိုရီးယားရိုးရာဝတ်စုံကိုပါ ဝတ်ဆင်ရိုက်ကူးခဲ့တာ တွေ့ရပါတယ်။





## အချစ်ကိုဆုံးရှုံးခဲ့ရတဲ့ စုံထောက်တစ်ဦးအဖြစ် တွေ့မြင်ရမယ့် ရိန်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ ရိန်းဟာ သူ့ရဲ့ ရုပ်သံဇာတ်လမ်းတွဲသစ်မှာတော့ ချစ်သူကိုဆုံးရှုံးခဲ့ရတဲ့ စုံထောက်တစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်ပါတယ်။ လတ်တလောမှာတော့ ယင်းဇာတ်လမ်းတွဲရုပ်ရှင် "Sketch"မှာ ပါဝင်ထားတဲ့ ရိန်းရဲ့ ဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့ရာမှာတော့ မင်းသားဟာ တကယ့်ကို အချစ်ကိုဆုံးရှုံးခဲ့ရသူ စုံထောက်တစ်ဦးအဖြစ် ဇာတ်ကောင်နဲ့ လိုက်ဖက်အောင် ပြင်ဆင်ပြောင်းလဲထားတာကို တွေ့ရကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

JTBC ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမယ့် အဆိုပါရုပ်သံဇာတ်လမ်းတွဲမှာ ရိန်းဟာ စုံထောက်တစ်ဦးဖြစ်တဲ့ ကန်ဒေါင်စိုးအဖြစ် ပါဝင်သွားမှာဖြစ်ပါတယ်။ အဓိကဇာတ်ဆောင်ဖြစ်တဲ့ ကန်ဒေါင်စိုးဟာ စုံထောက်တစ်ဦးဖြစ်တာနဲ့အညီ "Sketch"ဟာ တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစား ဖြစ်ပါတယ်။ ယင်းဇာတ်လမ်းတွဲမှာတော့ ကန်ဒေါင်စိုးဟာ အနာဂတ်ကို ကြိုတင်ခန့်မှန်းနိုင်တဲ့ အမျိုးသမီးစုံထောက်တစ်ဦးနဲ့တွဲဖက်ကာ ဖြစ်လာမယ့်မှုခင်းတွေကို ကြိုတင်ကာကွယ်ကြပုံတွေကို ရိုက်ကူးပုံဖော်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ရိုက်ကူးရေးမှာပါဝင်ခဲ့သူတစ်ဦးရဲ့ ထုတ်ဖော်ပြောကြားချက်အရ ရိန်းဟာ ယင်းရုပ်ရှင်ရိုက်ကူးရက်ကြာလာလေလေ ဇာတ်ကောင်အပေါ် ခံစားသက်ဝင်မှုပိုမိုအားကောင်းလာလေလေဖြစ်ကြောင်း သိရပါတယ်။ ဒါ့အပြင် ရိန်းဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတဲ့ စုံထောက်တစ်ဦးအဖြစ် ပီပြင်စွာသရုပ်ဆောင်နိုင်သလို အချစ်ကိုဆုံးရှုံးခဲ့ရသူတစ်ဦးရဲ့ဘဝကိုလည်း ခံစားပုံဖော်ပေးနိုင်ခဲ့ပါတယ်။ ယင်းဇာတ်လမ်းတွဲကိုတော့"Pretty Noona Who Buys Me Food" ဇာတ်လမ်းတွဲ ထုတ်လွှင့်မှုအပြီး လာမယ့်မေလအတွင်း စတင်ထုတ်လွှင့်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

## ဆိုလာရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ် ထွက်ရှိမည်



တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "MAMAMOO"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆိုလာဟာ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ သူ့ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်တွဲ "Solar's Emotion" ရဲ့ ခြောက်ခုမြောက်တေးအယ်လ်ဘမ်ကို လာမယ့် မေ ၂၄ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။

အဆိုပါ တေးအယ်လ်ဘမ်သစ်ဟာ မီနီတေးအယ်လ်ဘမ်ဖြစ်ပြီး တေးသီချင်းလေးပုဒ်ပါဝင်မှာပါ။ တေးသီချင်းတွေနဲ့အတူ တေးဗီဒီယိုတွေလည်း တွဲဖက်ပါဝင်မှာဖြစ်တယ်လို့လည်း သိရပါတယ်။

အဆိုပါတေးသီချင်းတွေထဲမှာ ဆိုလာကိုယ်တိုင်ရေးသားထားပြီး "MAMAMOO"အဖွဲ့ရဲ့ ခြောက်ခုမြောက် မီနီတေးအယ်လ်ဘမ်ဖြစ်တဲ့ "Yellow Flower" မှာ ပါဝင်တဲ့ တေးသီချင်း "Star Wind Flower Sun" ကို ဆိုလာကိုယ်တိုင်ဗားရှင်းပြောင်းကာ ပြန်လည်သီဆိုထားတဲ့ တေးသီချင်းလည်း ပါဝင်မှာဖြစ်ပါတယ်။

ဒါ့အပြင် အဆိုပါတေးအယ်လ်ဘမ်မှာ ဆိုလာရဲ့ ထွက်ရှိခဲ့ပြီးဖြစ်တဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်တွေက တေးသီချင်း ၁၁ ပုဒ်လည်း ပါဝင်မှာဖြစ်ပြီး လာမယ့် မေ ၂၇ ရက်မှ ၂၉ ရက်အထိ ဆိုလာရဲ့ ပထမဆုံးသော တစ်ကိုယ်တော်ဖျော်ဖြေပွဲ "Solar's Emotion Concert Blossom "ကို ကျင်းပသွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

## iTunes တေးအယ်လ်ဘမ်ဇယားကို ဦးဆောင်နေတဲ့ SHINee

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "SHINee"ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ ဂျပန်တေးအယ်လ်ဘမ်ဟာ လက်ရှိမှာတော့ ကမ္ဘာတစ်ဝန်းက iTunes တေးအယ်လ်ဘမ် ဇယားတော်တော်များများမှာ နံပါတ်တစ်နေရာကို ပိုင်ဆိုင်ထားကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၁၈ ရက်မှာ စတင်ထုတ်လွှင့်ခဲ့တဲ့ "The Best From Now On"တေးအယ်လ်ဘမ်ဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် မကြာမီမှာ iTunes ထိပ်တန်းတေးအယ်လ်ဘမ်စာရင်းကို ဦးဆောင်ထားနိုင်ခဲ့တာဖြစ်ပြီး မေ ၁၉ ရက် နံနက်ပိုင်းမှာတော့ နိုင်ငံ ၁၅ နိုင်ငံက ဇယားတွေကို ဦးဆောင်ထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

အဆိုပါတေးအယ်လ်ဘမ်ဟာ အဖွဲ့ရဲ့ အအောင်မြင်ဆုံးသော ဂျပန်တေးအယ်လ်ဘမ်တစ်ခုဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်မှာ အဖွဲ့ဝင် ငါးဦးစလုံး ပါဝင်သီဆိုထားတဲ့ ခေါင်းစီးတေးသီချင်းသစ်လည်း ပါဝင်နေတာဖြစ်ပါတယ်။ "SHINee" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂျွန်ဟွန်းဟာ ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းမှာ ကွယ်လွန်ခဲ့ပြီဖြစ်တာကြောင့် နောက်ပိုင်းမှာတော့ ဂျွန်ဟွန်းပါဝင်တဲ့ တေးသီချင်းသစ်တွေကို ခံစားခွင့်ရတော့မှာ မဟုတ်ပါဘူး။ "The Best From Now On" တေးအယ်လ်ဘမ်ကတော့ အဖွဲ့ဝင်တွေ စုံလင်စွာပါဝင်ထားတဲ့ နောက်ဆုံးတေးအယ်လ်ဘမ်လို့ ဆိုရမှာပါ။

## ပွေးကျစ်ကျေးရွာ ရွှေမိုးကောင်းဘုရား ရေဦးတိုက်မြေထိန်းနံရံတည်ဆောက်

**ကျောက်ပန်းတောင်း မေ ၁၉**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပွေးကျစ်ကျေးရွာအုပ်စု ပွေးကျစ်ကျေးရွာတွင် တည်ထားကိုးကွယ်သော ရောင်ချောင်းကမ်းဘေးရှိ ရွှေမိုးကောင်းရှေးဟောင်းဘုရားစေတီ ရေဦးတိုက်မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးရာသီကာလတွင် ရောင်ချောင်းမှ စီးဆင်းလာသောရေများတိုက်စားမှုကြောင့် စေတီတော်မြေထိန်းနံရံများ ပြိုကျပျက်စီးမှုများနှစ်စဉ်ဖြစ်ပေါ်နေပြီး စေတီတော်ပြိုကျမှု မရှိစေရေးအတွက် ကျေးရွာနေပြည်သူများစုပေါင်း၍ ရပ်ဝေး ရပ်နီးအလှူရှင်များနှင့် ကိုယ့်အားကိုယ်ကိုးကျောက်စီမြေထိန်းနံရံ အလျားပေ ၁၀၀၊ အမြင့် ပေ ၂၀ နှင့် ထု လေးပေကို တည်ဆောက်လျက်ရှိရာ ကျန်ရှိသောအပိုင်းများအား ဆက်လက်တည်ဆောက်သွားနိုင်ရေးအတွက် စေတနာရှင်အလှူရှင်များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝေ၏ ပြောကြားမှုအရ သိရသည်။ **ဇဇ၁**



## ကျေးလက်နေပြည်သူများ သောက်သုံးရေအဆင်ပြေစေရန် ညောင်ဦးမီးသတ်ဦးစီးဌာနမှ သောက်သုံးရေလှူဒါန်း

**ညောင်ဦး မေ ၁၉**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် အနောက်ဖိုစုကျေးရွာရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေရှားပါးမှု အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသဖြင့် မေ ၁၈ ရက် နံနက် ၆ နာရီက ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ကြပ်ကြီး ခိုင်လင်းမောင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရေဂါလန် ၃၂၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီး သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းသို့ ကျောက်ပန်းတောင်းမြို့နယ် အနောက်ဖိုစုကျေးရွာရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးရာတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ကြပ်ကြီး ခိုင်လင်းမောင်နှင့် တပ်ဖွဲ့ဝင်များက ရေဂါလန် ၃၂၀၀ အား အုတ်ရေလှောင်ကန်အတွင်း ဖြည့်တင်းဆောင်ရွက်ပြီး အဆိုပါ ကျေးရွာရှိ အိမ်ထောင်စု ၅၉ စုမှ လူဦးရေ ၃၂၇ ဦးအား စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ထို့အပြင် ယခုကဲ့သို့ သောက်သုံးရေလှူဒါန်းခြင်းကို ညောင်ဦးမြို့နယ်အတွင်း သောက်သုံးရေရှားပါးမှု အခက်ကြုံနေသည့်ကျေးရွာများအား ဆက်လက်ဖြန့်ဝေ လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာန တပ်ကြပ်ကြီးခိုင်လင်းမောင်ထံမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ဒုတိယတန်းသင်ရိုးသစ် သင်တန်းဖွင့်ပွဲကျင်းပ

**မိုင်းဖြတ် မေ ၁၉**
ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မူလတန်းအဆင့်သင် ဆရာ ဆရာမများ၏ သင်ကြားရေးအရည်အသွေး မြင့်မားလာစေရန်နှင့် လက်ရှိပညာရေးပြုပြင်ပြောင်းလဲမှုများနှင့် မူလတန်းပညာရေး၏ ရည်ရွယ်ချက်များကို သိရှိနားလည်လာစေရန်ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာန မိုင်းဖြတ်ခရိုင်စုပညာရေးမှူးရုံးမှ ကြီးမှူးဖွင့်လှစ်သည့် ဒုတိယတန်းသင်ရိုးသစ် မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အ-ထ-က (မိုင်းဖြတ်)ကျောင်းရှိ ရွှေလီဆောင်ခန်းမ၌ ကျင်းပကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်က အဖွင့်အမှာစကားပြောကြားပြီး မိုင်းဖြတ်ခရိုင်စုပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး(ပညာ) ဦးခင်ဇော်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို မေ ၁၉ ရက်မှ မေ ၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီ မှ ညနေ ၄ နာရီအထိ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှုရေး၊ သိပ္ပံ၊ ဂီတ၊ ပန်းချီ(အနုပညာ)၊ ကာယပညာ စသည့်ဘာသာရပ်များကို သင်တန်းနည်းပြ ၁၆ ဦးတို့က သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ မိုင်းဖြတ်ခရိုင်စုပညာရေးဌာနအတွင်းရှိ တာချီလိတ်၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မက်မန်း စသည့်မြို့နယ်များမှ ဆရာ၊ ဆရာမ ၁၅၂ ဦးတို့ တက်ရောက်ကြောင်း သိရသည်။ **သန်းထွန်းအေး (ပြန်/ဆက်)**

## စည်တုံးလုံးချောင်းကူးတံတား တည်ဆောက်ပြီးစီး

**တန့်ဆည် မေ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် နဘက်ကြီးကျေးရွာနှင့် သစွေးကုန်းကျေးရွာတို့ကို ဆက်သွယ်သည့် စည်တုံးလုံးချောင်းကူးတံတားကို ကျပ်သိန်း ၂၂၀၀ အကုန်အကျခံကာ ကိုယ့်အားကိုယ်အား တည်ဆောက်ခဲ့ပြီးဖြစ်၍ မေ ၂၈ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း တည်ဆောက်ရေးကော်မတီမှ သိရသည်။

"ဒီတံတားကြီး ပြီးစီးသွားရင် တန့်ဆည်မြို့နယ်နဲ့ ကျွန်းလှမြို့နယ်တို့ကို အချိန်တိုအတွင်း အန္တရာယ်ကင်းစွာဖြင့် ရာသီမရွေး သွားလာနိုင်မှာဖြစ်ပြီး ကျေးရွာအုပ်စု ၁၃ စုနဲ့ ကျေးရွာပေါင်း ၅၇ ရွာမှရှိတဲ့ လူဦးရေ ၅၀၀၀၀ ကျော်ရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးတို့အတွက် အရေးပေါ် လူနာများအလွယ်တကူ သွားလာနိုင်ပြီး အချိန်မီဆေးကုသခံယူနိုင်ကာ နှစ်စဉ်သေဆုံးမှုထက် လျော့နည်းတော့မှာဖြစ်ပါတယ်" ဟု တံတားကြီးကြပ်နေသူ သစ်တော်ပေါက်တောင်ရွာမှ ဒေသခံ ဦးအောင်နိုင်ဦးက ပြောသည်။



အဆိုပါတံတားကို တန့်ဆည်မြို့နယ်အတွင်းရှိ သံဃာတော်များ၏ ဦးဆောင်မှုဖြင့် ဒေသခံများ၏ စုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၂၂၀၀ အကုန်အကျခံ၍ ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့သော တံတားကြီးဖြစ်သည်။ တံတားအမျိုးအစားမှာ RC ကွန်ကရစ်တိုင်သံပေါင်ရက်မ၊ သစ်ကြမ်းခင်းတံတားဖြစ်၍ အရှည်ပေ ၃၂၀၊ အကျယ်မှာ ၁၆ ပေဖြစ် ကာ တံတားချဉ်းကပ်အရှည်မှာ တစ်ဖက်အရှည်ပေ ၁၅၀ ရှိကြောင်း တံတားဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းက ပြောသည်။

တံတား တည်ဆောက်နေမှုအား စေတနာရှင်များက အာဟာရဒါန၊ လုပ်အားဒါနများဖြင့် နေ့စဉ်ဝိုင်းဝန်းကူညီကြပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာက စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၈ ရက်တွင် ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ခက်အောင်လှိုင်(ညောင်လေးပင်)**

## လေပြင်းတိုက်မှုကြောင့် နေအိမ်ကိုးလုံးအမိုးလန်ပျက်စီး

**မင်းလှ မေ ၁၉**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် မေ ၁၈ ရက် ည ၆ နာရီခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ကိုးလုံးအမိုးလန်ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ထန်းပင်ကုန်းကျေးရွာအုပ်စုမှ နေအိမ်နှစ်လုံး၊ အင်းဘုတ်ကုန်းကျေးရွာအုပ်စုမှ နေအိမ်နှစ်လုံး၊ ရွှေလောင်းအုပ်စုမှ နေအိမ်ငါးလုံး စုစုပေါင်းနေအိမ် ကိုးလုံးအမိုးလန်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့ သွားရောက်ပြီး လေဘေးသင့်ပြည်သူများအား နီးစပ်ရာဆွေမျိုးများအိမ်သို့ ရွှေ့ပြောင်းပို့ဆောင်ပေးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများအား အမြန်ပြန်လည်ပြုပြင်နိုင်ရန်စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**

## တာချီလိတ်နယ်စပ်ဝင်ပေါက်မှ တစ်ဆင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လည်ပတ်

**နေပြည်တော် မေ ၁၉**
နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ၊ တိုင်းရင်းသားတို့၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ၊ လူနေမှုဘဝပုံစံများကို ကြည့်ရှုလေ့လာသိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ် ဝင်ထွက်သွားလာလည်ပတ်လျက်ရှိသည်။

မေ ၆ ရက်မှ ၁၂ ရက်အထိ တာချီလိတ်နယ်စပ်ဝင်ပေါက် ထွက်ပေါက်မှတစ်ဆင့် နေ့ချင်းပြန်ခရီးစဉ်လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည် ၁၉၃ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ် အနေဖြင့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသားအများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၂၄၁ ဦး၊ ဗီဇာဖြင့်လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၂၇၂ ဦးရှိကြောင်း သိရသည်။



နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်အများစုသည် တာချီလိတ်မြို့ရှိ အထင်ကရနေရာများဖြစ်သော တာလော့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ရွှေတိဂုံစေတီတော်၊ တိုင်းရင်းသားကျေးရွာ၊ အာခါဈေး၊ တရုတ်ဘုံကျောင်းများသို့ သွားရောက်လည်ပတ်ကြသည်။

ညအိပ်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခိုကျောင်း၊ ဝတ်အင်းကျောင်း၊ စွန်တောင်စေတီ၊ ကျော့မ်ဆရီစေတီ၊ ရမ်ကုန်းကျောင်း၊ ပါလျန်ကျောင်း၊ ရပ်တော်မူ၊ သစ်တစ်ပင်တောင်၊ ကမ္ဘာအေးစေတီ စသည့်အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ကြသည်။

တာချီလိတ် နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ဝင်ရောက်သည့် နိုင်ငံခြားခရီးသွားဧည့်သည်အရေအတွက်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေ ၆ ရက်မှ မေ ၁၂ ရက်အထိ နေ့ချင်းပြန်ခရီးသည် စုစုပေါင်းမှာ ၂၆၁၆၅ ဦး ဖြစ်ပြီး မိုင်းဖြတ်၊ ကျိုင်းတုံ ခရီးစဉ်အနေဖြင့် ခရီးသည် စုစုပေါင်း ၂၄၁ ဦး နှင့် ဗီဇာဖြင့် တာချီတ်လိတ်မှတစ်ဆင့် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်သည့် ခရီးသည်စုစုပေါင်း ၂၇၂ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

## လေပြင်းတိုက်ခတ်၍ အဆောက်အအုံအချို့အမိုးများပျက်စီး

**ကျွန်းလှ မေ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ညောင်ကိုင်းကျေးရွာအုပ်စုတွင် မေ ၁၈ ရက် ညနေ ၇ နာရီခွဲက လေပြင်းတိုက်ခတ်၍အဆောက်အအုံအချို့ အမိုးများပျက်စီးခဲ့သည်။

ထိုလေပြင်းတိုက်ခတ်၍ ညောင်ကိုင်းကျေးရွာ စာသင်ကျောင်းဆောင်တစ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာတစ်လုံး၊ လူနေအိမ်ခုနစ်လုံး၊ ကနီကျေးရွာတွင် လူနေအိမ် ၁၃ လုံး၊ မြင်သာကျေးရွာတွင် လူနေအိမ် ၁၂ လုံး၊ သရက်တစ်ထောင်ကျေးရွာနှင့် ပေါယောကျေးရွာတွင် လူနေအိမ် ခုနစ်လုံး၊ ထိန်တောကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းဆောင်တို့ အမိုးလန်ပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးကျော်လင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးဌေးအောင်ကျော်၊ မြို့နယ်ထွေ/အုပ် ဒုတိယဦးစီးမှူးဦးအောင်မိုးခိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။
**မျိုးဝင်းညို(ကျွန်းလှ)**



## မြန်အောင်မြို့နယ်အတွင်း မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များပျက်စီး

**မြန်အောင် မေ ၁၉**
ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း မေ ၁၈ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်မှ ညနေ ၆ နာရီခန့်အထိ မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စု ၂၀ တွင် အိမ် ၁၅၇ လုံးပြိုပြီး အိမ် ၁၀၅၇ လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း ကနဦး သိရသည်။

ပျက်စီးဆုံးရှုံးမှုများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချိုချိုနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာအုပ်စုများသို့ သွားရောက်ကွင်းဆင်း ကြည့်ရှုစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမိုလ်(ပြန်/ဆက်)**

## မိုးညိုမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အလုံး ၆၀၀ ကျော်ပျက်စီး

**မိုးညို မေ ၁၉**
ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်အတွင်း မေ ၁၈ ရက် ညနေ ၆ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အလုံး ၆၀၀ ကျော်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် မိုးညိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်အုပ်စုရှိ ကျေးရွာ ၂၉ ရွာ မှ နေအိမ်ပေါင်း ၆၀၀ ကျော် ပြိုလဲခြင်း၊ အမိုးလန်ခြင်း၊ နေအိမ်များပေါ် သစ်ပင်၊ သစ်ကိုင်းများ ကျိုးပိခြင်းတို့ဖြစ်ပွားခဲ့သည်။

အလားတူ သာယာဝတီမြို့နယ်တွင် မေ ၁၈ ရက် ညနေ ၇ နာရီခန့်က လေပြင်းတိုက်ခတ်ခဲ့ရာ ကျေးရွာအုပ်စု သုံးအုပ်စုတွင် နေအိမ်ပြိုလဲခြင်း၊ အမိုးလန်ခြင်းတို့ကြောင့် လူနေအိမ် ၃၂ လုံးပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြည်)**



## ဟင်္သာတတွင် လေပြင်းတိုက်မှုကြောင့် နေအိမ်အမိုးများလန်၊ ပြိုကျပျက်စီးမှုများဖြစ်ပွား

**ဟင်္သာတ မေ ၁၉**
ဟင်္သာတမြို့နယ်၌ မေ ၁၈ ရက် ညနေ ၅ နာရီခန့်က ရုတ်တရက်လေပြင်းများတိုက်ခတ်ပြီး နေအိမ်အမိုးလန်မှုနှင့် နေအိမ်အချို့ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ဟင်္သာတမြို့နယ် ပဲကြီးကျွန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ခုနစ်ရွာတွင် အိမ်ခြေ ၂၀၄ လုံးခန့် အမိုးလန်ခြင်းနှင့် နေအိမ်တစ်စိတ်တစ်ပိုင်း ပြိုကျမှုများဖြစ်ပွားခဲ့ကြောင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဦးမျိုးမင်းအောင်ထံမှ သိရသည်။

"ကျွန်တော်တို့ရွာမှာ မနေ့ကညနေကတည်းက လေက တစ်ချက်တစ်ချက် ဆောင့်တိုက်နေတာ ဒီနေ့ကျတော့ ညနေ ၃ နာရီလောက်ကတည်းက မိုးအုံ့ပြီး မှိုင်းနေတာလေ ညနေစောင်းလည်းကျရော လေပြင်းကတအား ဖိတိုက်ပြီး မိုးကလည်းရွာတော့ သစ်ပင်လဲတာတွေ အမိုးလန်တာတွေ ပြိုကျတာတွေဖြစ်သွားပါတယ်" ဟုပဲကြီးကျွန်းကျေးရွာအုပ်စု လက်ပံစုကျေးရွာမှ ကိုဇော်မင်းသိန်းက ပြောသည်။

အလားတူလေပြင်းတိုက်ခတ်မှုကြောင့် ဟင်္သာတမြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာအချို့တွင် နေအိမ်အမိုးလန်ခြင်းနှင့် ပြိုကျပျက်စီးမှုများဖြစ်ပွားခဲ့ကြောင်းသိရပြီး လူနှင့်တိရစ္ဆာန်ထိခိုက်မှုနှင့် နေအိမ်ပျက်စီးဆုံးရှုံးမှုစာရင်းများအား သက်ဆိုင်ရာဌာနများက မှတ်တမ်းများ ကောက်ယူလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ဘားအံမြို့ပေါ်ရှိအသက်(၁၀၀)နှင့်အထက် ဘိုးဘွားများအား ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့် သွားရောက်ကန်တော့

**ဘားအံ မေ ၁၈**
မြန်မာတိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာတစ်ခုဖြစ်သည့် အသက်အရွယ်ကြီးရင့်သူ အဘိုးအဘွားများအား နှစ်သစ်ကူးအခါသမယတွင် ပူဇော်ကန်တော့ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်နှင့်အညီ မေ ၁၈ ရက် ညနေပိုင်းက ကရင်ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဘားအံမြို့ပေါ်ရှိ အသက် (၁၀၀) နှင့်အထက် အဘိုး အဘွားများအား လှူဖွယ်ပစ္စည်း၊ ကန်တော့ငွေများဖြင့် အိမ်တိုင်ရာရောက် သွားရောက်၍ ကန်တော့ခဲ့ကြသည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၄) ရပ်ကွက် မြမြင့်မိုရ်(၁) လမ်းမှ အဘွားဒေါ်မသောင်း အသက်(၁၀၁)နှစ်၊ သုခနေလမ်းမှ အဘွား ဒေါ်သိန်းမြိုင် အသက် (၁၀၁)နှစ်၊ အမှတ်(၁) ရပ်ကွက် မြိုင်သဇင်ရပ် လှာကမြင် လမ်းနေ အဘိုး ဦးဝင်းမောင် အသက် (၁၀၀) နှစ်၊ အမှတ်(၉)ရပ်ကွက်ဗိုလ်ချုပ်လမ်းမကြီးမှ အဘွား ဒေါ်မမေ အသက်(၁၀၀)နှစ်တို့အား အိမ်တိုင်ရာရောက် သွားရောက်၍ ဂါရဝပြု နှုတ်ဆက်စကားများပြောကြားသည်။

ဘိုးဘွားများအား လှူဒါန်းငွေများ၊ ခွန်အားဖြစ်စေသည့် အာဟာရဖြည့်စွက် အစားအစာများနှင့် ဆေးဝါးများအား လှူဒါန်းကန်တော့ကြရာ အဘိုးအဘွားများက ဆုံးမဩဝါဒစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အိမ်မဲမြို့နယ် ထိန်ငူကျေးရွာတွင် အသိပညာပေးဟောပြော၊ တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသ

**အိမ်မဲ မေ ၁၉**
အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးကုသရေးဦးစီးဌာနတို့ ပူးပေါင်းလျက် ပြည်သူများ အသိပညာဗဟုသုတများရရှိစေရေးအတွက် အသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးအထောက်အကူပြုစေရေးအတွက် တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းဆေးကုသခြင်းများကို လစဉ်ဆောင်ရွက်လျက်ရှိရာ မေ ၁၈ ရက် နံနက် ၉ နာရီက အိမ်မဲမြို့နယ် ထိန်ငူ ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဌေးဌေးလှိုင်က စာပေဖတ်ရှုခြင်းအကျိုးကျေးဇူးများ၊ အပူလွန်ကဲခြင်းကြောင့် ဖြစ်တတ်သောရောဂါများနှင့် ကာကွယ်ရန်နည်းလမ်းများ၊ မူးယစ်ဆေးဝါး အန္တရာယ်များအကြောင်းဆွေးနွေးဟောပြောခဲ့ပြီး မြို့နယ်တိုင်းရင်းဆေးကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင့်ခိုင်စိုးက ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများ ကြိုတင်ကာကွယ်ကုသရေးအကြောင်းကို အသိပညာပေးဆွေးနွေးခဲ့ကြောင်းသိရသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျေးရွာပြည်သူများအသိပညာဗဟုသုတများရရှိစေရေးအတွက် ကျေးရွာစာဖတ်ဝိုင်းများပြုလုပ်ပေးခဲ့ပြီး နယ်လှည့်စာကြည့်တိုက် နံရံကပ် စာစောင်ဓာတ်ပုံပြခန်းများ ပြသပေးရာကျေးရွာနေ ပြည်သူများစိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြို့နယ်တိုင်းရင်းဆေးကုသရေး ဦးစီးဌာနမှ ကျေးရွာအတွင်းရှိ ပြည်သူများတွင်ဖြစ်ပွားနေသော သွေးတိုးရောဂါ၊ လေငန်းရောဂါ၊ ကျီးပေါင်းတက်ရောဂါ၊ မီးယပ်ရောဂါ အစရှိသည့်ရောဂါများကို စမ်းသပ်၍ လူနာ ၅၀ အားအခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## နှစ်ဆန်းသုံးရက်နေ့အထိ အဝေးပြေးယာဉ်လိုင်းများ၌ ခရီးသည်များ အလွန်များပြား

**ဝါးခယ်မ မေ ၁၉**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်း သင်္ကြန်ကာလ နေရပ်ပြန်ပြည်သူများ၊ ခရီးသွားဧည့်သည်များဖြင့် အဝေးပြေးယာဉ်လိုင်းများတွင် နှစ်ဆန်းသုံးရက်နေ့အထိ ခရီးသည်များ အလွန်များပြားလျက်ရှိကြောင်း သိရသည်။

သင်္ကြန်ကာလ ခရီးသွားဧည့်သည်များ အလွန်များလာမှုကြောင့် အဝေးပြေးယာဉ်လိုင်းများကို အချိန်တိုးမြှင့် ပြေးဆွဲပေးနေရကြောင်း အဝေးပြေးယာဉ်လိုင်း လုပ်ကိုင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

"အဝေးပြေးယာဉ်လိုင်း ရှစ်လိုင်းရှိတယ်၊ ပုံမှန်အားဖြင့် တစ်နေ့ကို ခြောက်ကြိမ် ထွက်တယ်၊ သင်္ကြန်မတိုင်ခင်ရယ်၊ အခုနှစ်ဆန်း ၁ ရက်နေ့ကစပြီး ဒီနေ့ထိ အဝေးပြေးယာဉ်အားလုံးမှာ စီးနင်းသူ တော်တော်များတယ်၊ အချိန်တိုးမြှင့် ပြေးဆွဲပေးမှုတွေ ရှိတယ်၊ တခြားလုပ်ငန်းလိုင်စင်မရှိဘဲ ခရီးသည် ပြေးဆွဲပေးတဲ့ မော်တော်ယာဉ်တွေကို ကြပ်မတ်စစ်ဆေး မှုတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်း ယာဉ်များစနစ်တကျပြေးဆွဲရေး ကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဦးသန်းအောင်က ပြောသည်။

"ကျွန်တော်က ရန်ကုန်မှာ အလုပ်လုပ်နေတာ၊ သင်္ကြန်ရက် အမေတို့ဆီ ပြန်လာတာ၊ အလာတုန်းကလည်း ကားလိုင်းတွေမှာ လူကျပ်တယ်၊ အခုလည်း နှစ်ဆန်း ၂ ရက်နေ့ပြန်မလို့ပဲ ကားလက်မှတ်မှာလို့မရလို့ ဒီနေ့မှ ပြန်ဖြစ်တာပါ"လို့ နေရပ်ပြန်လာသော မောင်ဝင်းကိုက ပြောသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

### သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

**သန်လျင် မေ ၁၉**
အသက် (၇၅) နှစ်အထက် အဘိုးအဘွားများအား (၁၂) ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ အရှေ့ပိုင်း (ဆယ်ပြည့်ကပ်ကျော်အေးစေတီတော်တွင် မေ ၁၈ ရက် ညနေ ၅ နာရီက ကျင်းပခဲ့ရာ ဆယ်ပြည့်ကပ်ကျော်အေး စေတီတော် ဂေါပကနာယက ဦးကြည်အောင်က သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲ ကျင်းပရခြင်း ရှင်းလင်းပြောကြားခဲ့သည်။

**သက်ခိုင်(သန်လျင်)**

## မှူခင်းအသိပညာပေး

**ကျိုက်မရော မေ ၁၉**
ကျိုက်မရောမြို့နယ် တောင်ကလေး ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် မေ ၁၇ ရက် နံနက်ပိုင်းက ပြည်နယ် အကူတပ်ခွဲ ဒုရဲမှူးဝင်းနိုင်နှင့် တပ်ဖွဲ့ဝင်များသည် မှုခင်းပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ရာ ကျေးရွာသူ ကျေးရွာသား ၅၀ တက်ရောက်ခဲ့သည်။

**ကြေးမုံ**

ကြေးမုံ

မေ ၂၀၊ ၂၀၁၈

# အပြောမှန်မှဖြစ်မယ်

သိုက်စိုးထွန်း(နတ်ရွာ)

တစ်ခါတုန်းက ဗာရာဏသီမှာ ဗြဟ္မဒတ်မင်း မင်းပြုနေတဲ့အချိန် ဘုရားလောင်း ဥဒိစ္စပုဏ္ဏားဟာ ကာမဂုဏ်ကို စွန့်ပယ်ပြီး အရညဝါသီတောရပ်မှီကာ ရသေ့ရဟန်းပြုလို့ ဟိမဝန္တာမှာ သီတင်းသုံးနေထိုင်တော်မူတယ်။ အဘိညာဉ် ငါးပါး၊ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံတယ်။ အလောင်းတော်ရသေ့ကိုဆရာတင်ပြီး သီတင်းသုံးနေကြတဲ့ ရသေ့ငါးရာလည်းရှိတယ်။

တစ်နေ့မှာတော့ ဖျော့တော့ချည့်နဲ့ရောဂါစွဲနေတဲ့ ရသေ့တစ်ပါးက ပုဆိန်တစ်လက်နဲ့ ထင်းခွဲနေတယ်။ ဒါကိုမြင်တဲ့ ရသေ့တစ်ပါးက ထင်းခွဲတဲ့ရသေ့နားသွားပြီး ဒီနေရာမှာ ပေါက်ပါလား၊ ဟောဒီနားမှာ ပေါက်ပါတော့လား ဆိုပြီးသွားပြောတယ်။ အလိုလိုနေရင်းမှ ခပ်နွဲ့နွဲ့ ကိုယ်လေးနဲ့ ထင်းခွဲနေရလို့ မောနေပန်းနေရတဲ့အထဲမှာ ဘေးကလာပြီး နားငြီးအောင်လုပ်နေတာကို မခံနိုင်ဘူး ထင်ပါရဲ့၊ ထင်းပေါက်သင်တဲ့ ဆရာကြီးခင်ဗျားဆိုပြီး လက်ထဲကပုဆိန်နဲ့ ကောက်ထုလိုက်တာ တစ်ချက်တည်းနဲ့ အသက်ပါပါသွားရော။

အဲဒီတုန်းက ရသေ့တွေရဲ့ကျောင်းသင်္ခမ်းအနီးက တောင်ပို့တစ်ခုမှာ ခါတစ်ကောင်နေတယ်။ အဲ့ဒီခါက မနက်တိုင်း၊ မနက်တိုင်း အကျယ်ကြီးတွန်လေ့ရှိတယ်။ တွန်သံတွေအမြဲကြားနေရတော့ ခါရှိမှန်းသိတဲ့ မုဆိုးက လာပြီး သတ်ယူသွားတယ်။

**တွေးစရာတွေ**

ပုဆိန်ချက်မိလို့ ပျံတော်မူသွားတဲ့ရသေ့ရဲ့အလောင်းကို သင်္ဂြိုဟ်နေကြတုန်းမှာ ဘုရားအလောင်းတော် ရသေ့က ခါတွန်သံမကြားရတော့ပါလားလို့ တပည့်ရသေ့တွေကို မေးတယ်။ ရသေ့တွေကလည်း ဒါဟာ မုဆိုးရဲ့လက်ချက်နဲ့ သေရရှာပြီဖြစ်ကြောင်းလျှောက်တင်ကြတယ်။ ဒါကိုကြားတဲ့ ဘုရားလောင်းရသေ့က ဒီလို ပြန်ပြောတယ်-

အစ္စုဂ္ဂတာ တိဗလတာ၊ အတိဝေလံ ပဘာသိတာ။

ဝါစာ ဟနတိ ဒုမ္မေဓံ၊ တိတ္တိရံ ဝါတိဝဿိတံ။

ဘောန္တော တာပသာ- အို ရသေ့တို့၊ တိတ္တိရံ- ခါကို၊ အတိဝဿိတံ- လွန်၍တွန်ခြင်းသည်၊ ဟနတိ ဣဝ- သတ်သကဲ့သို့၊ ဧဝံ တထာ- ထို့အတူ၊ ဒုမ္မေဓံ- ပညာမရှိသောသူကို၊ အစ္စုဂ္ဂတာ- အလွန်တက်၍ဆိုအပ်သော၊ အတိဗလတာ- အဖန်ဖန်လျှင် အလွန်ဆိုအပ်သော သဘောရှိသော၊ အတိဝေလံ- အခါပမာဏထက်လွန်စွာ၊ ပဘာသိတာ- ဆိုအပ်သော၊ ဝါစာ- စကားသည်၊ ဟနတိ-သတ်၏။ *(ဟံစိဝဂ်၊ တိတ္တိရဇာတ်)*

ဒီဇာတ်ကြောင်းလေးကို ဖတ်ခွင့်ရလိုက်တော့ တွေးစရာတွေအများကြီးရခဲ့ပါတယ်။

ကျွန်တော်တို့တစ်တွေ ဝေဖန်ကြတယ်။ ကိုယ့်ပတ်ဝန်းကျင်ကလူတွေရဲ့ လုပ်ဆောင်ချက်တွေအပေါ်မှာ ကောင်းသည်၊ ဆိုးသည် အမြဲတမ်းဝေဖန်နေကြတယ်။ အဆက်မပြတ်ကိုဝေဖန်နေကြတယ်။ ဒါမဖြစ်သင့်ဘူး။ ဒီလိုမလုပ်သင့်ဘူး။ ဟိုလိုပဲလုပ်သင့်တယ်။ အမှန်က ဟိုလိုဖြစ်နေရမှာ။ ဟိုလိုလုပ်ပါတော့လား။ ဒီလို လုပ်ပါတော့လား။

ဝေဖန်တယ်ဆိုတဲ့နေရာမှာ ပြုပြင်စေချင်လို့၊ တည့်မတ်စေချင်လို့၊ ပိုပြီးတော့ ကောင်းမွန်တိုးတက် သွားစေချင်လို့ဆိုတဲ့ စေတနာ၊ မေတ္တာတရားလေးတွေနဲ့ ဝေဖန်တာရှိသလို ဒေါသတကြီးနဲ့ အပုပ်ချ ပုတ်ခတ်ပြောဆိုတာမျိုးလည်း ရှိကြတယ်။ လူတစ်ယောက်ကို၊ အဖွဲ့အစည်းတစ်ခုကို အမြင်မကြည်ဖြစ်လာပြီဆိုမှဖြင့်အလိုလိုနေရင်းကို အပြစ်ရှာပြီး ဝေဖန်နေကြတယ်။ ဖြူရင်ဖြူပြန်ပြီ။ မည်းရင်လည်း မည်းပြန်ပြီ။ ထိုင်ပြန်ပြီ၊ ထပြန်ပြီနဲ့ တစ်ဖက်က ဘာပဲလုပ်လုပ် အပြစ်တင်ဝေဖန်ဖို့ချည်း စိတ်စောနေတယ်။

စာနယ်ဇင်းကနေလည်းဝေဖန်တယ်။ ဆိုရှယ်မီဒီယာကနေလည်းဝေဖန်တယ်။ စာနယ်ဇင်းက မဆိုးကြဘူး။ ဝေဖန်ရင်တောင်မှ ပညာရှင်ပီပီပဲဝေဖန်လေ့ရှိကြတယ်။ သူ့မှာ ဂုဏ်သိက္ခာဆိုတဲ့ အထိန်းအကွပ်ရှိနေတာကိုး။ အထူးသဖြင့်ကတော့ လူမှုကွန်ရက်တွေမှာ ပြောဆိုရေးသား သုံးနှုန်းတာတွေက အများအားဖြင့် ရုန့်ရင်းကြမ်းတမ်းလွန်းနေတာကို တွေ့ရတယ်။ မကြားဝံ့မနာသာဖြစ်တဲ့ စကားလုံးရိုင်းရိုင်းစိုင်းစိုင်းကြီးတွေနဲ့ ဆဲရေးတိုင်းထွာနေကြတာတွေတောင်မှ ရှိနေတယ်။

**ကောင်းမွန်တဲ့ရလဒ်**

ကိုယ်ကဝေဖန်နေပေမယ့် တစ်ဖက်လူရဲ့ခံစားချက်ကို ကိုယ်ချင်းစာမပေးမိတတ်ကြဘူး။ သူ့နေရာမှာ ကိုယ်သာဖြစ်လိုက်ရင်ဆိုတဲ့အတွေးမျိုးနဲ့ မချဉ်းကပ်မိတတ်ကြဘူး။ ကိုယ်ပြောစရာရှိတာကိုပဲ တရစပ်ပြောနေဆိုနေကြတယ်။ ပြောရမှာက ကိုယ့်တာဝန်၊ ပြင်ရမှာက သူ့တာဝန်လို့ပဲ ခံယူဖြစ်ကြတာက များနေမလားမသိဘူး။

တကယ်တမ်းကျတော့ ပြောဆိုဝေဖန်သူတွေထဲမှာ ပုထုဇဉ်တွေများကြသလို၊ ပြောဆိုဝေဖန်ခြင်းကို ခံကြရသူတွေဟာလည်း ပုထုဇဉ်တွေပဲ များပါတယ်။ ချီးမွမ်းခြင်းနှင့် ကဲ့ရဲ့ခြင်းဆိုတဲ့ လောကဓံနှစ်ပါးကို နှိုင်းယှဉ်ကြည့်လိုက်ရင် ချီးမွမ်းခြင်းကိုပဲ ပိုပြီးတော့ လိုလားနှစ်သက်ကြမှာပါ။ မှားမိသည့်ဝန်တာဆိုတဲ့အတိုင်း အမှားအယွင်း၊ အချွတ်အချော်တွေရှိခဲ့ရင် ကဲ့ရဲ့ခံရခြင်းဆိုတဲ့လောကဓံအဆိုးကို မလွဲမသွေခံကြရမှာဖြစ်ပေမယ့် စဉ်တိုက် ဆက်တိုက်ကဲ့ရဲ့မှုကိုခံလာရရင်တော့ စောစောက ရသေ့လို အရွဲ့တိုက်ပြီး လုပ်ချင်ရာကို တဇွတ်ထိုးလုပ်ပစ်လိုက်မိတဲ့၊ ကျူးလွန်ပစ်လိုက်မိတဲ့အဖြစ်မျိုးတွေ ဖြစ်သွားနိုင်ပါတယ်။ ငါဘာလုပ်လုပ် အပြစ်ချည်း အပြောခံနေရတာပါပဲကွာ၊ မထူးတော့ပါဘူးဆိုပြီး မထူးဇာတ်ခင်းသွားတာမျိုး ရှိလာနိုင်ပါတယ်။

တချို့က ဝေဖန်မှုကိုလိုလားတယ်။ ဝေဖန်သံတွေကို အမြဲမပြတ်နားထောင်ပြီးတော့ ရှေ့ဆက် ဆောင်ရွက်မယ့် အလုပ်တွေအပေါ်မှာ တတ်နိုင်သမျှ ထိန်းသိမ်းပြုပြင်သွားတယ်။ ဒီတော့ ပြောရတဲ့သူလည်း အကျိုးရှိတယ်။ အပြောခံရတဲ့သူလည်း အကျိုးရှိတယ်။ နှစ်ဖက်စလုံးမှာ အကျိုးအမြတ်ထွက်သွားတယ်။ အတိုင်းထက်အလွန်၊ တံခွန်နှင့် ကုက္ကားပဲ။ ဒါပေမယ့် တချို့ကျတော့ ပြောလေကဲလေ၊ မန်းလေပြဲလေဆိုသလို ပြောလိုက်မှ ပိုဆိုးသွားတာမျိုးလည်းရှိတယ်။ ပြောလိုက်မှုကို သက်သက်အရွဲ့တိုက်ပြီး ပိုပိုဆိုးသွားအောင် လုပ်တဲ့သူတွေကလည်း ရှိနေတယ်။ တစ်ခုစဉ်းစားစရာရှိတာက လောကကြီးထဲမှာ သည်းခံနိုင်တဲ့သူနှင့် သည်းမခံနိုင်တဲ့သူ ဘယ်သူက ပိုများသလဲဆိုတာပါ။ ကိုယ်ဝေဖန် ပြောဆိုလိုက်တဲ့သူက သည်းခံနိုင်တဲ့သူဖြစ်ပြီး စဉ်းစားဆင်ခြင်ဉာဏ်ကောင်းတဲ့သူဖြစ်နေရင်တော့ သူ့ဘာသာသူ စဉ်းစားသုံးသပ်ပြီးတော့ ယူသင့်တာယူ၊ ပယ်သင့်တာ ပယ်သွားမှာပေါ့။ ဒီလိုမဟုတ်ဘဲနဲ့ ဆတ်ဆတ်ထိမခံတဲ့သူ၊ ဆင်ခြင်ဉာဏ်နည်းတဲ့သူဖြစ်နေရင်တော့ ကိုယ့်ရဲ့ဝေဖန်မှုက သူ့အတွက် အကျိုးဖြစ်မလာတဲ့အပြင် ကိုယ်ပါ ဒုက္ခရောက်သွားစေနိုင်မှာပါ။ ကိုယ်ပြောမယ့်ဆိုမယ့် အခါကျရင် မပြောခင်မဆိုခင်မှာ တစ်ဖက်လူရဲ့ အခြေအနေကို အကဲခတ်ပြီး အတိုင်းအရှည်ကို ချင့်ချိန်သုံးသပ်ပြီးမှ ပြောလိုက်ဆိုလိုက်မယ်ဆိုရင် ပိုပြီးတော့ အဆင်ပြေနိုင်ပါလိမ့်မယ်။

ဝေဖန်ရေးလုပ်တဲ့နေရာမှာ ပြစ်တင်ရှုတ်ချခြင်းသက်သက်နဲ့တော့ လိုရင်းကိုရောက်သွားလိမ့်မယ် မထင်မိပါဘူး။ တချို့က အပြစ်တင်ဖို့ချည်းစိတ်စောနေတယ်။ ဟာ၊ မှားပြန်ပြီ၊ မှားပြန်ပြီ။ လွဲနေပြန်ပြီ။ ဒါတွေချည်း အပ်ကြောင်းထပ်နေတယ်။ ကိုင်း၊ ဒါဆိုရင် အမှန်က ဘယ်ဟာလဲခင်ဗျာလို့ ပြန်မေးလိုက်တော့လည်း ဘာရယ်လို့ ပြန်မပြောတတ်တော့ဘူး။ ပြစ်တင်ရှုတ်ချလိုက်ခြင်းကြောင့် ကောင်းမွန်တဲ့ရလဒ်တစ်ခုကို ရောက်သွားလိမ့်မယ်လို့ ယူဆနေပုံပါပဲ။

**ကျွမ်းကျင်တဲ့နယ်ပယ်**

အပြစ်ချည်းပြောနေလို့မရဘူး။ မှားနေတာကဘယ်အပိုင်းလဲ။ ပြုပြင်သင့်တာက ဘယ်နေရာလဲ ဆိုတာကို ညင်သာပျော့ပျောင်းတဲ့နည်းလမ်းနဲ့ သိသမျှ၊ အတိအကျ ထောက်ပြပေးခြင်းကသာလျှင် တစ်ဖက်လူအတွက် နာယူဖို့အဆင်ပြေသွားမှာပါ။ နိဂ္ဂဟ၊ ပဂ္ဂဟဆိုတဲ့အတိုင်း ချီးမြှောက်သင့်တဲ့သူကို ချီးမြှောက်ပြီးတော့ ရှုတ်ချသင့်တဲ့သူကို ရှုတ်ချရမယ့်အပိုင်းတော့ ရှိပါတယ်။ ဒါပေမယ့် အတိုင်းအဆလွန်သွားရင်တော့ ရလဒ်ကောင်းတွေ ထွက်လာနိုင်မှာမဟုတ်ပါဘူး။

တစ်ဖက်ကိုမပြောသေးခင်မှာ ကိုယ်ကအရင်ဆုံး စဉ်းစားသင့်ပါတယ်။ အခု သူ့ကိုပြောမှာက ဘာအကြောင်းအရာလဲ။ ဘယ်ကိစ္စကို ထောက်ပြပြောဆိုမှာလဲ။ သူ့ရဲ့လုပ်ဆောင်ချက်နှင့်ပတ်သက်လို့ ကိုယ်သိထားတဲ့ အချက်အလက်တွေက ဘာတွေလဲ။ သူ့အမှားအယွင်း၊ တစ်နည်းအားဖြင့် ကိုယ့်စိတ်အထင်မှာ သူတော့မှားနေပြီလို့ ကိုယ့်ဘာသာလက်ခံယုံကြည်ထားတဲ့ သူ့အမှားအယွင်းက ဘာလဲ။ ဒီကိစ္စနှင့် ပတ်သက်ပြီးတော့ကော လုံလောက်တဲ့အတွေ့အကြုံဗဟုသုတတွေ၊ အတွေးအခေါ် အယူအဆတွေ ကိုယ့်မှာ ရှိနေတာ သေချာရဲ့လား။ အမှန်ကဘာဆိုတာကို လမ်းညွှန်ပေးနိုင်ဖို့အတွက် ကိုယ့်မှာ သင့်လျော်တဲ့အဖြေတစ်ခု ရှိနေပြီလား။ ဒါကလည်း စဉ်းစားသင့်တဲ့အပိုင်းပါ။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ်ကျွမ်းကျင်တဲ့နယ်ပယ်ဆိုတာရှိကြပါတယ်။ လူတစ်ယောက်က အလုပ်လုပ်ပြီဆိုရင် သူ့နယ်ပယ်ထဲမှာပဲ သူလုပ်တာများပါတယ်။ သူ ကျွမ်းကျင်တဲ့နယ်ပယ်၊ သူဝါသနာပါတဲ့နယ်ပယ်မှာပဲ လုပ်တာကိုင်တာများပါတယ်။ ဒီတော့ သူ့နယ်ပယ်နဲ့သူ လုပ်နေကိုင်နေတာက မှန်ကန်နေပေမယ့် ဘေးကရပ်ကြည့်ရတဲ့ကိုယ်က သူ့လုပ်ပုံကိုင်ပုံကို အားမလိုအားမရဖြစ်ပြီးတော့ လွဲနေပြီလို့ ထင်မြင်ယူဆမိတာလည်း ဖြစ်သွားနိုင်ပါတယ်။ ဒါ့ကြောင့် သူမှားနေတယ်လို့ မဝေဖန်ခင်မှာ သူမှားတာကသေချာရဲ့လား၊ သူ့ကိုပေးဖို့အတွက် အဖြေတစ်ခု ကိုယ့်မှာရှိနေတာ သေချာရဲ့လား ဆိုတာကို ဆင်ခြင်သင့်တယ်လို့ တင်ပြရခြင်း ဖြစ်ပါတယ်။

အဖြေတစ်ခုရှိနေပြီဆိုပါစို့။ သူဘာမှားတယ်ဆိုတာကိုလည်း ကိုယ်ကသိတယ်။ ဘယ်လိုပြန်တည့်မတ်ရင်ရနိုင်မလဲဆိုတဲ့ အဖြေကိုလည်း ရှာတွေ့ထားပြီ။ ဒီဟာက ကိုယ်ကျွမ်းကျင်တဲ့ နယ်ပယ်တစ်ခုလည်းဖြစ်နေတယ်ဆိုပါစို့။ ဒါနဲ့ပဲ ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်းကြီး သွားပြောပြလိုက်ပြန်ရင်လည်း အဆင်ပြေပ့ါ မလားဆိုတာကို တစ်ဖက်လူအပေါ်မှာ အကဲခတ်ကြည့်ခြင်းအားဖြင့် ဆင်ခြင်ကြည့်ဖို့ လိုဦးမှာပါ။ ပြီးတော့ ကိုယ့်စိတ်၊ ကိုယ့်ခံယူချက် အပေါ်မှာလည်း သေချာပြန်သုံးသပ်သင့်ပါသေးတယ်။ အခုကိုယ်ပြောမှာက သူ့အတွက်ပြောမှာလား။ ကိုယ့်အတွက် ပြောမှာလား။ ဆိုလိုတာကသူ့အမှားအယွင်း၊ အတိမ်းအစောင်းလေးကို ပြန်လည် မှန်ကန်တည့်မတ်သွားစေချင်လို့ဆိုတဲ့ သူ့အတွက်စေတနာလေးနဲ့လား။ ဒါမှမဟုတ် သူလုပ်တာ မှားနေပြီ၊ အဖြေကို ကိုယ်က သိနေတယ်၊ သူမသိဘူး။ ကိုယ်ကသူ့ထက်ပိုသိပိုတတ်နေတယ်၊ ပိုနားလည်နေတယ်ဆိုတဲ့အချက်ကြီးကို ပြသချင်လို့ ကိုယ်တော်ကြောင်း၊ တတ်ကြောင်းပြသချင်လို့ ပြောပြမှာလားဆိုတာ ကို အသေအချာ ပြန်စဉ်းစားသင့်ပါတယ်။

**ပြောသင့်မှပြော**

ပြောမယ့်ဟာက ကိုယ့်အတွက်ဆိုရင်တော့ မပြောတာဘဲ ပိုကောင်းလိမ့်မယ်ထင်ပါတယ်။ သူ့အတွက်ဆိုရင်တော့ သူလက်ခံနိုင်မယ့်နည်းလမ်းနဲ့ ပြောဆိုလိုက်တာက ပိုကောင်းမှာပါ။ သူလွဲနေတာကိုသိလို့ ကိုယ်က မှန်တာကိုပြောပြတာပဲ၊ ဘာမှ ကွေ့ဝိုက်ပြီးတော့၊ သွယ်ဝိုက်ပြီးတော့ ပြောနေစရာမလိုဘူးလို့ ယူဆကောင်း ယူဆနိုင်ကြပါတယ်။ တစ်ခါတစ်ခါကျတော့ အမှန်တရားဆိုတဲ့ကိစ္စကလည်း မှန်တိုင်းပြောသင့်မှ ပြောရမယ့် အခြေအနေမျိုး ရှိနေတတ်ပြန်ပါတယ်။

တစ်ခါတုန်းက မျက်စိတစ်ဖက် အမြင်မသန်တဲ့ လူငယ်တစ်ယောက်က ရွာတစ်ရွာရဲ့နံဘေးမှာ လမ်းလျှောက်လာရင်းနဲ့ တဲကလေးတစ်လုံးကိုတွေ့သွားတယ်။ အထဲကို လှမ်းကြည့်လိုက်တော့ အမျိုးသမီးကြီး တစ်ယောက်နေနေတာတွေ့ရတယ်။ "ဗျို့အဒေါ်ကြီး၊ ရွာထဲမှာမနေဘဲနဲ့ ဘာဖြစ်လို့ ရွာအပြင်မှာတစ်ယောက်တည်း လာနေနေရတာလဲဗျ"လို့ သူကမေးတယ်။ "မပြောစမ်းပါနဲ့ ငါ့တူရယ်၊ ငါက မှန်တာတွေပြောလွန်းလို့ ရွာ့အပြင်ထုတ်ထားကြတာ"လို့ပြန်ပြောတယ်။ ဒီတော့ အဲ့ဒီလူငယ်က တော်တော့်ကို အံ့ဩသွားတယ်။ "အံ့ပ့ါဗျာ၊ ခင်ဗျားတို့ရွာကလူတွေများ၊ ဘယ့်နှယ်၊ မှန်တာပြောတဲ့လူကိုများ ရွာ့အပြင်ထုတ်ရတယ်လို့၊ ကြံကြီးစည်ရာ"တဲ့။ သူကပြန်ပြောတယ်။ သိပ်မကြာပါဘူး။ သူကလည်း ခရီးဆက်စရာရှိတော့ အဲဒီအမျိုးသမီးကြီးကို နှုတ်ဆက်ပြီးတော့ ပြန်ထွက်လာတယ်။ ဖြစ်ချင်တော့ သူပြန်အထွက်မှာ ဆောင်းထားတဲ့ဦးထုပ်က လေဟပ်ပြီး လွင့်ကျသွားတယ်။ ဒါကိုမြင်တဲ့ အမျိုးသမီးကြီးက "ဟေ့ တစ်ဖက်ကန်းလေး၊ နင့်ဦးထုပ်ကျနေရစ်ပြီဟဲ့" လို့ လှမ်းပြောလိုက်တယ်။ ဒီတော့ လူငယ်က "ခင်ဗျားတို့ ရွာကလူတွေမို့လို့ ရွာ့အပြင်ထုတ်ထားကြတာဗျာ၊ ကျုပ်သာဆိုရင် ဓားနဲ့ကိုခုတ်သတ်ပစ်လိုက် ချင်တာ" လို့ ပြောပြီး ပြန်ထွက်ခဲ့သတဲ့။

ဒီလိုပါပဲ။ တချို့ကိစ္စတွေက မှန်နေပေမယ့် မှန်တဲ့အတိုင်းကြီး တုံးတိတိနဲ့ တဲ့တိုးကြီးပြောချလိုက်ရင် တစ်ဖက်လူအတွက် နားမခံနိုင်စရာတွေဖြစ်သွားတတ်ပါတယ်။ မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဆရာကြီးဒေါက်တာစိုးဝင်းရဲ့အဆိုအရဆိုရင်တော့ အမှန်ပြောဖို့လိုသလို အပြောလည်းမှန်ဖို့လိုပါတယ်တဲ့။

ဟုတ်တယ်။ တကယ်တော့ အမှန်ကိုပြောရတာကမှ လွယ်သလိုလိုရှိပါတယ်။ အပြောမှန်ဖို့ကျတော့ ပိုပြီးတော့ ပညာတွေပါလာပြီ။ ကိုယ့်ထက်အငယ်ဆိုရင် ဘယ်လိုပြောရမယ်။ ကိုယ်နဲ့တန်းတူရည်တူ၊ ရွယ်တူဆိုရင် ဘယ်လိုပြောရမယ်။ ကိုယ့်ထက်အသက်၊ သိက္ခာ၊ ဂုဏ်ဝါကြီးတဲ့သူနဲ့ဆိုရင် ဘယ်လိုပြောဆိုသုံးနှုန်းရမယ်၊ ဘယ်အချိန်၊ ဘယ်အခါ၊ ဘယ်နေရာမှာ ဘယ်လိုပုံ ဘယ်လိုနည်းနဲ့ပြောဆိုရမယ်ဆိုတာတွေက သူ့နေရာနှင့်သူ ဓလေ့ထုံးစံတွေရှိထားပြီးသားပါ။ မြန်မာတို့ရဲ့စကားအလင်္ကာမှာ သုံးစွဲတဲ့ဝေါဟာရတွေက ကြွယ်ဝလွန်းလှပါတယ်။ အဆင်ပြေအောင်သုံးနိုင်ဖို့ လိုပါတယ်။ ဒ့ါ အပြင် ပြောတဲ့ဆိုတဲ့လေယူလေသိမ်းကလည်း အရေးကြီး ပြန်ရော။ ပြောတဲ့ စကားလုံးချင်းအတူတူကိုပဲ လေယူလေသိမ်းနဲ့ မျက်နှာချို မျက်နှာထားပြောင်းလိုက်တာနဲ့တင် အဓိပ္ပာယ်ချင်းက အများကြီးခြားနားသွားအောင် ပြောလို့ရပါတယ်။ ဒါတွေကိုလေ့လာပြီးတော့မှ "တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်"ဆိုတဲ့ အဆုံးအမနှင့်အညီ ပြောဆိုကြသင့်ပါတယ်။

တချို့ကပြောကြပါတယ်။ ငါတို့တွေ သူတို့ကိုပြောဆိုနေရတာ အာပေါက်တော့မယ်။ အာပေါက်မတတ် ပြောနေပေမယ့် နလပိန်းတုံးတွေမို့ အချိုးတွေက ပြောင်းကိုမပြောင်းပါဘူးကွာ။ အရင်အတိုင်းပါပဲ။ ပြောရဆိုရတာ တကယ့်ကို ကျွဲပါးစောင်းတီးပါပဲရယ်လို့ပြောကြတာတွေ ရှိပါတယ်။

စာမျက်နှာ ၃၃ သို့

ဝေဖန်တယ်ဆိုတဲ့နေရာမှာ ပြုပြင်စေချင်လို့၊ တည့်မတ်စေချင်လို့၊ ပိုပြီးတော့ ကောင်းမွန်တိုးတက်သွားစေချင်လို့ဆိုတဲ့ စေတနာ၊ မေတ္တာတရားလေးတွေနဲ့ ဝေဖန်တာရှိသလို ဒေါသတကြီးနဲ့ အပုပ်ချပုတ်ခတ်ပြောဆိုတာမျိုးလည်း ရှိကြတယ်။ လူတစ်ယောက်ကို၊ အဖွဲ့အစည်းတစ်ခုကို အမြင်မကြည်ဖြစ်လာပြီဆိုမှဖြင့် အလိုလို နေရင်းကို အပြစ်ရှာပြီး ဝေဖန်နေကြတယ်။ ဖြူရင်ဖြူပြန်ပြီ။ မည်းရင်လည်းမည်းပြန်ပြီ။ ထိုင်ပြန်ပြီ၊ ထပြန်ပြီနဲ့ တစ်ဖက်က ဘာပဲလုပ်လုပ် အပြစ်တင်ဝေဖန်ဖို့ချည်း စိတ်စောနေတယ်။

# ပလင်းကမ်းသာယာဆင်စခန်း အသွင်ဆန်းလို့လာလည်စေချင်

ကိုထိန်(ငါ့သရောက်)



မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုလင်းကျေးရွာအနီးတွင် ပလင်းကမ်းသာယာဆင် အခြေပြုခရီးသွားလုပ်ငန်းကို မတ် ၂၈ ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ကြားသိကတည်းက သွားချင်စိတ်ကို အတော်ထိန်းထားရသည်။

ပလင်းကမ်းသာယာဆင်စခန်း သစ်သားဆိုင်းဘုတ် မြန်မာလိုရော အင်္ဂလိပ်လိုရောရေးထားတာတွေ့တာနဲ့ ခဏနား ဓာတ်ပုံရိုက် မိုင်တွေတွက်ကြည့်လိုက်တာ ကျောက်ပန်းတောင်းနဲ့က မိုင် ၃၀ ခန့်၊ ညောင်ဦးနဲ့က ငါးမိုင်အကွာ၊ ပခုက္ကူမြို့နဲ့က ၁၅ မိုင်လောက်ဝေးပြီး ညောင်ဦး-မြင်းခြံ ကားလမ်းမကြီးပေါ် ဆိုတော့ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး တစ်ဆက်တည်းရယ်။ တောင်ဘက်ခြမ်းကြည့်လိုက်ရင်လည်း ချောက်မြို့၊ ရေနံချောင်းမြို့၊ ဆိပ်ဖြူ မကွေးလမ်းတွေနဲ့ ဆင်စခန်းနဲ့က ပနံတင့်လှတယ်။ မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်တွေ စုထားတဲ့ ပုဂံယဉ်ကျေးမှုဇုန်ကိုလာကြတဲ့ ခရီးသွားဘုရားဖူးဧည့်သည်တွေကလည်း မြန်မာမှန်ရင် ပုဂံရောက်ဖူးရမယ် ဆိုတဲ့စိတ်နဲ့ လာလည်ကြသူရော ရှေးခေတ်လက်ရာ အနုသုခုမ နံရံဆေးရေးပန်းချီတွေ လေ့လာလိုသူတွေ၊ နိုင်ငံခြားသားဧည့်သည်တွေ ဆိုရင်လည်း ပုဂံကို လာလည်ကြတာ နေရာတိုင်းမှာ ပြည်ပဧည့်သည်တွေတွေ့နေရတော့ နိုင်ငံခြားသားတွေ ပုဂံဒေသကို စိတ်ဝင်စားမှု ဘယ်လောက်ထိရှိတယ်ဆိုတာ မြန်မာတိုင်းသိနိုင်တယ်။ ခရီးသွားဧည့်လမ်းညွှန်များ အနေဖြင့်လည်း လည်ပတ်လိုက်ပြစရာတစ်နေရာထပ်တိုးပြီး ဖွင့်လှစ်ထားရှိတဲ့ ပလင်းကမ်းသာယာဆင်စခန်းကို မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ဆင်များအား စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်ကို အများပြည်သူနှင့် ကမ္ဘာတစ်လွှားမှ လက်တွေ့သိမြင်လာပြီး ဆင်များကို ပူးပေါင်းပါဝင် ထိန်းသိမ်းလာစေကာ ဆင်အခြေပြုခရီးသွားလုပ်ငန်းကိုအမှီပြု၍ အနီးပတ်ဝန်းကျင်မှကျေးရွာပြည်သူများ အလုပ်အကိုင်နှင့် စီးပွားရေး အခွင့်အလမ်းများ တိုးတက်လာစေပြီး ဆင်များနှင့်အနီးကပ် ထိတွေ့ခွင့်ရရှိကာ ဆင်နှင့်ပတ်သက်သော အသိပညာဗဟုသုတများ ရရှိစေပြီး ဆင်များကို ချစ်ခင်မြတ်နိုးလာစေရန်နှင့် ဌာနဝန်ထမ်းများအနေဖြင့် ဆင်များထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍတွင်သာမက ခရီးသွားလုပ်ငန်းဖြင့် ပြည်သူကို ဝန်ဆောင်မှုပေးသောလုပ်ငန်းများတွင် သစ်လွင်သော စိတ်ကူးအကြံဉာဏ်ဖြင့် ကြံစည်လုပ်ကိုင်ဆောင်ရွက်လာစေကာ ပြည်တွင်းပြည်ပခရီးသွား စိတ်အပန်းဖြေအနားယူ လည်ပတ်စရာနေရာတစ်ခုဖြစ်ပေါ်လာစေရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ချင်းတွင်းဖောင်ဖွဲ့ရေးဒေသ လက်ထောက်အထွေထွေမန်နေဂျာ ဦးအောင်ဌေးက ပြောသည်။

### အချိန်အခါမရွေးလာရောက်

ပုဂံ-ညောင်ဦးဒေသသို့လာရောက်လည်ပတ်သော ပြည်တွင်းပြည်ပခရီးသွားများအနေဖြင့်ပုဂံ-ညောင်ဦးဒေသသည် အချိန်အခါမရွေး လာရောက်လည်ပတ်နိုင်သည့် နေရာဒေသဖြစ်သည်နှင့်အညီ ဆင်များထားရှိမည့်တဲများ အခြေခံအဆောက်အအုံစတင်ဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိပြီး အညာဒေသ၏သင်္ကေတများဖြစ်သည့် ထန်းလုံးများ၊ အမိုးအတွက် ထန်းရွက်များ အသုံးပြုဆောက်လုပ်ထားသည်ကို တွေ့မြင်ခဲ့ရသည်။

### နေဝင်ချိန် ဆည်းဆာကြည့်နိုင်

ပုဂံဒေသသည် ပူပြင်းခြောက်သွေ့သဖြင့် အပူဒဏ်ကြောင့် ဆင်များ အန္တရာယ်မဖြစ်စေရေးအတွက် ဆင်တင်းကုပ်တွင် ရေပိုက်ခေါင်း (Sprinkler)များ တပ်ဆင်ကာ ရေဖျန်းပေးခြင်း၊ အရိပ်ကောင်းသော သဘာဝသစ်ပင်ကြီးများအောက်တွင် ထားရှိကာ ဆင်းစီးချိန်၊ ဆင်ရေချချိန်၊ ဆင်ပြသချိန်များ စီစဉ်ဆောင်ရွက်ထားရှိပြီး ပုဂံညောင်ဦးဒေသတွင် ဆင်စာအတွက် သဘာဝအစာရရှိရန်ခက်ခဲ၍ ဆင်စာအတွက် နေပီယာမြက် စိုက်ပျိုးလျက်ရှိရာ ပုလင်းကျေးရွာတွင် နေပီယာမြက်စိုက်ပျိုးထားရှိပြီး ကျောက်ပန်းတောင်းမြို့နယ် ရွှေနဒီပရဟိတဘုန်းတော်ကြီးကျောင်းတွင် ဆင်စာအတွက် နေပီယာမြက်များ စိုက်ပျိုးလျက်ရှိသည်။ တောင်သူများသို့ နည်းပညာနှင့် မြက်မျိုးများဖြန့်ဝေပေးကာ ထွက်ရှိလာမည့် မြက်များကို တောင်သူများထံမှ ဝယ်ယူ၍ ဆင်များအား ကျွေးမွေးလျက်ရှိပါသည်။

ဆင်တစ်ကောင်အတွက် တစ်ရက်လျှင် ဆင်စာကျပ် ၁၂၀၀၀ ကုန်ကျမည်ဖြစ်ပြီး ယခုအခါ ဆင်ယဉ်လေးကောင်ရောက်ရှိနေပြီး နှစ်ကောင် ထပ်ရောက်မည်ဖြစ်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ညောင်ဦးဖောင်ဖွဲ့ရေးဒေသမှ ဦးမျိုးမင်းကို (လက်ထောက်မန်နေဂျာ)က ရှင်းပြသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ချင်းတွင်းဖောင်ဖွဲ့ရေးဒေသ လက်ထောက်အထွေထွေ မန်နေဂျာ ဦးအောင်ဌေးက ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအား ဧရာဝတီမြစ်အတွင်းမှ ပုဂံနေဝင်ချိန် ဆည်းဆာကြည့်နိုင်ရန် ပလင်းကမ်းသာယာ ဆင်စခန်းရှိ ရေမော်တော်ယာဉ် နှစ်စင်းဖြင့်လည်း ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ မော်တော်ယာဉ်ပေါ်မှ ဆင်စခန်းဘက်ကြည့်လျှင် အရိပ်ကောင်းသော သစ်ပင်ကြီးများ၊ ဆင်တင်းကုပ် (တဲ) များနှင့် အပန်းဖြေလာရောက်သူများ စိတ်အေးချမ်းသာစွာ နားနေနိုင်ရန် ထန်းရွက်မိုးခြေတံရှည်မိသားစု အပန်းဖြေရာနေရာများ အစီအရီ မြင်ရကာ ဆင်စာအတွက် မြစ်ကမ်းဘေးတွင် ဒေသခံတို့ စိုက်ပျိုးထားသည့် နေပီယာမြက်ခင်းများကိုလည်း တွေ့မြင်နိုင်ပေသည်။ အယောက် ၂၀ စီး ရေမော်တော်တစ်နာရီလျှင် ကျပ် ၅၀၀၀၀ ဖြင့် ဝန်ဆောင်မှုပေးကြောင်း သိခဲ့ရသည်။

### ဆင်လေး စည်ထွန်းဘို

ဆင်များအစာကျွေးရာတွင်လည်း ဆင်ဆရာဝန်များက ပြင်ပအစားအစာများသည် ဆင်များအတွက်အန္တရာယ်ဖြစ်စေနိုင်သောကြောင့် ဆင်စခန်းဝင်းအတွင်း ရောင်းချပေးသော ဆင်အစားအစာဆိုင်များမှဝယ်ယူကျွေးစေပြီး ဆင်စာတစ်ဗန်းကို ငွေကျပ် ၁၀၀၀ ဖြင့်ရောင်းချပေးပြီး ဆင်စာတစ်ဗန်းတွင် ငှက်ပျောသီးနှစ်လုံး၊ ကြံရိုးနှစ်ချောင်း၊ ပြောင်းဖူး နှစ်ဖူး၊ ဖရဲသီးစိတ် တစ်စိတ်တို့ ပါရှိသည်။ ဆင်ခြောက်ကောင်ရှိသည့်အနက် နှစ်နှစ်သားဆင်လေး စည်ထွန်းဘိုသည် ပလင်းကမ်းသာယာ ဆင်စခန်းသို့ လာရောက်လည်ပတ်သည့် ဧည့်သည်များ၏ အချစ်တော်ဖြစ်နေပြီး ဆင်များရေချချိန်တွင် ဆင်ပေါက်လေး စည်ထွန်းဘိုသည် သူ့မိခင်အပေါ်တက်၍ ဆော့ကစားခြင်း၊ ရေငုပ်ကစားခြင်းများကြောင့် ဆင်စခန်းလာရောက်သည့် ခရီးသွားဧည့်သည်များ၏ ဓာတ်ပုံရိုက်ခြင်းကိုခံရသော ပြည်သူ့အချစ်တော်ဆင်လေးဖြစ်နေသေသည်။ ဆင်စခန်းဝင်ကြေးပြည်တွင်းဧည့်သည် ကျပ် ၁၀၀၀နှင့် ပြည်ပဧည့်သည် ကျပ် ၁၀၀၀၀ နှင့် ဆင်စီးခ ပြည်တွင်းဧည့်သည် ကျပ် ၅၀၀၀ နှင့် ပြည်ပခရီးသွားဧည့်သည် ကျပ် ၁၀၀၀၀ ကောက်ခံသွားမည်ဖြစ်ကာ ဆင်စီးလမ်းကြောင်း ငါးဖာလုံဖြစ်ကာ ဆင်စီးချိန် မိနစ် ၂၀ ကြာမည်ဖြစ်ကြောင်းသိရပြီး ဆင်စီးချိန် နံနက် ၇ နာရီမှ ၁၁ နာရီအထိနှင့် ညနေ ၄ နာရီမှ ညနေ ၆ နာရီထိ ဆင်စီးချိန်ဖြစ်ပြီး ဆင်များရေချချိန် နံနက် ၆ နာရီမှ ၇ နာရီထိဖြစ်ပြီး ညနေ ၆ နာရီမှ ၇ နာရီထိဖြစ်ကြောင်း ပလင်းကမ်းသာယာဆင်စခန်းမှ ဦးမျိုးမင်းကို (လက်ထောက်မန်နေဂျာ)က ပြောသည်။

ဆင်စခန်းအတွင်း ဆင်ခြောက်ကောင်ထားရှိပြီး ဆင်များထားရှိမည့် အဆောက်အအုံများကိုလည်း အညာကျေးလက်ရှိ ထန်းပင်၊ ထန်းလက်၊ ထန်းရွက်များဖြင့်တည်ဆောက်ထားရှိသည်။ ယခုအခါ ဆင်စခန်းသို့ လာရောက်ကြပြီး ဆင်စာကျွေးခြင်း၊ မြစ်ကမ်းအလှကြည့်ရှုကြခြင်း၊ ဆင်စီးခြင်းများဖြင့် ခရီးသွားပြည်သူများ ပျော်ရွှင်နေကြသည်မှာ မြင်ရသူအပေါင်းစိတ်ပျော်ရွှင်ချမ်းမြေ့လှပေသည်။ ။

## အပြောမှန်မှဖြစ်မယ်

စာမျက်နှာ ၂၂ မှ

ဟုတ်ပါတယ်။ တချို့ကိစ္စတွေမှာ ကရုဏာဒေါသောနဲ့ မပြောမဖြစ်ပြောပေးဆိုပေးနေကြရတာတွေက ကျွဲပါးစောင်းတီးဆိုတဲ့ကိန်းကို ဆိုက်ချင်ဆိုက်နေမှာပေါ့။ ပြောမယ့်သာပြောနေရပေမယ့်၊ ဟောမယ့်သာဟောနေရပေမယ့် ဟောရင်းသာ ပျံလွန်တော်မူရမယ့်အဖြစ်မျိုးရှိချင်ရှိနေမှာပေါ့။ တချို့ကိစ္စတွေမှာက ပြောဆိုဝေဖန်မှုလောက်နဲ့ ပြုဖို့ ပြင်ဖို့က ဖြစ်ချင်မှဖြစ်နိုင်မှာကိုး။ ဒါပေမယ့် ကျွဲနားသွားပြီးစောင်းတီးပြတဲ့အခါ ကျွဲက စောင်းလက်သံကို နားမလည်လို့၊ မနှစ်ခြိုက်လို့ နားသောတဆင်တာမဆင်တာက အရေးမကြီးပါဘူး။ စိတ်ရှူးပေါက်ပြီး ခတ်ထည့်လိုက်မှ ကျွဲချိုဖျားမှာ အသက်ပါသွားတာမျိုး မဖြစ်ဖို့ သတိပြုဆင်ခြင်ရဦးမှာပါ။ တစ်ဖက်လူရဲ့ခံယူချက်၊ သဘောထားအခြေအနေကလည်း အရေးကြီးတယ်လေ။ ကိုယ်ကသာပြောနေရတာ၊ သူက ဘာတစ်ခုမှ ပြန်ပြီးဂရုတစိုက်၊ အရေးတယူမလုပ်ဘူးဆိုရင်လည်း ပြောသမျှ သဲထဲရေသွန်ဖြစ်သွားမှာပဲလေ။ ဒီအခြေအနေမျိုးအတွက်ကတော့ လျစ်လျူရှုလိုက်တာ ပိုပြီးသင့်လျော်မယ် ထင်ပါတယ်။

ကိုယ့်ရဲ့ပြောဆိုပြုပြင်ပေးမှုကို ခံယူမယ့်သူရဲ့ အခြေအနေကို အကဲခတ်ကြည့်မိဖို့က အရေးကြီးပါတယ်။ ကိုယ်ပြောရမယ့်သူက အရှင်ရာဟုလာလို မနက်စောစောမှာ လက်ခုပ်နဲ့ သဲတွေကျုံးယူပြီး “ငါသည် ယနေ့အဖို့ရာ မြတ်စွာဘုရားရှင် အထံတော်မှလည်းကောင်း၊ ဆရာဥပဇ္ဈာယ်တို့၏ အထံမှလည်းကောင်း ဤသဲမှုန့်နှင့်အမျှ အဆုံးအမ ဩဝါဒကို ရပါလို၏” လို့ ဆုတောင်းလေ့ရှိတဲ့သူမျိုးဆိုရင်တော့ အကြောင်းမဟုတ်ပါဘူး။ ဘယ်သူ့မှ လူမထင်တဲ့သူ၊ ငါ့လေ့ငါထိုး ပဲခူးရောက်ရောက်၊ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက် ဆိုတဲ့သူမျိုးဆိုရင်တော့ ကိုယ်ပြောလိုက်မှ ကိုယ့်ကိုပါ ရန်သူထင်သွားမယ့် အဖြစ်မျိုးကြုံရနိုင်ပါတယ်။

ဒီတော့ ပြောဆိုဝေဖန်မှုဟာ တစ်ဖက်လူအတွက် အကျိုးရှိရာရှိကြောင်း၊ ကောင်းရာကောင်းကျိုးတွေ ဖြစ်လာပါစေကြောင်း၊ ကောင်းမြတ်တဲ့စိတ်သဘောလေးနဲ့ ပြောဆိုတာမျိုးဖြစ်သင့်တဲ့အပြင် ပြောတဲ့ဆိုတဲ့ပုံစံကလည်း ဆရာကြီးအထာနဲ့မဟုတ်ဘဲနဲ့ တကယ့်ကို စိတ်ရင်းအမှန်နဲ့၊ စေတနာလေးနဲ့ ပြောရခြင်းဖြစ်တယ်ဆိုတာကို တစ်ဖက်လူ သဘောပေါက်အောင် ပြောနိုင်ဆိုနိုင်ဖို့လိုပါတယ်။ “ပညာရှိသူ၊ လူတို့ခံတွင်း၊ ရောက်လျှင်နူတ်က၊ မွှက်သမျှကား၊ များလှုဗိုလ်လေး၊ ကြားတိုင်းမွေး၏၊ ချိုအေးသာယာ၊ နားတန်ဆာဖြင့်၊ သာယာဖွယ်ချည်း၊ ဖြစ်သတည်းတည့်”လို့ ကျေးဇူးတော်ရှင်မန်လည်ဆရာတော်ကြီးက ဆိုဆုံးမထားခဲ့ပါတယ်။ ကိုယ်ပြောသမျှဆိုသမျှဟာ တစ်ဖက်လူအတွက် နားဝင်ချိုတဲ့ စကားလုံးဖြစ်ဖို့တော့ လိုဦးမှာပေါ့။ လိုမှာပေါ့လေ။

ကိုယ်ပြောမှာကတော့ အမှန်တရားပဲ။ မှန်ဖို့ကလည်း အရေးကြီးပါတယ်။ ဒါပေမယ့် ဒါက ပြောသင့်တဲ့ အချိန်လား။ ပြောသင့်တဲ့နေရာလား။ ပြောသင့်တဲ့ပုဂ္ဂိုလ်လား။ ပြောသင့်တဲ့ စကားလုံးအသုံးအနှုန်းလား စသည်ဖြင့် အချိန်အခါနေရာဒေသကို ချင့်ချိန်သုံးသပ်သင့်ပါသေးတယ်။ အမှန်လည်းပြောနိုင်ကြပါစေ။ အပြောလည်းမှန်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ရပါတယ်ခင်ဗျာ။ ။


PREMIER COFFEE
တို့ဌာနီ တို့မြန်မာပြည် မြန်မာတို့ရဲ့
ပရီမီယာကော်ဖီ
မှ
မြန်မာ့နှစ်သစ်ကူးအလှူပွဲတော်အဖြစ်
ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်တွင် ဆီမီး (၁၁၀၀၀) အလှူကို ထွန်းညှိပူဇော်ကာ (၇)ရက်သားသမီးများအတွက်
ပရီမီယာကော်ဖီမိသားစုမှ ပရီမီယာကော်ဖီ ၊ ပရီမီယာပဲနို့ ၊ ပရီမီယာ Chocolate Malt ၊ ပရီမီယာ White Malt နှင့်
တီးမာစတာလက်ဖက်ရည် တို့ကိုလည်း ဘုရားစောင်းတန်းများတွင် ပေးဝေလှူဒါန်းသွားမည်ဖြစ်ပါ၍
ပရီမီယာနှင့်အတူ လက်တွဲပါဝင် ကုသိုလ်ယူနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။
အလှူတော်မင်္ဂလာအစီအစဉ်
ဆီမီးအလှူနေ့ရက် ✦ ✦ ✦ ၂၀ • ၅ • ၂၀၁၈ (တနင်္ဂနွေနေ့)
ဆီမီးအလှူအချိန် ✦ ✦ ✦ ညနေ (၆ ၊ ၀၀)နာရီ
ဆီမီးအလှူနေရာ ✦ ✦ ✦ ရွှေတိဂုံစေတီတော်မြတ်ကြီး
PREMIER WELLNESS SOY
PREMIER WELLNESS
PREMIER WELLNESS
TEA MASTER


PUN HLAING SILOAM HOSPITALS
နှလုံးဝေဒနာရှင်များအတွက်သတင်းကောင်း
ပြည်တွင်းပြည်ပမှ နှလုံးအထူးကုသမားတော်ကြီးများ
အချိန်ပြည့်ရှိနေသည့် နှလုံးအထူးကုဌာန
နှလုံးသွေးကြောကျဉ်းရောဂါရှာဖွေခြင်း
ယခင် ၁,၂၀၀,၀၀၀ ယခု ၆၅၀,၀၀၀
နှလုံးသွေးကြောချဲ့ကုသခြင်း
ယခင် ၄,၆၀၀,၀၀၀ ယခု ၃,၇၀၀,၀၀၀
EMERGENCY
24/7 Services
01 368 44 11
A
B
C
နှလုံးရောဂါကြောင့်
အသက်မဆုံးရှုံးစေရ


ဂုဏ်ရည်ဆေးတိုက်
ဂုဏ်ရည်
ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။
ဈေး(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။
အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်၊)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
## ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
အမှတ် (၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့

UMFCCI Training Institute အတွက်
ဝန်ထမ်းလျှောက်လွှာများခေါ်ယူခြင်း

| စဉ် | ရာထူးအမည် |ဦးရေ | အရည်အချင်း |
|---|---|---|---|
| ၁ | အမှုဆောင်အရာရှိ (သင်တန်းဌာနမှူး/ မဟာဘွဲ့) | ၁ ဦး ကျား/မ | [illegible] Project [illegible] Computer [illegible] 4 Skills [illegible] |
| ၂ | ဒုတိယအမှုဆောင်အရာရှိ (သင်တန်းဌာန ဘွဲ့) | ၁ ဦး ကျား/မ | [illegible] Project [illegible] Computer [illegible] |
| ၃ | ဝန်ထမ်းအဆင့်-၃ (သင်တန်းဌာန ဘွဲ့) | ၂ ဦး ကျား/မ | [illegible] Computer [illegible] |

[illegible] Information [illegible] HRM [illegible]

စာအုပ်စာပေ
လူ့မိတ်ဆွေ

ရွှေလမ်းညွှန်
[illegible]
09-420087371, 09-262705136

ကားအငှားယာဉ်
CAR RENTAL
09-43117680, 09-5059821

ခေတ်တာစ်ရာ
အိမ်ပြောင်း/အိမ်ရွှေ့နှင့်
ကုန်စည်ဝန်ဆောင်မှုလုပ်ငန်း
မြို့တွင်း/နယ်ဝေး
Ph: 09-426426642
09-400151115

မိဘစေတနာ
အိမ်ပြောင်းအိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
09-404216614
09-404216610

မြန်မာ့ရိုးရာ ဗေဒင်ပညာ စိတ်ဝင်စားသူများအတွက် -
ဝံ-ဂလိဘိ
မြန်မာ့ရိုးရာအဋ္ဌတောထိန်း
City Mart, Ocean, Capital, Orange, Sein Gay Har
ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။
ထွက်ပြီ

ရွှေအောင်ဧရာ တည်းခိုခန်း
Super One, ILBC, Car Parking
No.81,
Ph 09-9689 133 03
09-9689 133 63
Wifi Free
10000 / 12000
20000 / 27000
Facebook

LMA
လွင်မြင့်အောင် မြီးစွာရှာကောင်ဆေးရည်
Certificate TH09/3125
ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd.
Certificate TH06/3966.02

ဘဝတိုက်ပွဲ ဝင်ကြဖို့ အောင်မြင်မှုကို ရယူကြစို့ ....



မဟာစွယ်စုံ သုတရေးရာအဖြာဖြာ
၂၀၁၈-၂၀၁၉ အထွေထွေ သိမှတ်ဖွယ်ရာ
ဗဟုသုတမှတ်စု

မဟာစွယ်စုံစာပေ - ၀၉-၄၅၈၄၉၀၃၂၁ ၊ ၀၉-၅၀၈၅၀၅၈
ထွက်ပြီ

မြေတူးစက်(Backhoe)ရောင်းမည်
လက်ရှိအသုံးပြုနေဆဲ
အဟောင်း / အကောင်း
20 Ton (Kobelco) = 260 သိန်း
4.5 Ton (Comatsu) = 160 သိန်း
Ph: 09-785084831

ထီပီတန်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

SEVEN
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

ရောင်းမည်
ဖုန်း- ၀၉ ၅၅၀၅၂၂၂၃


## အများသိစေရန်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/က ရပ်ကွက်၊ သမာဓိ(၅)လမ်း၊ အမှတ်(၈၁၅)၊ တတိယထပ်(၄)လွှာရှိ ပေ(၁၂½×၇၁)ရှိ တိုက်ခန်းအား ဦးထက်အာကာကျော်နှင့် စုသဥ္စာဆန်းတို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေပေးချေပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြေးမုံမြင့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၆၀၃၉)**
**ဖုန်း-၄၂၀၂၂၀၉၀၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ မလိခအိမ်ရာ၊ အမှတ်B-5(1)ရှိ Two Stars Myanmar Trading Co.,Ltd၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

Two Star Myanmar Trading Co.,Ltd.သည် မြန်မာတစ်နိုင်ငံလုံးသို့ T-Star အမည်ဖြင့် Premium corporate gifts/Promotion gifts အမျိုးမျိုးတို့ကို ဝန်ဆောင်မှုပေးခြင်းနှင့် 'Oren' အမှတ်တံဆိပ်ပါအင်္ကျီအမျိုးမျိုး၊ ဦးထုပ်အမျိုးမျိုး ကျောပိုးအိတ်အမျိုးမျိုးတို့ကို မြန်မာပြည်၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို လုပ်ကိုင်ပြီး ကောင်းသတင်းနှင့် ကျော်ကြားနေသောကုမ္ပဏီဖြစ်ပါသည်။ ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ အတိအလင်း လွှဲအပ်တာဝန်ပေးစေခိုင်းချက်မရှိဘဲ ကုမ္ပဏီ၏ Letter Head ကို သော်လည်းကောင်း၊ ကုမ္ပဏီဒါရိုက်တာများ၏အမည်နှင့် လက်မှတ်များကိုသော်လည်းကောင်း၊ တုပ၊ လိမ်လည်၊ အလွဲသုံးစားပြုလုပ်ပြီး လုပ်ငန်းအပ်နှံခြင်းစာချုပ်များ၊ အရောင်းအဝယ်စာချုပ်များ၊ ငွေပေးငွေယူစာချုပ်များကို ပြုလုပ်နေကြောင်း ကြားသိရပါသည်။ ထိုကဲ့သို့ ပြုမူလုပ်ဆောင်နေခြင်းများသည် Two Star Myanmar Trading Co.,Ltd.နှင့် မည်သို့မျှ မသက်ဆိုင်ကြောင်းနှင့် ဖြစ်လာသမျှ ကိစ္စအဝဝသည်လည်း ကုမ္ပဏီနှင့်ပတ်သက်မှု မရှိသဖြင့် တာဝန်ယူဖြေရှင်းပေးရန်လည်း အကြောင်းမရှိပါ။

သို့ဖြစ်ပါ၍ Two Star Myanmar Trading Co.,Ltd.၏ ဂုဏ်သိက္ခာပျက်ပြားအောင် ပြုလုပ်နေသည်များကို လုံးဝရပ်ဆိုင်းကြပါရန်နှင့် ထပ်မံ၍ ဆက်လက်ပြုလုပ်နေသည်ဟု ကြားသိရပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ဇာနည်နှင်း(LL.B,D.B.L,D.I.L)** | **ဦးမြစိုးဦး(LL.B)** | **ဦးတင်မောင်စိန်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၈၅၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၈၁)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၂၆)** |

**Libran Legal Group**
**အမှတ်-၁၂၆(မြေညီ)၊ ၃၉လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၅၆၇၆၀၂၂**
**Info@libran group.com,www.libran group.com**

## ဒေါ်သန္တာဝင်း[၁၂/ဒဂတ(နိုင်)၀၁၁၂၈၅]သိစေရန်

Dr.သိန်းဆွေ[၁၂/အစန(နိုင်)၁၀၆၂၄၄]နှင့် ဒေါ်သန္တာဝင်းသည် ၁၉-၁-၂၀၀၇ ရက်က လသာမြို့နယ်တရားရုံး၊ တရားသူကြီးရှေ့မှောက်တွင် ကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။ ထိုသို့ ကွာရှင်းစဉ် ဒေါ်သန္တာဝင်းအနေဖြင့် "နှစ်ဦးပိုင်ပစ္စည်းများကို စွန့်လွှတ်၍ ပိုင်ဆိုင်မှုတွင် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း၊ ကွာရှင်းပြတ်စဲပြီးနောက်တွင် မည်သည့်အနှောင့်အယှက် အဟန့်အတားမပြုလုပ်ရန်" လက်မှတ်ရေးထိုးကြပြီးဖြစ်၍ Dr.သိန်းဆွေပိုင် "အေးရိပ်မွန်ဆေးခန်း"အပါအဝင် စီးပွားရေး၊ လူမှုရေး၊ လုပ်ငန်းနှင့်ဂုဏ်သိက္ခာတို့ကို ထိခိုက်အနှောင့်အယှက် အဟန့်အတား မပြုလုပ်ပါရန် သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**Dr.သိန်းဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးမော် (B.Sc, PGDL)** | **ဒေါ်စန္ဒာထွန်း** |
| **Advocate of the Supreme Court** | **အထက်တန်းရှေ့နေ** |
| **Sr.10674** | **(စဉ်-၄၅၉၄၈)** |

**Hlaing Int'l Law Firm**
**55-25,Barr Street,Kyauktada T/S,Yangon**
**Ph:09-5156683, 09-420448599**

## ပျောက်ဆုံးကြောင်း

Burst Transmission Co., Ltd ၏ သွင်းကုန်ထုတ်ကုန်လိုင်စင်အမှတ် MQ il 1 12-13 9215 28-3-2013 မှာ လုပ်ငန်းလုပ်ကိုင်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၉၇၇၇၇၉၄၆

"ခိုင်ဖွန့်ခနော်" ကုမ္ပဏီ

01-8603565~7
01-233 1172~4
09 4431 65656
09 250 373716
09 4430 29696

| | | | |
|---|---|---|---|
| • ဆရာစံလမ်းသွယ် | (50×70) | 1RC | 7000L |
| • ကမ္ဘာအေးဘုရားလမ်း | (26×62) | 2RC | 5700L |
| • အစလေမ်းအစ်လမ်း | (4300sqft) | 2BN | 4700L |
| • ဟံသာဝတီ | (30×70) | 2RC | 4000L |
| • မရမ်းကုန်း | (27×120) | မြေ | 3700L |
| • ဒဂုံ | (7000sqft) | 2RC | US 7000 |
| • အင်းယားလမ်းသွယ် | (60×70) | 2RC | US 3000 |
| • အင်းယားလမ်း | (40×70) | 2RC | US 2500 |
| • တ/ဥက္ကလာ | (30×64) | 8½RC | 120L |
| • သဃန်းကျွန်း | (100×130) | မြေ | 55L |
| • စမ်းချောင်း | (20×50) | 4RC | 40L |
| • လှိုင် | (70×70) | 2RC | 30L |
| • ကျောက်တံတား | (4200sqft) | 2RC | 30L |
| • အင်းယား | (2613 sqft) | 1RC | 25L |
| • Good Morning Yeik Mon | (60×80) | 2RC | 22L |




ရွှေအိုးကြီး

ကိုကျော်နိုင် CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803

လင်းပြည့် 09-50-37438 532200

ဇာနည်

Ph: 09795549249, 0954181126
09-795546684




အောင်မင်္ဂလာ
အိမ်ခြံမြေ/ရှာလုပ်ငန်း
09428773300
09428773355

ရောင်ခြည်ထိပ်
10',14',15'
Ph:09-450454771
09-450454772
09-450454773







# အမြန်ရောင်းမည်

၁။ မြောက်ဥက္ကလာပ မြို့နယ်၊ သုဓမ္မာလမ်းမကြီးပေါ်
ကန်သာယာ ပန်းခြံရှေ့ 40'x60' ဂရန်မြေ
မြေကွက်လွတ်။ ရောင်းဈေး = သိန်း 6,000/-

၂။ မြောက်ဥက္ကလာပ မြို့နယ်၊ ဓမ္မဇေတီလမ်းမကြီးပေါ်
မြောက်ဥက္ကလာ ဆေးရုံကြီးအနီး 40'x60' ဂရန်မြေ
မြေကွက်လွတ်။ ရောင်းဈေး = သိန်း 3,000/-

Global Phoenix Real Estate
09-43111 113, 09-260260024

# ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

25'x60'= (45)သိန်း၊ 40'x60'= (65) သိန်း

Ph: 09-795 518 355, 09-450 302 310, 09-799 716 395

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်သင်းသင်းနိုင်[၁၂/အလန(နိုင်)၀၃၈၁၈၃]၏သား လွင်မိုးအောင် [၁၂/အလန(နိုင်)၀၅၁၆၀၅]သည် မိဘ၏အကြိမ်ကြိမ်ဆုံးမမှုကိုမနာခံဘဲ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်သင်းသင်းနိုင်[၁၂/အလန(နိုင်)၀၃၈၁၈၃]

## တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်)
## (၄၈)ကြိမ်မြောက်
## အဓိဋ္ဌာန်ပွဲ(၃)ပတ်ဖွင့်မည်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင် ဆရာတော်ကြီးသည် ရန်ကုန်မြို့သို့ ကြွရောက်၍ (၄၈)ကြိမ်မြောက် သတိပဋ္ဌာန်ဝိပဿနာ(၇)ရက် အဓိဋ္ဌာန်ပွဲ (၃)ပတ်ကို ပထမပတ် ၂၀၁၈ခုနှစ်၊ မေလ(၁)ရက်နေ့ ညနေမှ (၈)ရက် နံနက်ထိ၊ ဒုတိယပတ် မေလ ၈ ရက် ညနေမှ ၁၅ ရက်နေ့ နံနက်ထိ၊ တတိယပတ် မေလ(၁၅)ရက်နေ့ ညနေမှ(၂၂)ရက်နေ့ နံနက်ထိ ဟောကြားပြသပါမည်။ တရားအားထုတ်လိုသော ပုဂ္ဂိုလ်များသည် ရိပ်သာဖုန်း-၀၉-၄၀၁၆၀၃၅၄၆၊ ၀၉-၇၉၉၉၇၇၅၇၇ နှင့် ကပ္ပိယကာရက အဖွဲ့ဝင်များထံ ကြိုတင်စာရင်းပေးနိုင်ကြပါသည်။

**ကပ္ပိယကာရကအဖွဲ့**



**ရွှေလပ်ဒါး ... 095124678, 09401589907**



Package (40000)
Package (50000)
Package (55000)
Package (60000)
(35000)
Ph:09425334456, 09250233689, 0949323965



**နှစ်သစ်မှာမင်္ဂလာပါ**



09-43334111 ☎ 013-682844
09-43334222 ☎ 013-682928
09-73077711 ☎ 013-682944
09-73077722 ☎ 013-686212



**ဒေါက်တာကျော်ဦး**
Ph D (Chem), DFT (YU)
U.S.A (Bio)



ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်၏ (၂၀၁၄-၁၅/၂၀၁၅-၁၆/၂၀၁၆-၁၇) ပညာသင်နှစ်တွင် ၃-နှစ်ဆက်တိုက် အောင်ချက်အကောင်းဆုံးကျောင်း
မြန်မာတစ်နိုင်ငံလုံး တတိယအဆင့် (Top-3) နှင့် ဂုဏ်ထူးရှင်

# ပညာမြင့်မိုရ်



၂၀၁၈-၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ်

၅-တန်း မှ ၁၀-တန်း အထိ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

နေ့ကျောင်း၊ ဘော်ဒါ၊ တစ်ဝက်ဘော်ဒါ

တနင်္ဂနွေနေ့ ရုံးခန်းဖွင့်သည်။

အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။
09 965800961, 09 73004720, 09 778912697, 09 445340077, 01 8562830



## ဝန်ထမ်းအလိုရှိသည်

| | |
|---|---|
| ၁။ Sale Superviser | (2)M |
| ၂။ အရောင်းအသင်းကျွမ်းကျင် | (3)M/F |
| ၃။ ကျွမ်းကျင်ယာဉ်မောင်း | (2) M |
| ၄။ Computer Data entry | (1)F |

No.(137-B)
**Ph:09-965115999**



**မင်္ဂလာပါ**
09-450042704
09-250095116
09-420096296



**San brotherhood**
Air-Con

တပ်ဆင်ပြီးဈေးနှုန်း (၁နှစ်အာမခံ)




Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation

FMI City 709373, 09-5084831, 3682445(Ext)1421
01-704101, 09-5002738, 09-450023810
3681854, 706193, 09-73116475
01-704649, 09-73066836, 09-73004800
Capital 09-5053114, 73251545, 01-708842
09-43083868, 01-703241
09-5190383, 09-73251535
01-703684, 09-43130068
09-5012419, 09-73126244
Super 1 01-704467, 09-73217035
01-709114, 09-5019316


## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## တောင်ကြီးမြို့
## (တင်ဒါခေါ်ယူခြင်း)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၀၁၈ခုနှစ်၊ (ဧပြီလမှ စက်တင်ဘာလထိ) ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းခွဲဝေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ တင်ဒါဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်ဖိတ်ခေါ်အပ်ပါသည်-

(က) လားရှိုးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး၊ ဖြစ်ပေါ်ရုံးအုတ်တိုင်းကာရံခြင်း(၁.၉၁)ဧက အမှတ် (၁) ရပ်ကွက်၊ အကွက်အမှတ်(၆၄)၊ နားမခေါ်ရပ်၊ လားရှိုးမြို့။ (၁)ခု

(ခ) ကျိုင်းတုံခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး၊ ဖြစ်ပေါ်ရုံးအုတ်တိုင်းကာရံခြင်း(၂)ဧက ကျိုင်းတုံ-မိုင်းလား သွားကားလမ်းကြီးဘေး ကတ်ဖလူေးရွာ၊ ကျိုင်းတုံမြို့။ (၁)ခု

(ဂ) တာချီလိတ်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး၊ ဖြစ်ပေါ်ရုံးအုတ်တိုင်းကာရံခြင်း ပေ(၃၂၀×၄၀)၊ အကွက်အမှတ်(၂၀)၊ မဲခေါင်ရပ်ကွက်၊ မဲခေါင်တိုက်(အရှေ့မြောက်ရပ်)ရှိ အကွက်အမှတ်(၃၉)နှင့် (၄၀)။ တာချီလိတ်မြို့။ (၁)ခု

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များသည် ဌာနမှသတ်မှတ်ရောင်းချပေးသည့် တင်ဒါလျှောက်လွှာတွင် ဖော်ပြပါရှိသည့် အချက်အလက်များအတိုင်း ရေးဆွဲတင်ပြရန်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာနှင့် ဆောက်လုပ်မည့် ဒီဇိုင်းပုံစံ၊ စည်းကမ်းချက်များ၊ စံချိန်စံညွှန်းများကို ၇-၅-၂၀၁၈ရက် (တနင်္လာနေ့)မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၁၇-၅-၂၀၁၈ရက် (ကြာသပတေးနေ့) ၁၆:၀၀နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၄။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တောင်ကြီးမြို့၊ ဖုန်းအမှတ် (၀၈၁-၂၁၆၈၁၂)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**


Yangon University of Distance Education
YUDE
KMD Institute

ပညာရေးဝန်ကြီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ပူးပေါင်း ဖွင့်လှစ်သည့် သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ပူးပေါင်း၍ အောက်ဖော်ပြပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

- Diploma in Business Information System
- Diploma in Network Communication
- Diploma in Web Development

၁။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။
၂။ သင်တန်းကာလ(၉)လပြီးပြီး ပညာရေးဝန်ကြီးဌာနမှ ပေးအပ်ချီးမြှင့်သော ဒီပလိုမာ အောင်လက်မှတ် ရရှိပါမည်။
၃။ Diploma in Network Communication သင်တန်းအတွက် Microsoft မှ စစ်ဆေးသော 70-410 စာမေးပွဲဖြေဆိုနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပါသည်။
၄။ လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ထားပါသည်။
၅။ ကျောင်းသား / သူဟောင်းများ၊ အစိုးရဝန်ထမ်းများ၊ ဝန်ထမ်းသား/သမီးများအတွက် Discount နှင့် ပညာသင်ထောက်ပံ့ကြေးများ ရရှိနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း
၀၉-၂၆၂၆၀၀၃၀၁၊ ၉၆၆၆၃၄၈၂၅၂၊ ၀၁-၅၀၁၂၄၃၂၃၉၁၂၈၆၊ ၃၉၁၂၈၇၊ ၃၈၄၂၈၆၊ ၅၀၂၂၁၁၊ ၅၀၂၂၃၃၊ ၅၄၁၃၂၈၊ ၂၂၀၅၅၅

သင်တန်းကြေးများ Computer နှင့် Mobile ပစ္စည်းများကို အရစ်ကျစနစ်ဖြင့် ပေးသွင်းနိုင်ပါသည်။



ဦးသန်းဆွေ + ဒေါ်သန်းသန်းမြင့်
မူလပထမ ဟိန်းဗီ (1)
ကားမောင်း၊ စက်ပြင်သင်တန်း
01-706862, 09-73047755, 09-73322177, 09-73235757
01-201188, 09-73047744, 09-73047766
(218) 01-549764, 01-545155
01-573986, 01-573988



**တိုက်ခန်းငှားမည်**
(10'/14') Box
09-442076599
09-400448695
09-33100721



**ဒဂုံမြို့သစ်**
မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း
09 441984405
09 421110067

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်နီနီ

## အသက်(၇၄)နှစ်

A1 Group of Companies ၏ နာယကကြီးဖြစ်သော ဦးအောင်ကြီးမြင့်၏ ချစ်လှစွာသောဇနီးဖြစ်သူ ဒေါ်နီနီသည် ၁၈-၄-၂၀၁၈ ရက် ၉း၄၅ နာရီတွင် အနော်ရထာအိမ်ရာ၊ တိုက်(D)၊ အခန်း(၂)၊ ကမာရွတ်မြို့နယ်၊ နေအိမ်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါကြောင်း ကြားသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**A1 construction Co.,Ltd**

---

## (၁၁)နှစ်ပြည့် အလွမ်းနှင့်ကုသိုလ်

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ရဲမှူးကြီး ကိုလေး(ငြိမ်း) O.T.S(39)**

**(၂၀-၄-၂၀၀၇-၂၀-၄-၂၀၁၈)**

နှစ်တွေ အလီလီပြောင်းသွားပေမယ့် မိသားစုရင်ထဲမှာ အမြဲရှိနေမှာပါ။ အေးမြလုံခြုံသောမေတ္တာများနှင့် စောင့်ရှောက်ပေးခဲ့သော ကျေးဇူးရှင်အဖေကြီးကိုရည်စူးပြီး စဉ်ဆက်မပြတ် ပြုလုပ်ပေးသော ကောင်းမှုကုသိုလ်များကို အမျှပေးဝေပါတယ်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး** - **ဒေါ်အောင်အောင်ကြည်**
**ချစ်သားကြီး** - **ဗိုလ်မှူးကြီးနေမျိုးကို-နန်းခင်ပပမောင်**
**ချစ်သမီးကြီး** - **ဦးတင်ဝင်းဇော်-ဒေါ်စန္ဒာကို**
**ချစ်သမီးငယ်** - **ဦးကျော်သီဟ-ဒေါ်ဆင့်ဆင့်ကို**
**ချစ်သားငယ်** - **ဗိုလ်မှူးအောင်မြတ်မင်း(ခ)သီဟကို-ဒေါက်တာဇင်မာကို**
**ချစ်မြေးများ** - **နန်းခိုင်မျိုးကိုသွယ်၊ နန်းဆုသီရိမျိုးစံ၊ မောင်ထက်အောင်လင်း၊ မောင်သန့်စည်သူထက်၊ မသီရိလင်းစံ(ခ)ရွှေဥ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်းဒါယိကာမကြီး**

**ဒေါ်တင်ကြည်**

**အသက်(၈၅)နှစ်**

ပါမောက္ခ ဒေါက်တာရွှေတိုး (ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန်)နှင့် ဒေါက်တာမြတ်လေးကို (ကထိက၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန်)တို့၏မိခင်ကြီး ဒေါ်တင်ကြည်သည် ၁၀-၄-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**17th Batch, B.D.S (1982-86)**
**သူငယ်ချင်းများ**

---

## ကျေးဇူးတင်ရှိခြင်း

**ဦးအေးကြူ [B.A(Ed),B.Ed]**

**အသက်(၈၄)နှစ်**

**ကျောင်းအုပ်ဆရာကြီး/မြို့နယ်ပညာရေးမှူး**

**အထက-တွံတေး**

ဖေဖေ ဦးအေးကြူ အသက်(၈၄)နှစ်သည် ၁၅-၄-၂၀၁၈ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်ခဲ့၍ ၁၆-၄-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါသည်။ စတင်မကျန်းမာခဲ့သော ၂၀၀၈ ခုနှစ်၊ မေလ ၁၆ ရက်မှ ကွယ်လွန်သည့်အချိန်အထိ စေတနာမေတ္တာ အပြည့်အဝဖြင့် ကုသစောင့်ရှောက်ပေးခဲ့ပါသော ဦးလေး ဒေါက်တာဦးညွန့်သိန်း (ပါမောက္ခ၊ သမားတော်ကြီး)နှင့် မိသားစု၊ (၈)နှစ်တိုင်တိုင် ပြုစုစောင့်ရှောက်ပေးခဲ့ကြပါသော သူနာပြုဆရာမလေးများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ ကွယ်လွန်သည့်အချိန်မှ သဂြိုဟ်သည့်ကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပို့ဆောင်ပေးခဲ့သော ဆရာတော်၊ တွံတေးမြို့မှ ဖေဖေ၏တပည့်သားမြေးများ၊ မြို့မိ မြို့ဖ မိတ်ဆွေသင်္ဂဟများ၊ ၉ လမ်းအတွင်းရှိ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြသော ရပ်ကွက်သူ၊ ရပ်ကွက်သားများနှင့် မိတ်ဆွေများ၊ သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

ရန်ကုန်မြို့ နေအိမ်တွင် ၂၁-၄-၂၀၁၈ ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ဖေဖေ့အတွက် ရည်စူးပြု အလှူဒါနသို့ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**မေမေနှင့် သား၊ သမီးများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးအုန်းကြူ**

**အသက်(၈၃) နှစ်**

တပ်မတော် ဆေးတက္ကသိုလ် အမှတ်စဉ်(၇)မှ ဗိုလ်ကြီးသက်မင်းထွန်း၏ ဖခင်ကြီး ဦးအုန်းကြူသည် ၁၇-၄-၂၀၁၈ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**သူငယ်ချင်းများ**
**တပ်မတော်ဆေးတက္ကသိုလ် အမှတ်စဉ် (၇)**

---

## မိဘအမည်မှန်

ဘိုကလေးမြို့နယ်၊ ဆတ်ကျွန်းကျေးရွာ အုပ်စု၊ ရေဝင်(၅)ကွက်၊ အမက မူ(လွန်)ကျောင်း တတိယတန်းမှ မနိုဘယ်ယွန်း ဆက်၏ မိဘအမည်မှာ ဦးသက်ထွန်းအောင် [၁၂/ရပသ(နိုင်)၀၄၂၂၃၉] နှင့် ဒေါ်အေးသီတာပြုံး[၁၄/ဘကလ(နိုင်)၂၂၃၅၆၁] တို့ ဖြစ်ပါသည်။

---


## GREAT Car Rental

Belta,Mark II, Alphard, အန်စာတုံး၊ Minibus ကားများ ဈေးနှုန်းချိုသာစွာ ငှားရမ်းနိုင်ပါသည်။

**ဖုန်း-၀၉-၄၂၀၀၆၉၇၁၇**
**၀၉-၇၇၆၀၈၁၄၂၆**


---

## အမည်ပြောင်း

ဘားအံမြို့၊ အထက(၄) ဘားအံ တတိယတန်းမှ ဦးစောထူးအောင်၏သား မောင်ညက်ဘ်သျှင်ဦးအား မောင်ညက်ဘ်ထူးလင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ညက်ဘ်ထူးလင်း**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သန်းရီ**

**အသက်(၈၇)နှစ်**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးသန်းဌေး၏ မွေးသမိခင်ဒေါ်သန်းရီသည် ၁၅-၄-၂၀၁၈ရက် ည ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ် သိန်းဇော်(ငြိမ်း)နှင့်ဇနီး ဒေါ်မူမူဝင်းမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအေးကြူ [B.A(Ed),B.Ed] (၈၄)နှစ်**

**ကျောင်းအုပ်ဆရာကြီး၊ မြို့နယ်ပညာရေးမှူး (တွံတေး)**

ဦးကိုကိုအေး-ဒေါ်စန္ဒာဌေးတို့၏ဖခင် ဦးအေးကြူသည် ၁၅-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၈၇-၉၁)**
**မြို့ပြအင်ဂျင်နီယာသူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးအုန်းခိုင်(ခ)အောင်ခိုင်(ငြိမ်း)**

**အသက်(၆၆)နှစ်**

**ကြည်း(၁၃၃၅၇) (တေဇ-၂)**

အမှတ်(၄)၊ ဟံသာဝတီလမ်း၊ မြို့သစ်အလယ်ရပ်၊ သန်လျင်မြို့နေ ဒေါ်ခင်မျိုးမြင့်၏ခင်ပွန်းဖြစ်သူ ဒုတိယဗိုလ်မှူးကြီးအုန်းခိုင်(ခ)အောင်ခိုင်(ငြိမ်း)သည် ၁၃-၄-၂၀၁၈ရက်တွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂)မှ သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ကိုဌေးဝင်း၊ အသက်(၄၈)နှစ် သည် ၁၇-၄-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

YIT/YTU,Civil 1993-1998 Batch သူငယ်ချင်းများ

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ
### အသက်(၉၂)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ-ဒေါ်ဝင်းဝင်းမော် တို့၏ ချစ်လှစွာသောဖခင်ဖြစ်သူ ဦးတရုတ်ကြီး(ခ) ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းဆွေ-ဒေါ်မြသီဂီ**
**ပြည်ထောင်စုဝန်ကြီး**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ
### အသက်(၉၂)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ-ဒေါ်ဝင်းဝင်းမော်တို့၏ ချစ်လှစွာသောဖခင်၊ မအိပြည့်ပြည့်ဖြိုး၊ မောင်ခန့်စည်သူ တို့၏အဘိုးဖြစ်သူ ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၆း၅၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့်အရာထမ်းများ၊**
**အမှုထမ်းများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

### ဦးတင်ရွှေ (၉၂)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဒေါ်ဝင်းဝင်းမော်တို့၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ ရက် နံနက် ၆း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ဖခင်ရင်းတစ်ယောက်ဆုံးရှုံးရသကဲ့သို့ ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ အဘိုးကောင်းရာသုဂတိလားပါစေ။

**နိုင်ဝင်း-ခင်မျိုးခိုင်**
**သမီး-ဟန်နီ**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ဦးတင်မောင်အေး နှင့် ဒေါ်မြင့်မြင့်အေးတို့၏သားဖြစ်သူ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ နေ ဦးရဲဝဏ္ဏအေး (၄၇) နှစ်သည် ၁၈-၄-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးလှမောင် (စစ်တွေ)
**မန်နေဂျင်း ဒါရိုက်တာ၊ အောင်ဇေကမ္ဘာကုမ္ပဏီလီမိတက်**
### အသက် (၅၈) နှစ်

ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်လီမိတက် (အများနှင့် သက်ဆိုင်သောကုမ္ပဏီ) တိုးတက်အောင်မြင်စေရန်အတွက် အဘက်ဘက်မှ ပံ့ပိုးကူညီပေးခဲ့သော ဦးလှမောင်သည် ၁၈-၄-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၅ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဦးလှမောင် ကောင်းရာသုဂတိသို့လားပါစေ။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ**
**ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း လီမိတက်**
**(အများနှင့်သက်ဆိုင်သောကုမ္ပဏီ)**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
### ဦးဇော်ရိန်း (၅၂)နှစ်
**အတွင်းရေးမှူး၊ မြို့မတိုင်းရင်းသား နှစ်ခြင်းအသင်းတော်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊ဘန္ဓုလကုန်း (၄)လမ်း၊ အမှတ်(၂၉)၊ ခြောက်လွှာနေ ဦးNခွန်လု(ဝူရှူးအဖွဲ့ချုပ်)-ဒေါ်မြင့်မြင့်အေးတို့၏သားကြီး၊ ဆရာမ ဒေါ်Nခွန်ဒင်(ခ)ဒေါ်သီတာလှ၏မောင်၊ (ဦးဇော်နီး)-ဒေါ်ဟန်ဆုရင်၊ ဒေါ်Nခွန်ဂျီ-ဦးမောင်မောင်လေး၊ ဦးNဇော်လဂေါင်၊ ဦးNဇော်တူး-ဒေါ်သီသီစန်းတို့၏အစ်ကိုကြီး၊ တူ/တူမ ငါးယောက်တို့၏ဘကြီး ဦးNဇော်ရိန်းသည် ၁၈-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ၅း၁၅နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၄-၂၀၁၈(စနေနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန် ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးဆန်းအေး(ခ)ဦးဇာနည်
### အသက်(၅၂)နှစ်

ရန်ကုန်မြို့နေ ဦးမောင်အေး-(ဒေါ်စိန်သန်း) (မိုးပွင့်ဖြူ စက်ရွှေပန်းထိမ်လုပ်ငန်း)တို့၏ သား၊ (ဦးမောင်မောင်)-ဒေါ်ခင်ထွေးရီ တို့၏ သားသမက်၊ ဦးဆန်းအောင်-ဒေါ်အေးအေးမြတ်တို့၏ ညီ၊ ဒေါ်ချိုချိုလွင်၊ ဦးကျော်စိုး-ဒေါ်ပန်းအိ၊ ဦးဂျွန်နီ-ဒေါ်သီဂီဝင်းတို့၏ အစ်ကို၊ ဒေါ်အေးအေးရီ ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝေယံမျိုးသွင်-ဒေါ်တင်နီလာခိုင်၊ မောင်နိုင်လင်းဦး၊ မောင်အာကာသူ-မမျိုးမျိုးအေးတို့၏ ဖခင်၊ မောင်မင်းမင်းမြတ်၊ မောင်မျိုးကျော်ထွန်း၊ မောင်လင်းဘုန်းသန့် တို့၏ဦးလေး၊ မြေးနှစ်ယောက်တို့၏အဘိုးသည်၁၈-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် အမှတ်(၇၅၆)၊ ရွှေအုတ်ဂူ အထက်(၃)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၈ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ကျိုက်စသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးဌေးလွင် (၅၆)နှစ်
**(လ-၅၊ ထ-၁၊ ရန်ကင်း၊ ကျောင်းသားဟောင်း)**

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ တိုက်အမှတ် (၂၇၄)၊ အခန်း(၇)နေ (ဦးသန်းဌေး-ဒေါ်မြတ်လွင်)တို့၏သား၊ (Dr. ဦးစိန်လှိုင်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ဒေါ်သီတာဌေး-ဦးနေမျိုးဝင်းတို့မောင်၊ ဒေါ်ညိုပြာဌေး-ဦးနေမျိုးအောင်၊ ဒေါ်ကျော့ကျော့လွင်-ဦးအောင်ကိုကိုတို့၏ အစ်ကို၊ မယုဇာခိုင်-ကိုနိုင်လင်းထွန်း၊ မောင်ဝေယံကောင်း၊ မောင်ကောင်းစည်သူတို့၏ဖခင်၊ ဒေါ်ခင်သက်လှိုင်၏ ချစ်လှစွာသောခင်ပွန်း ဦးဌေးလွင်သည် ၁၆-၄-၂၀၁၈ (တနင်္လာနေ့) ညနေ ၅း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်(၁၁)ရပ်ကွက်၊ မြသီတာအိမ်ရာ၊ အမှတ်(၁က/၃၅)နေ (ဦးလီ-ဒေါ်ဘုန်းစိန်)တို့၏သား၊ (ဒေါ်ငွေစီ)၏ခင်ပွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်ဇနီး ဒေါ်ဝင်းဝင်းမော် တို့၏ ချစ်လှစွာသောဖခင် ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ အသက်(၉၂)နှစ်သည် ၁၈-၄-၂၀၁၈(ဗုဒ္ဓဟူးနေ့)နံနက်၆း၅၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ထမ်းများ**
**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ
### အသက်(၉၂)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ(ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး)နှင့် ဇနီး ဒေါ်ဝင်းဝင်းမော်တို့၏ ချစ်လှစွာသောဖခင် ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ရက်နေ့ နံနက် ၆း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကျော်စွာမင်း၊ ကျော်မျိုးထွဋ်**

### ဦးလှမြင့် (၈၂)နှစ်
**Father LaPhone ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တိုက်(38-F 5)၊ ဈေးလမ်းနေ (ဦးခင်မောင်ကြီး-ဒေါ်နှင်းရီ)တို့၏သား၊ (ဦးအောင်ကြည်)-ဒေါ်ကျင်ဌေး၊ (ဦးကျော်လင်း-ဒေါ်တင်ကြည်)တို့၏ညီ၊ (ဗိုလ်ကြီးခင်မောင်ဦး)၊ ဒေါ်နုနုတို့၏အစ်ကို၊ (ဒေါ်သိန်းမြင့်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးထွန်းလှဦး)-ဒေါ်အုန်းဝေ၊ ဦးခင်မောင်အေး-ဒေါ်သီတာမြင့်၊ ဦးလှမျိုး-ဒေါ်ဥမ္မာမြင့်တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး ဦးလှမြင့်သည် ၁၈-၄-၂၀၁၈ ရက် ည ၁၀း၀၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၈ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း၊ မီးစက် ဒါယိကာမကြီး
### ဒေါ်ခင်စန်း (ကြီးကြီး) (၈၂) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ဝဲကြီးကျေးရွာနေ (ဦးအေးမောင်-ဒေါ်လုံမလေး)တို့၏သမီး၊ (ဦးထွန်းရှိန်-ဒေါ်စိန်မေ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၂၉)၊ လေးလွှာ၊ ဇဋ္ဌိလလမ်း၊ မလ္လကုန်းဌေးကြွယ်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဦးစိုးတင့်(တပ်မတော်-ရေ၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်ခင်သိန်း၊ ဒေါ်ခင်ညွန့်တို့၏ညီမ၊ ဦးမင်းဆွေဦး-ဒေါ်ထားထားချို၊ ဦးစိုးမင်းလတ်၊ ဦးတင်မောင်စိုး-ဒေါ်နီလာဝင်းတို့၏မိခင်၊ ကိုမျိုးမင်းထွန်း-မငုဝါ၊ ကိုဆွေထွန်း-မကြည်ပြာစိုးမင်း၊ ကိုစိုင်းထွန်းတစ်ပ-မစံပယ်၊ ကိုကောင်းဝေယံစိုး၊ ကိုမိုးသက်ကို၊ ကိုထက်အောင်ရဲရင့်တို့၏အဘွား၊ မောင်မျိုးသူရထွန်း၊ မကြွယ်စင်လင်းတို့၏ဘွားဘွားကြီးသည် ၁၉-၄-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၈ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးထွန်းကြည် (၈၁)နှစ်
**မြို့နယ်လုံးဆိုင်ရာဘုံဆွမ်းလောင်းအသင်းဥက္ကဋ္ဌ၊ ဝမ်းတွင်းမြို့**
**မြသဇင်အထည်စက်၊ ဝမ်းတွင်းမြို့**

ဝမ်းတွင်းမြို့၊ အမှတ်(၂)၊ တံတားဦးရပ်ကွက်၊ မြသဇင်အထည်စက်နေ (ဦးငယ်လေး-ဒေါ်မှုံ)တို့၏သား၊ (ဒေါ်ရင်)၏ခင်ပွန်း၊ ဦးစောမောင်၏ညီ၊ ဒေါ်သန်းမြင့်၊ ဒေါ်လှမြင့်တို့၏အစ်ကိုကြီး၊ ဦးစိုးဝင်း-ဒေါ်ခင်သန်းဌေး၊ ဦးသိန်းထွန်း-ဒေါ်ခင်အေးဝင်း၊ ဦးကျော်အေး-ဒေါ်မြတ်ခိုင်၊ ဦးကျော်မင်းထွန်း-ဒေါ်ခင်မျိုးတင့်တို့၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၉-၄-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၈ (စနေနေ့) နံနက် ၈ နာရီတွင် နေအိမ်မှ ဝမ်းတွင်းမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဦးတင်ထွန်း (၇၅)နှစ်
**လက်ထောက်မန်နေဂျာ ဆောက်/လျှပ် (ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၀) ရပ်ကွက်၊ ဗိုလ်တေဇလမ်း အပိုင်း (၂) နေ (ဦးစိုးမောင်-ဒေါ်အေးစိန်) တို့၏သား၊ (ဦးခင်အုန်း)-ဒေါ်ပုမ၊ ဦးလှငွေ- (ဒေါ်ညွန့်ရွှေ)၊ (ဦးကျော်သိန်း)-ဒေါ်သန်းမြ၊ (ဦးသိန်းကျော်)-ဒေါ်မြကြည်တို့၏ ညီ/မောင်၊ ဒေါ်နုနုရီ (အမက-၁၀ တ/ဥ၊ငြိမ်း) ၏ ခင်ပွန်း၊ မဥမ္မာထွန်း၊ မောင်နေလင်းထွန်းတို့၏ဖခင်သည် ၁၉-၄-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၈ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၈ ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်နီနီ (ဟင်္သာတ) (၇၃)နှစ်

ဟင်္သာတမြို့နေ (ဦးမောင်ကို-ဒေါ်ခင်နု)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (အနော်ရထာအိမ်ရာ)၊ လှည်းတန်း၊ တိုက်(D)၊ အခန်း(၂၀၁) နေ ဦးအောင်ကြီးမြင့် အင်ဂျင်နီယာချုပ် (ဗိသုကာ၊ ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ နာယက၊ A1-Group of Companies ၏ ဇနီး၊ ဦးတေဇအောင်-ဒေါ်ခင်မူမြင့် (အမှတ်တရအင်းလေးအစားအစာနှင့် ရှမ်းခေါက်ဆွဲဆိုင်)၊ (ဦးသီဟအောင်)၊ ဒေါက်တာဝဏ္ဏအောင်-ဒေါက်တာစုမင်းမင်းတင် (အင်္ဂလန်)၊ ဦးရာဇအောင်-ဒေါ်အေးအေးသန့် (မြင့်မြင့်ခင်ထိုးမုန့်)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မဇလပ်ဖြူစင်-မောင်ရဲစွမ်းသျှင် တို့၏ ချစ်လှစွာသောအဘွား ဒေါ်နီနီသည် ၁၈-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## နာရေး

### ဒေါ်ကြည်ကြည် (၈၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၃၉၉) နေ (ဦးကျော်မြင့်)၏ဇနီး၊ ဦးမျိုးအောင်-(ဒေါ်နန်းခမ်းပန်)၊ (ဦးအန်းစိမ်း)-ဒေါ်တင်တင်မြ၊ ဦးလှဝင်း-ဒေါ်တင်တင်အေး၊ ဒေါ်ရွှေကြည်၊ ဦးမျိုးမြင့်တို့၏ မိခင်၊မြေး၁၀ယောက်၊မြစ်လေးယောက်တို့၏ဘွားဘွားကြီး ဒေါ်ကြည်ကြည်သည် ၁၉-၄-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၈ (စနေနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်ရင်နု အသက် (၇၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၄)ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ်(၅၉၇)နေ (ဦးကျော်မောင်-ဒေါ်ကျင်ဖြူ)တို့၏သမီး၊ (ဦးထွန်းလှ) ၏ဇနီး၊ ဦးဝင်းနိုင်-ဒေါ်ကြည်ကြည်သန်း၊ ဦးထွန်းရွှေ-ဒေါ်အေးအေးမြင့်၊ ဦးဝင်းလှိုင်-ဒေါ်ခင်မျိုးဝင်းတို့၏မွေးသမိခင်၊မြေးခုနစ်ယောက်တို့၏အဘွား၊ ဦးအေးသော်-ဒေါ်ကျင်မြင့်တို့၏ညီမ၊ ဦးကျော်ခိုင်-ဒေါ်ခင်ဝင်းကြည်၊ ဦးစိုးလှုင်-ဒေါ်စန်းစန်းရီ၊ ဦးသန်းလှိုင်-ဒေါ်စန်းစန်းကြည်၊ ဦးသိန်းဌေး-ဒေါ်ညွန့်ညွန့်ဝင်းတို့၏အစ်မသည်၁၉-၄-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၈(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ်-၅၉၇၊ နဝရတ်လမ်း၊ ၄၄-ရပ်ကွက်၊ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်အေးစန်း (၆၇)နှစ်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဆင်ချောင်းကျေးရွာနေ (ဦးဘကြူး-ဒေါ်အေးကွန့်)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ သံပုရာခုန်ရွာနေ (ဦးမောင်-ဒေါ်နှင်းလှိုင်)တို့၏သမီးချွေးမ၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးအုံးလွင်-ဒေါ်မြသွင်)၊ ပခုက္ကူမြို့နေ ဦးကျော်သန်း-ဒေါ်အမာဌေးတို့၏ညီမ၊ လသာမြို့နယ်နေ ဦးစိန်ဝင်း-ဒေါ်ခင်စောဝင်း(ကျောင်းအုပ်ကြီး၊ ထ/၆၊ မင်္ဂလာတောင်ညွန့်)၊ ဒေါ်ခင်ဝင်းကြည်၊ ဦးမြင့်အေး-ဒေါ်စန်းကြည် တို့၏ အစ်မ၊ (ဦးမြအေး)၏ ချစ်လှစွာသောဇနီး၊ လှိုင်သာယာမြို့နယ်၊ (၁၂)ရပ်ကွက်၊ ပေါ်ဆန်းမွှေး(၁)လမ်း၊ (၇၂၇/က)နေ ဦးအောင်ကျော်ဦး-ဒေါ်နီနီအောင်၊ ဦးလှဖုန်းအောင်-ဒေါ်စိုးစိုးမာတို့၏ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၈-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၇း၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၈ (သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးသိန်းဇော် (၅၆)နှစ်
**M.E.P.E(ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၇)ရပ်ကွက်၊ ငွေကန်သာလမ်း၊ အမှတ်(၁၂၆၂)နေ (ဦးလှကြိုင်-ဒေါ်ကျင်လှမ်)တို့၏ သားကြီး၊ (ဦးအေး-ဒေါ်သောင်းရင်)တို့၏ သားသမက်၊ ဒေါ်နီနီမာ(Y.E.S.C)အရှေ့ပိုင်းခရိုင်၊ ဦးမျိုးဇော်(ဗဟိုအမျိုးသမီးဆေးရုံ)-ဒေါ်သန်းသန်းစိန်၊ ဦးခင်မောင်ထွန်း (ဒေါင်းသစ် အချောထည်)-ဒေါ်ဘေဘီအေး(MEPE၊ ဘုရင့်နောင်ပင်မဓာတ်အားခွဲရုံ)၊ ဦးကြွင်ပိုက်-ဒေါ်ဝင်းဝင်းထွေး တို့၏ အစ်ကိုကြီး၊ ဗိုလ်ကြီးထက်ကျော်ကျော် (စစ်ဦးစီးမှူး တတိယတန်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်)-ဒေါ်ဇာဇာထက်၊ မယဉ်မေဇော်(Noble Lamp Co.,Ltd.)၊ မဖြိုးသဉ္ဇာကျော် တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မောင်ရန်ပြေဟိန်း၏ အဘိုး ဦးသိန်းဇော်သည် ၁၉-၄-၂၀၁၈ ရက် နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်ရီရီ(၁) (၉၃)နှစ်
**ငွေကိုင်မှူး(ငြိမ်း)၊ ဗဟိုဘဏ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၄) ရပ်ကွက်၊ ရွှေစင် (၃)လမ်း၊ အမှတ် (၃၉၁) နေ (ဦးထွန်းမြင့်)၏ ဇနီး၊ ဦးရဲထွန်း-ဒေါ်မျိုးမျိုးတို့၏မိခင်၊ ဦးဇာဏီ-ဒေါ်အိအိ၊ ဒေါ်ပြည်ငြိမ်းအေးတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားသည် ၁၄-၄-၂၀၁၈ ရက် ည ၁၉း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၈ ရက် နံနက်တွင် ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားတော်နာပြီး မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်မေကြူ(ခ)ဒေါ်ကြူကြူ (ရွှေကျင်)
### အသက်(၈၆)နှစ်

ရွှေကျင်မြို့နေ (ဦးဘအုန်း-ဒေါ်ထားမေ)တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ်(၅၀၃)၊ အောက်ပုဇွန်တောင်လမ်းမကြီးနေ (ဦးစိုးသိန်း)၏ ချစ်လှစွာသော ဇနီး၊ (ဒေါ်ဖွားရွှေ) (ရွှေကျင်အသင်းဥက္ကဋ္ဌဟောင်း)၏ တူမ၊ (ဦးသိန်းဆင့်)၏ ညီမ၊ (ဒေါ်မူမူ)၏ အစ်မ၊ ဦးဝင်းမြင့်-ဒေါ်သိန်းသိန်းအေး၊ ဦးသိန်းကြိုင်(ITBMU-ငြိမ်း)-ဒေါ်မြင့်မြင့်သိန်း၊ ဦးဇော်ထွေး-ဒေါ်ဝင်းဝင်းသိန်း၊ ဦးနိုင်ဝင်း-ဒေါ်ဝါဝါအောင်(Super One)၊ (ဦးဇာနည်လွင်)၊ ဒေါ်သန်းသန်းကြည်၊ ဦးမြင့်လှိုင် (SH Shipping Co.,Ltd.)-ဒေါ်ချိုချိုသိန်း၊ ဦးမောင်မောင်ဝင်း-ဒေါ်သိန်းသိန်းနိုင် တို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၅ ယောက်၊ မြစ် ၁၀ ယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၁၉-၄-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၈ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။(အမှတ်-၅၀၃၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အုံးကြည် (၈၅)နှစ်

ရန်ကုန်မြို့၊ ကန်/တောင် ရပ်ကွက်နေ (ဦးသောင်းဖေ-ဒေါ်သန်း)တို့၏ သမီး၊ (ဦးဘတင်)၏ ဇနီး၊ ဦးအောင်မြတ်ကျော်(Lizstar Shipping)-ဒေါ်စန်းစန်းချို၊ ဦးတင်ဝင်း(Lizstar Shipping)-ဒေါ်သင်းသင်းရီ၊ ဦးအောင်မျိုး-ဒေါ်မိုးသူဇာငြိမ်း၊ ဦးလှမျိုး-ဒေါ်သင်းနွယ်ဦး၊ ဒေါ်လှလှချို၊ ဦးသန်းမျိုး(Lizstar Shipping)-ဒေါ်နန်းဥမ္မာမြင့် တို့၏ မွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၈-၄-၂၀၁၈ ရက် ည ၈း၄၈ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၈ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါ မည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၈ရက် နံနက်၇နာရီတွင် နေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ
### ဦးရဲဝဏ္ဏအေး (၄၇) နှစ်
**B.E (Petroleum) YIT**
**Post Graduate Diploma in Hotel Management and Tourism (S.H.M.S) Switzerland**
**Mastery Diploma in English (W.S.I) Switzerland**
**အ. ထ. က(၂) ဒဂုံ (မြို့မ) ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ တိုက်(၁၄)၊ အခန်း(၈)၊ ဦးဝိစာရအိမ်ရာနေ ဦးတင်မောင်အေး(ကောင်စီဝင်၊မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊Asahi Shibum သတင်းထောက်-ငြိမ်း)-ဒေါ်မြင့်မြင့်အေးတို့၏ချစ်လှစွာသော တစ်ဦးတည်းသောသား၊ ဒေါ်စောသီရိအေး-ဦးမျိုးအောင်သိမ်း(MD-Myo Auto Services)တို့၏အစ်ကို၊ စောမြတ်သဇင်သိမ်း (ခ) Yuki (ILBC)၊ စောမြတ်အိန္ဒြာသိမ်း (ခ) Sweety (ILBC) တို့၏ဘကြီး ဦးရဲဝဏ္ဏအေး( ANANDA LIN LETT Co.,Ltd, THUWUNNA LINLETT Co.,Ltd နှင့် AMARA LIN LETT Co.,Ltd) တို့၏ MDဖြစ်သူသည် အင်္ဂလန်နိုင်ငံ၊ Luton and Dunstable Hospital ၌ ၁၈-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ဒေသစံတော်ချိန် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးဇေယျာမျိုးလွင် (B.Sc Botany) (၄၂)နှစ်

အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ ဖန်စက်လမ်း၊ အမှတ်(၃၉၈) နေ ဦးခင်မောင်လွင်(ရဲမှူး-ငြိမ်း)-ဒေါ်တင်တင်ဝင်းတို့၏သား၊ ဦးတင်ဝင်း-(ဒေါ်ခင်အေး)တို့၏သားသမက်၊ ဒေါ်ကြူကြူနွယ်၏ခင်ပွန်း၊ မောင်မင်းသန့်၊ မောင်မင်းခန့်(Grade 6၊ အထက-၁၊ အင်းစိန်)တို့၏ဖခင်၊ ဒေါ်ဝါဝါနှင်းလွင် (ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ ခရိုင်ပညာရေးမှူးရုံး၊ မြောက်ပိုင်းခရိုင်)၏အစ်ကို၊ ဒေါ်မေဇင်ဝင်း၊ဦးအောင်သူရဝင်း-ဒေါ်ကြည်သာသောင်းမြင့်၊ ဒေါ်သီတာဝင်း၊ ဦးနန္ဒဝင်းလွင်-ဒေါ်နန်းခက်ဝေလွင်၊ ဒေါ်မြတ်ဆုမွန်လွင်၊ ဦးကျော်စွာဝင်းလွင်-ဒေါ်အိ၊ ဒေါ်ကြည်သာအောင်မြင့်-ဦးမျိုးဝင်းသိန်း၊ ဦးရဲထွဋ်အောင်၊ ဒေါ်တင်မိုးလွင်၊ ဦးပြည့်စုံလွင်၊ ဒေါ်အိမွန်ဦး-ဦးထက်စိုးလင်း၊ ဦးဖြိုးသီဟဦး၊ ဒေါ်မြတ်မွန်ဦး၊ ဒေါ်သော်တာလွင်၊ ဦးရဲပိုင်ဖြိုး၊ မောင်ကျော်ရဲလွင်၊ ဒေါ်ကေခိုင်သိမ့်တို့၏အစ်ကို၊ မောင်ဘုန်းမြင့်စံဝင်း၊ မမြတ်ဘုန်းပြည့်သော်တို့၏ဦးလေးသည် ၁၈-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒေါက်တာခင်စပယ်(UK)၏ အစ်ကို ဦးမောင်မောင်ခန့် (အင်းစိန်၊ ဘိုကုန်း)သည် ၁၈-၄-၂၀၁၈ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**ဒေါက်တာသင်းသင်းဆွေ**
**မသီဂီ**

### ဦးလှမောင်(ခ)
### ဦးမောင်ကျော်အေး(စစ်တွေ)
### အသက် (၅၈) နှစ်
**မန်နေဂျင်းဒါရိုက်တာ၊**
**အောင်ဇေကမ္ဘာကုမ္ပဏီလီမိတက်**

ရခိုင်ပြည်နယ်ဓမ္မာရုံ(ရန်ကုန်)၏ ဒုဥက္ကဋ္ဌ ဦးလှမောင်သည် ၁၈-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့)ညနေ၄း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၈ (သောကြာနေ့) ညနေ၅ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါ၍လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ (အမှတ်-၂၂၄၊ ဦးဝိစာရလမ်း၊ဗဟန်းမြို့နယ်နေအိမ်နှင့် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး၊ အာဇာနည်လမ်း၊ ရခိုင်ပြည်နယ်ဓမ္မာရုံတို့မှ ကားများမွန်းလွဲ၂း၃၀နာရီတွင် ထွက်ပါမည်။) **ရခိုင်ပြည်နယ်ဓမ္မာရုံဂေါပကအဖွဲ့**

## ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
### ဦးဉာဏ်သိန်း
### အသက်(၈၅)နှစ်
**လ/ထ ကထိက (ငြိမ်း)၊**
**နိုင်ငံရေးသိပ္ပံဌာန၊ ပြည်ကောလိပ် ကထိက (ငြိမ်း)၊ ပညာရေးကောလိပ်၊ ပြည်မြို့။**

ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ မင်းဘူးလမ်းနေ (ဦးထွန်းတင်-ဒေါ်ထားရှင်)တို့၏သား၊ ဒေါ်သန်းသန်း(လ/ထ ကထိက-ငြိမ်း၊ ပညာရေးကောလိပ်၊ ပြည်မြို့)၏ခင်ပွန်း၊ မယမင်းထွန်း၊ မအေးပပလင်း(နန်းနွယ်ထွန်း ရတနာရွှေဆိုင်)တို့၏ဖခင်သည် ၁၈-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီး သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

# မောင်တောဒေသ၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် နေရပ်စွန့်ခွာသူများအား နှစ်နိုင်ငံပြန်လည်လက်ခံရေးဆိုင်ရာ သဘောတူညီချက်နှင့်အညီ ပြန်လည်လက်ခံရန် ဆောင်ရွက်လျက်ရှိ

# မိမိတို့ဆန္ဒအလျောက် ပြန်လည်လာရောက်မည့်သူများကို မြန်မာနိုင်ငံအနေဖြင့် လက်ခံရန်အသင့်ရှိ

**ရန်ကုန် မေ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားနှင့် ဒါကာမြို့သို့ ၁၁-၄-၂၀၁၈ ရက်မှ ၁၃-၄-၂၀၁၈ ရက်အထိ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်သော ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်၊ မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအသင်းမှ ဦးတင်မြင့်၊ ဦးသန်းလွင်၊ ဒေါက်တာလှထွန်း၊ ရန်ကုန်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❂



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခရီးစဉ်နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနတွင် ကျင်းပစဉ်။ (အပေါ်ပုံ) နှင့် (အောက်ပုံ)



"နှစ်ဖက်သဘောတူညီထားသည့် သတ်မှတ်ထားသော ပုံစံတွင် ဖြည့်စွက်ရေးသည့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်နိုင်ရေးအတွက် များစွာ အရေးကြီး၊ ကော့ခ်ဘဇားရှိ စခန်းများ၏ အနေအထားသည် လွန်စွာဆိုးရွားသည်ဟု သိရှိရ၊ ဆောလျင်စွာ စိစစ်ပြီး ပြန်လည်လက်ခံလို"



နိုင်ငံတော်အစိုးရ၏
# ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ
ဧပြီ ၂၀၊ ၂၀၁၈ (သောကြာနေ့)

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေပြုရေးတာဝန်ကို ထမ်းရွက်လျက်ရှိသည့် ပြည်သူ့လွှတ်တော်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

■ တွေ့ဆုံမေးမြန်း - နန္ဒာဝင်း

**ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့သည် လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသည့်အားလျော်စွာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှုရှိစွာဖြင့် ထိန်းကျောင်းဆောင်ရွက်လျက်ရှိကြသည်။**

**လွှတ်တော်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေပြုရေးတာဝန်ကို ထမ်းရွက်လျက်ရှိသည်။**

**ပြည်သူ့လွှတ်တော်အနေဖြင့် ဒုတိယအကြိမ်လွှတ်တော်များ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ခရီးလမ်းသည် (၂)နှစ်တာဆိုသည့် အချိန်ကာလတစ်ခုကို ရောက်ရှိခဲ့ပြီဖြစ်သည်။ အဆိုပါ ကာလအတွင်း နိုင်ငံသူ နိုင်ငံသားများ လိုလားတောင့်တနေသော ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးတို့အတွက် ဥပဒေပြုရေးအခန်းကဏ္ဍမှ လျှောက်လှမ်းလျက်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအသီးသီးမှ ပြည်သူများ၏ လိုလားတောင့်တချက်များ၊ ဖွံ့ဖြိုးတိုးတက်မှုများကို တတ်စွမ်းသမျှ ဖြည့်ဆည်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၏ နှစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ကို တွေ့ဆုံမေးမြန်းထားပါသည်-**

**မေး။ ပြည်သူ့လွှတ်တော်ရဲ့ ချမှတ်ထားတဲ့ မူဝါဒ၊ ရည်မှန်းချက်တွေနဲ့ ပတ်သက်ပြီး သိရှိလိုပါတယ်။**

ဖြေ။ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ အာဏာသုံးရပ်ရဲ့ မူလပိုင်ရှင်ဖြစ်တဲ့ ပြည်သူကို ဦးထိပ်ထားပြီး ဒီမိုကရေစီစံနှုန်းများနဲ့ ကိုက်ညီတဲ့ ဥပဒေတွေပြဋ္ဌာန်းပေးနိုင်ရေးအတွက် ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်နေပါတယ်။ လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲမထားဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်ရေးဆိုတဲ့မူဝါဒကို ချမှတ်ကျင့်သုံးလျက်ရှိပါတယ်။

ရည်မှန်းချက်တွေကတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုရန်၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးရရှိအောင် ဖော်ဆောင်ရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးတည်ရန်၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းနှင့် တရားမျှတခြင်း တည်းဟူသော လောကပါလတရားများ ထွန်းကားရန်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေး မြင့်မားရေးနှင့် စွမ်းရည်တိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်တို့ကို အလေးထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ပြည်သူ့လွှတ်တော် သက်တမ်း နှစ်နှစ်တာကာလအတွင်း ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေအကြောင်းကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းရဲ့ နှစ်နှစ်တာကာလအတွင်း ၁၀-၃-၂၀၁၈ ရက်နေ့အထိ အသစ်ပြဋ္ဌာန်းဥပဒေ(၇)ခု၊ တည်ဆဲဥပဒေကို ရုပ်သိမ်းပြီး အသစ်ပြဋ္ဌာန်းဥပဒေ(၁၀)ခု၊ ပြင်ဆင်သည့်ဥပဒေ(၂၄)ခု၊ ရုပ်သိမ်းသည့် ဥပဒေ(၉)ခု၊ အမျိုးသားစီမံကိန်း၊ ဘဏ္ဍာငွေ အရအသုံးနဲ့ အခွန်အကောက်ဆိုင်ရာ ဥပဒေ(၈)ခု စုစုပေါင်း(၅၈)ခု ပြဋ္ဌာန်းပေးနိုင်ခဲ့ပါတယ်။

အထူးကဏ္ဍ [ ခ ] သို့ »»





ရွှေကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

ပြဋ္ဌာန်းနိုင်ခဲ့တဲ့ ဥပဒေတွေအနက် အချို့ကို အကျဉ်းချုပ် တင်ပြရမယ်ဆိုရင် သက်ကြီးရွယ်အိုတွေအတွက် ကျန်းမာရေးနဲ့ လူမှုရေး စောင့်ရှောက်မှုရရှိနိုင်စေရေး၊ ဘေးကင်းစိတ်ချလုံခြုံရတဲ့ ပတ်ဝန်းကျင်ကောင်းတစ်ခု ရရှိနိုင်စေရေးတို့အတွက် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေနဲ့ နိုင်ငံသားတွေရဲ့ဘဝလုံခြုံမှု၊ စိတ်လုံခြုံမှု ရရှိနိုင်ရေးနဲ့ ဆုံးရှုံးနစ်နာမှုမရှိစေရေးတို့အတွက် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို အကာအကွယ်ပေးရေး ဥပဒေတို့ကို ပြဋ္ဌာန်းပေးနိုင်ခဲ့ပါတယ်။

ဒ့ါအပြင် နိုင်ငံတော်နှင့် နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊ သယံဇာတများကို အန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျ တူးဖော်ထုတ်လုပ်နိုင်စေရန်၊ ပတ်ဝန်းကျင်နဲ့ လူမှုစီးပွားထိခိုက်မှုတွေကို အနည်းဆုံးနည်းလမ်းဖြင့် ဆောင်ရွက်နိုင်စေရန်တို့အတွက် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေ၊ စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆည်မြောင်းနဲ့ ရေနုတ်မြောင်းတွေတည်ဆောက်ရေးနဲ့ ထိန်းသိမ်းရေးလုပ်ငန်းတွေကို ကူညီဆောင်ရွက်ပေးရန်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ အပါအဝင် ဒေသတွင်းရေလိုအပ်ချက်ကို အဆင်ပြေလွယ်ကူစေရန်၊ ဆည်မြောင်းတွေ ရေရှည်တည်တံ့ခိုင်မြဲစေရန်တို့အတွက် ဆည်မြောင်းဥပဒေတို့ကို ပြဋ္ဌာန်းပေးနိုင်ခဲ့ပါတယ်။

လွှတ်တော်အချင်းချင်း လုပ်ငန်းအတွေ့အကြုံဖလှယ်ရေးနဲ့ စွမ်းရည်တိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံတကာလွှတ်တော်ဆိုင်ရာအဖွဲ့နဲ့ အာဆီယံ ပါလီမန်တွေ ညီလာခံအပါအဝင် နိုင်ငံတကာနဲ့ ဒေသအတွင်း လွှတ်တော်ဆိုင်ရာအဖွဲ့အစည်းတွေမှာ ပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကိုလည်း ပြဋ္ဌာန်းပေးနိုင်ခဲ့ပါတယ်။

**မေး။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ပေးဖို့ ဘယ်လိုတွေ ဆောင်ရွက်ပေးထားပါသလဲ။**

ဖြေ။ ကျွန်တော် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလ

အထူးကဏ္ဍ [ ဂ ] သို့ »»»



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြစဉ်။

> နိုင်ငံတော်နှင့် နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊ သယံဇာတများကို အန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျ တူးဖော်ထုတ်လုပ်နိုင်စေရန်၊ ပတ်ဝန်းကျင်နဲ့ လူမှုစီးပွားထိခိုက်မှုတွေကို အနည်းဆုံးနည်းလမ်းဖြင့် ဆောင်ရွက်နိုင်စေရန်တို့အတွက် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေ၊ စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆည်မြောင်းနဲ့ ရေနုတ်မြောင်းတွေတည်ဆောက်ရေးနဲ့ ထိန်းသိမ်းရေးလုပ်ငန်းတွေကို ကူညီဆောင်ရွက်ပေးရန်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေအပါအဝင် ဒေသတွင်းရေလိုအပ်ချက်ကို အဆင်ပြေလွယ်ကူစေရန်၊ ဆည်မြောင်းတွေ ရေရှည်တည်တံ့ခိုင်မြဲစေရန်တို့အတွက် ဆည်မြောင်းဥပဒေတို့ကို ပြဋ္ဌာန်းပေးနိုင်ခဲ့

»»» အထူးကဏ္ဍ [ ခ ] မှ

ကတည်းက လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌအဖြစ် (၂-၅-၂၀၁၆ မှ ယနေ့အထိ) မြန်မာလွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ JCC နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ မိတ်ဖက်အဖွဲ့အစည်း ၁၃ ခုရှိတဲ့အနက် Hanns Seidel Foundation (HSF)၊ Westminster Foundation for Democracy (WFD/ HoC)၊ National Democratic Institute(NDI)၊ Foundation Hirondelle နဲ့ Forum of Federation စတဲ့ အဖွဲ့ ငါးဖွဲ့နဲ့ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွေကို ဆောင်ရွက်ဖို့ MoU လက်မှတ်ရေးထိုးပြီး လွှတ်တော်ရုံး ဝန်ထမ်းတွေအတွက် အလုပ်ရုံဆွေးနွေးပွဲ ၆၂ ကြိမ်နဲ့ သင်တန်းပေါင်း ၈၈ ကြိမ် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဝန်ထမ်းတွေကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ခေါ်ယူတဲ့သင်တန်းတွေကို ၈၃ ဦး၊ မြန်မာ-စင်ကာပူ သင်တန်း(ရန်ကုန်)ကို ၄၁ ဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ခေါ်ယူတဲ့ သင်တန်းတွေကို ၂၆ ဦး၊ ဌာနတွင်းသင်တန်းတွေကို ၁၈၅ ဦး စုစုပေါင်း ၃၃၅ ဦး တက်ရောက်နိုင်ခဲ့ပါတယ်။ ပြည်ပနိုင်ငံတွေကို လေ့လာရေး သွားရောက်မှုပေါင်း အကြိမ် ၂၀ မှာ ဝန်ထမ်းဦးရေ ၃၇ ဦး စေလွှတ်နိုင်ခဲ့ပါတယ်။ နိုင်ငံခြားပညာတော်သင်စေလွှတ်မှုအနေနဲ့ သင်တန်းပေါင်း ၁၅ ခုမှာ ဝန်ထမ်းဦးရေ ၁၈ ဦး တက်ရောက်နိုင်ခဲ့ပါတယ်။

ပြည်ပနိုင်ငံတွေကိုလည်း ကော်မတီဥက္ကဋ္ဌတွေ၊ အတွင်းရေးမှူးတွေ၊ အဖွဲ့ဝင်တွေ သွားရောက်ခဲ့တဲ့ လေ့လာရေးခရီးစဉ်တွေ၊ အစည်းအဝေးတွေ၊ ဆွေးနွေးပွဲတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေအပါအဝင် သွားရောက်မှုပေါင်း ၉၆ ကြိမ်မှာ ကိုယ်စားလှယ်ပေါင်း ၂၂၁ ဦး စေလွှတ်နိုင်ခဲ့ပါတယ်။

**မေး။ ပြည်သူ့လွှတ်တော်ကို တင်သွင်းလာတဲ့ အဆိုတွေ၊ အတည်ပြုပေးနိုင်ခဲ့တဲ့ အဆိုတွေနဲ့ ပတ်သက်ပြီးတော့ သိလိုပါတယ်။**

ဖြေ။ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးနဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဆို ၈၄ ခု တင်သွင်းနိုင်ခဲ့ပါတယ်။ အဲဒီအဆိုတွေကတော့ အတည်ပြုအဆို ၃၃ ခု၊ မှတ်တမ်းတင်အဆို ၄၆ ခု၊ အတည်မပြုအဆို သုံးခု၊ ရုပ်သိမ်းအဆိုတစ်ခုနဲ့ ဆက်လက်ဆောင်ရွက်ရန် မသင့်အဆို တစ်ခုတို့ ဖြစ်ကြပါတယ်။

လွှတ်တော်မှာ အတည်ပြုနိုင်ခဲ့တဲ့ အဆိုတွေအနက် အဆိုအချို့ကို ထုတ်နုတ်တင်ပြရမယ်ဆိုရင် နိုင်ငံတစ်ဝန်းမှာ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုတွေ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးစေရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရန်အဆို၊ နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်နဲ့ အင်းဆက်ပိုးမွှားတွေကြောင့် နစ်နာဆုံးရှုံးနေကြရတဲ့ တောင်သူလယ်သမားတွေရဲ့အကျိုးစီးပွားအတွက် အာမခံချက်ရရှိစေမယ့် သီးနှံအာမခံလုပ်ငန်းတွေကို ဆောလျင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးရေးအဆိုတို့ကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ကျန်းမာရေးကဏ္ဍအနေနဲ့လည်း ကျန်းမာသန်စွမ်းတဲ့ အနာဂတ် လူငယ်များ ဖြစ်ထွန်းပေါ် ပေါက်လာစေရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းတွေကို နိုင်ငံတော်အဆင့် မူဝါဒချမှတ်ကာ သင့်လျော်သော ဘဏ္ဍာငွေကို နှစ်စဉ်ထည့်သွင်းသတ်မှတ်ပြီး နိုင်ငံတော်နဲ့ ဆီလျော်ကိုက်ညီတဲ့ နည်းလမ်းကောင်းတွေကို အသုံးပြုလျက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့အတူ ဆက်စပ်နှီးနွယ်တဲ့ ဝန်ကြီးဌာနတွေ ပေါင်းစပ်ညှိနှိုင်းပြီး ရေရှည်စီမံချက်တစ်ရပ် ရေးဆွဲဆောင်ရွက်ပေးပါရန်အဆိုနဲ့ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားတွေ ထွက်ပေါ်လာစေရန် ကျေးလက်ဒေသမှ မြို့ပြများအထိလည်းကောင်း၊ အခြေခံကျောင်းတွေမှ တက္ကသိုလ်၊ ကောလိပ်တွေအထိ လည်းကောင်း အားကစားပြက္ခဒိန်တွေ ရေးဆွဲပြီး ပြိုင်ပွဲတွေ ပြုလုပ်ပေးရန် အဆိုတို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ခဲ့ပါတယ်။

ပညာရေးကဏ္ဍအတွက် မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နဲ့ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အစိုးရအနေနဲ့ ပညာရေးရုပ်မြင်သံကြားလိုင်း (Government Education TV Channel)တစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် အဆိုကိုလည်း အတည်ပြုပေးနိုင်ခဲ့ပါတယ်။

နိုင်ငံတစ်ဝန်းရှိ သဘာဝရေအရင်းအမြစ်များ လျော့နည်းပျက်စီးမှုကာကွယ်နိုင်ရေး မူလရေအရင်းအမြစ်၊ သဘာဝရေထွက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဦးစားပေးအဆင့်သတ်မှတ်ကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များ ချမှတ်လမ်းညွှန်ပေးပါရန် အဆိုနှင့် တည်ဆောက်ရေးလုပ်ငန်းတွေကို အရည်အသွေးမီစေဖို့နဲ့ ပြည်သူ့ဘဏ္ဍာငွေ အလေအလွင့်မရှိစေဖို့အတွက် နိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေးလုပ်ငန်းတွေမှာ Third Party စနစ်ကို မှန်ကန်စွာကျင့်သုံးပြီး အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အဆိုတို့ကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။

အထူးကဏ္ဍ [ ဃ ] သို့ »»»



ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ လျှို့ဝှက်မဲပေးကြစဉ်။



လွှတ်တော်ဆိုင်ရာသုတေသနလုပ်ငန်းများ ဆောင်ရွက်နေကြစဉ်။

> နိုင်ငံတစ်ဝန်းမှာ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုတွေ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးစေရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရန်အဆို၊ နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်နဲ့ အင်းဆက်ပိုးမွှားတွေကြောင့် နစ်နာဆုံးရှုံးနေကြရတဲ့ တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားအတွက် အာမခံချက်ရရှိစေမယ့် သီးနှံအာမခံလုပ်ငန်းတွေကို ဆောလျင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးရေးအဆိုတို့ကို အတည်ပြုပေးနိုင်ခဲ့






ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်တို့ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုကြစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

**မေး။ အခြား ဆောင်ရွက်ချက်တွေရှိရင်လည်း ပြောပြပေးပါ။**

ဖြေ။ မြန်မာလွှတ်တော်အနေနဲ့ အာဆီယံပါလီမန်များ ညီလာခံနဲ့ နိုင်ငံတကာပါလီမန်များ ညီလာခံမှာ ဆောင်ရွက်ခဲ့တဲ့ ဆောင်ရွက်ချက်တွေကို တင်ပြချင်ပါတယ်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာ ကျင်းပခဲ့တဲ့ (၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံမှာ မိမိတို့နိုင်ငံရဲ့ ရခိုင်အရေးနဲ့ ပတ်သက်တဲ့ စွပ်စွဲချက်ဖြစ်တဲ့ "လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းနှင့် ရိုဟင်ဂျာများအပေါ် ကြမ်းတမ်းစွာ တိုက်ခိုက်မှု" ခေါင်းစဉ်နဲ့ အဆိုပြု မူကြမ်းတစ်ခု တင်သွင်းဆွေးနွေးခဲ့ကြတာကို မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အနေနဲ့ AIPA ပဋိညာဉ်စာတမ်းပါ စည်းမျဉ်းစည်းကမ်း မူဘောင်အတွင်းက ခိုင်ခိုင်မာမာ ရပ်တည်ပြီး ကန့်ကွက်ဆွေးနွေးခဲ့ပါတယ်။ အဲဒီညီလာခံအစည်းအဝေးမှာ ဆွေးနွေးမယ့် အဆိုပြုမူကြမ်းကို ပယ်ဖျက်နိုင်ခဲ့ပါတယ်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့မှာကျင်းပတဲ့ (၁၃၇)ကြိမ်မြောက် နိုင်ငံတကာပါလီမန်များ ညီလာခံမှာလည်း OIC အဖွဲ့ဝင်နိုင်ငံတွေဖြစ်ကြတဲ့ နိုင်ငံပေါင်းရှစ်နိုင်ငံက ကျွန်တော်တို့နိုင်ငံရဲ့ ရခိုင်အရေးနဲ့ ပတ်သက်တဲ့အရေးပေါ် အဆိုပြုချက်တစ်ခုကို တစ်ဖက်သတ် တင်သွင်းဆွေးနွေးခဲ့ကြတာကို မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့က ၎င်းအပေါ် ကန့်ကွက်ချေပရှင်းလင်းဆွေးနွေးနိုင်ခဲ့ပြီး အခြေအနေမှန်များကို IPU အဖွဲ့ဝင်နိုင်ငံတွေ ပိုမိုသိရှိစေဖို့ "ရခိုင်ပြည်နယ်အခြေအနေနှင့် လူသားချင်းစာနာထောက်ထားမှု" ခေါင်းစဉ်နဲ့ အရေးပေါ်တန်ပြန်အဆိုပြုချက်တစ်ခုကို IPU သို့ ချက်ချင်းအဆိုတင်သွင်းပြန်လည်ရှင်းလင်းနိုင်ခဲ့တဲ့အပြင် အဲဒီ IPU အစည်းအဝေးရဲ့ ထုတ်ပြန်ချက်ဖြစ်တဲ့ ဆုံးဖြတ်ချက်တွေအားလုံးကိုလည်း အဖြစ်မှန်တွေအပေါ် အခြေခံထားခြင်း မရှိတဲ့အတွက် ကန့်ကွက်ကြောင်း တင်သွင်းနိုင်ခဲ့ပါတယ်။ အဲဒီလို မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ရဲ့ ဆောင်ရွက်ခဲ့မှုတွေကို ပြည်ထောင်စုလွှတ်တော်ကိုလည်း အစီရင်ခံစာ တင်ပြပြီး ဆွေးနွေးမှတ်တမ်းတင်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီအကြောင်း ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးဆောင်ရွက်မှုအခြေအနေတွေကို IPU အထွေထွေအတွင်းရေးမှူးချုပ်ရုံးကို အကြောင်းကြားစာပေးပို့နိုင်ခဲ့ပါတယ်။

**မေး။ အခြားဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောပြပေးပါဦးရှင့်။**

ဖြေ။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်း နှစ်နှစ်တာ ကာလအတွင်းမှာ ကျွန်တော်တို့ ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေအပေါ် အားသာချက်၊ အားနည်းချက်တွေကို ပြန်လည်သုံးသပ်ပြီး နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူလူထုအကျိုးစီးပွားမြှင့်တင်စေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲစေရန်တို့အတွက် အလေးထားကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

> **နိုင်ငံတော်မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ မဏ္ဍိုင်ကြီး သုံးရပ်ရှိတဲ့အနက် ဥပဒေပြုရေးမဏ္ဍိုင်သည် လွှတ်တော်ရဲ့ အဓိကတာဝန်ဖြစ်ပါတယ်။ ဒါကြောင့် တည်ဆဲဥပဒေတွေ၊ နည်းဥပဒေတွေကို ဒီမိုကရေစီကျင့်စဉ်နဲ့ ညီညွတ်မှု ရှိ၊ မရှိ လေ့လာစိစစ်ခဲ့ကြပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့**

ပြည်သူတွေက ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့လည်း အစည်းအဝေးရပ်နားထားစဉ် ကာလအတွင်းမှာ မိမိတို့ရဲ့ မဲဆန္ဒနယ်မြေတွေမှာ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပေးခြင်း၊ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်ပေးခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ခြင်းနဲ့ လယ်ယာမြေနဲ့ အခြားမြေတွေ သိမ်းဆည်းခံရခြင်းဆိုင်ရာ ပြန်လည်စိစစ်ရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိုင်ငံတော်မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ မဏ္ဍိုင်ကြီးသုံးရပ်ရှိတဲ့အနက် ဥပဒေပြုရေးမဏ္ဍိုင်သည် လွှတ်တော်ရဲ့ အဓိကတာဝန်ဖြစ်ပါတယ်။ ဒါကြောင့် တည်ဆဲဥပဒေတွေ၊ နည်းဥပဒေတွေကို ဒီမိုကရေစီကျင့်စဉ်နဲ့ ညီညွတ်မှုရှိ၊ မရှိ လေ့လာစိစစ်ခဲ့ကြပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ လွှတ်တော်ဟာ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာလည်း သက်ဆိုင်ရာအခန်းကဏ္ဍက တက်ကြွစွာပူးပေါင်းပါဝင်ပြီး အားပေးထောက်ခံဆောင်ရွက်လျက်ရှိပါတယ်။

အနှစ်ချုပ်အနေနဲ့ တင်ပြရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံအတွက် ဒီမိုကရေစီအခြေခံအုတ်မြစ် ခိုင်မာလာစေပြီး နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်မြှင့်တင်နိုင်ရေးအတွက် မိမိတို့လွှတ်တော်အနေနဲ့ ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိပါတယ်။ "ပြည်သူတို့ မျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်"ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွား၊ မျှော်လင့်ချက်တွေကို စွမ်းစွမ်းတမံ အကောင်အထည်ဖော်ဆောင်ရွက်သွားပါမယ်လို့ လေးနက်တည်ကြည်စွာ ကတိပြုပြောကြားလိုပါတယ်။

**ကျေးဇူးတင်ပါတယ်ရှင်။**




ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်(ယခု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ) ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် (၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့ တက်ရောက်စဉ်။

# အမှောင်ခွင်း၍ ပြည့်ဝင်ငွေတိုးစေမည့် လျှပ်စစ်နှင့် စွမ်းအင်

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စက်မှုလက်မှုလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ဖြည့်ဆည်းဖြန့်ဖြူးပေးနိုင်ရေး၊ နိုင်ငံတော်ဓာတ်အားစနစ် တည်ငြိမ်ရေးနှင့် ဗို့အားပြည့်ဝစွာ ဖြန့်ဖြူးနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို ဆောင်ရွက်အကောင်အထည်ဖော်ခြင်း၊ ပြည်သူများ လျှပ်စစ်ဓာတ်အားကို သက်သာစွာဖြင့် အဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ခြင်းနှင့် နိုင်ငံအတွက် ဘဏ္ဍာငွေတိုးပွားစေမည့် စွမ်းအင်ထုတ်လုပ်ရေးနှင့် ရောင်းချရေးလုပ်ငန်းများ၊ ဖြန့်ဖြူးရေးနှင့် သွယ်ယူရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာအတွင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။**

● ခင်ရတနာ

**သုံးနှစ်အတွင်း ဓာတ်အားတစ်ဆ ရှာဖွေရ**

ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝပြီး ဝန်ဆောင်မှုကောင်းသည့် လျှပ်စစ်ဖြန့်ဖြူးမှု ဖြစ်ရန်လိုအပ်ပြီး ခန့်မှန်းတွက်ချက်မှုအရ လာမည့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် မဂ္ဂါဝပ် ၆၀၀၀ ခန့် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။ လက်ရှိထုတ်လုပ်နိုင်မှုမှာ ၃၀၀၀ မဂ္ဂါဝပ်ကျော်သာရှိသဖြင့် နောက်ထပ် ၃၀၀၀ မဂ္ဂါဝပ်ခန့်ရရှိရန် လိုအပ်နေခြင်းကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဝန်ကြီးဌာနက ကြိုးပမ်းလျက်ရှိသည်။

"ကျွန်တော်တို့ဝန်ကြီးဌာနဟာ နှစ်ပေါင်း ၆၀ ကျော် လျှပ်စစ်ဓာတ်အား လိုအပ်မှုအခက်အခဲတွေကို ဖြေရှင်းဆောင်ရွက်နေပါတယ်။ ပြည်သူလူထု မျှော်လင့်နေတဲ့ လျှပ်စစ်ဓာတ်အားရရှိရေး Supply Chain အတွက် ကြိုးပမ်းနေတာဖြစ်ပါတယ်။ ယနေ့ နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုက အမြင့်ဆုံး ၃၂၀၀ မဂ္ဂါဝပ်ရှိနေပြီး ပျမ်းမျှ ပုံမှန်သုံးစွဲမှုမှာ ၁၅၀၀ မဂ္ဂါဝပ် သုံးစွဲနေပါတယ်။ နည်းပညာအရ Technical နဲ့ Non-Technical Losses အနေနဲ့က ၁၇ ရာခိုင်နှုန်း ရှိပါတယ်။ အဲဒီ Losses တွေကို လျော့နည်းကျဆင်းအောင် ကြိုးစားဆောင်ရွက်နေပါတယ်"ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားသည်။

**ဓာတ်အားထုတ်လုပ်မှုတိုးတက်လာ**

ဓာတ်အားထုတ်လုပ်မှုကဏ္ဍတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ နိုင်ငံအတွင်း၌ ဓာတ်အားပေးစက်ရုံ အရေအတွက်မှာ ၄၆ ရုံခန့် ရှိခဲ့သည်။ တပ်ဆင်သည့် အင်အားမှာ ၄၉၅၄ ဒသမ ၁ မဂ္ဂါဝပ် ရှိခဲ့သည်။ သို့သော် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဓာတ်အားပေး စက်ရုံအရေအတွက်မှာ ၅၂ ရုံအထိ ရှိလာခဲ့ပြီး တပ်ဆင်အင်အားမှာ ၅၇၀၄ ဒသမ ၉ မဂ္ဂါဝပ်အထိ ရောက်ရှိတပ်ဆင်ပေးနိုင်ခဲ့ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

နိုင်ငံတော်အစိုးရ၏ နှစ်နှစ်တာ တာဝန်ယူစဉ်ကာလအတွင်း သဘာဝဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံ ငါးရုံနှင့် ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ တစ်ရုံ စုစုပေါင်း ဓာတ်အားပေးစက်ရုံ ခြောက်ရုံတို့မှ ၇၅၀ မဂ္ဂါဝပ်အထိ တိုးတက်ဆောင်ရွက်ထားနိုင်ခဲ့ပြီးဖြစ်သည်။

ဓာတ်အားပို့လွှတ်ရေးအပိုင်းတွင်လည်း "ဓာတ်အားကို တစ်နိုင်ငံလုံး ဖြန့်ဖြူးပေးနေတဲ့နေရာမှာ ၂၃၀၊ ၁၃၂၊ ၆၆ ကေဗွီ ဓာတ်အားလိုင်းတွေနဲ့ ပို့လွှတ်ဖြန့်ဖြူးနေတာ ဖြစ်ပါတယ်။ ဓာတ်အားလိုင်းတွေကို အစိုးရရဲ့ နှစ်နှစ်တာကာလအတွင်းမှာ အရေအတွက်အားဖြင့် ၃၁ လိုင်းနဲ့ မိုင်အားဖြင့် ၁၅၉၈ မိုင်၊ ခွဲရုံတွေအနေနဲ့ ၁၂၇ ရုံ ၂၃၇၈ အမ်ဗွီအေ ပြီးစီးအောင်လုပ်ဆောင်နိုင်ခဲ့ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

**ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ လျှပ်စစ်ဓာတ်အားဖြန့်ကြက်နိုင်**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ဓာတ်အားခွဲရုံမှတစ်ဆင့် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားများ ပေးအပ်နိုင်ရန်လည်း ဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံ တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။

ဆက်လက်၍ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းမှာ ပြီးစီးပြီဖြစ်ပြီး လာမည့် ဇွန်လကုန်တွင် ဘူးသီးတောင် ဓာတ်အားခွဲရုံနှင့် ဒီဇင်ဘာလတွင် မောင်တော ဓာတ်အားခွဲရုံများ အပြီးသတ်တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ ယင်း တည်ဆောက်ရေး လုပ်ငန်းများဖြစ်သည့် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းအတွက် နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြုငွေ ငွေကျပ် သန်းပေါင်း ၄၀၅၀ ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများအတွက် လက်ရှိတွင် စရိတ် ငွေကျပ် သန်း ၃၀၃၅၅ ဒသမ ၃၆ သန်း ကုန်ကျခံတည်ဆောက်လျက်ရှိသည်။

**တစ်နိုင်ငံလုံးဓာတ်အားပြည့်ဝရေး ဆောင်ရွက်**

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသည် ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊

**လျှပ်စစ်ဓာတ်အား အများဆုံးသုံးစွဲရာ ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းရေး၊ ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့ရာ မရမ်းကုန်းမြို့နယ်ရှိ စိန်ပန်းမြိုင်ဓာတ်အားခွဲရုံ၊ ကမာရွတ်မြို့နယ်ရှိ ဦးဝိစာရဓာတ်အားခွဲရုံများကို အဆင့်မြှင့်ခြင်း၊ တောင်ကမ္ဘာအေးဓာတ်အားခွဲရုံအား ၆၆ ကေဗွီဓာတ်အားခွဲရုံအဖြစ် တိုးမြှင့်တည်ဆောက်ခြင်းတို့ကို လည်း လုပ်ဆောင်ခဲ့သည်။**



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်

ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အား အများဆုံးသုံးစွဲရာ ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းရေး၊ ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့ရာ မရမ်းကုန်းမြို့နယ်ရှိ စိန်ပန်းမြိုင်ဓာတ်အားခွဲရုံ၊ ကမာရွတ်မြို့နယ်ရှိ ဦးဝိစာရဓာတ်အားခွဲရုံများကို အဆင့်မြှင့်ခြင်း၊ တောင်ကမ္ဘာအေးဓာတ်အားခွဲရုံအား ၆၆ ကေဗွီဓာတ်အားခွဲရုံအဖြစ် တိုးမြှင့်တည်ဆောက်ခြင်းတို့ကိုလည်း လုပ်ဆောင်ခဲ့သည်။ ပြုပြင်ဆောင်ရွက်မှုများကြောင့် ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား ဗို့အားပြည့်ဝသည့်အပြင် ပြတ်တောက်ချိန် လျော့နည်းလာခြင်း၊ ဝန်အားနိုင်နင်းစွာ အသုံးပြုနိုင်ခြင်းနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းသွားခြင်းများကြောင့် အကျိုးကျေးဇူးများရရှိလာကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအပြင် မြန်မာနိုင်ငံအနှံ့ မြို့နယ်များစွာတွင် ဓာတ်အားပိုမိုဖြန့်ဖြူးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပြီး အစိုးရ၏ နှစ်နှစ်တာအတွင်း ၃၃ ကေဗွီ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း စုစုပေါင်း ၆၄၅၃ မိုင်နှင့် ခွဲရုံများသည် ၃၄၉၉ အမ်ဗွီအေအထိ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ကျေးရွာ ၂၇၁၈ ရွာတို့မှ အိမ်ထောင်စုပေါင်း ၇၀၆၀၉၇ စုမှာ နှစ်နှစ်တာအတွင်း လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရရှိခဲ့ပြီး ဓာတ်အားဖြန့်ဖြူးရေးလိုင်း

အထူးကဏ္ဍ [ စ ] သို့ »»



မော်လမြိုင်မြို့၌ ၇၈ မဂ္ဂါဝပ် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ၂၂၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



ကမ်းလွန်စီမံကိန်းဇောတိကကို တွေ့ရစဉ်။



၂၃၀/၃၃/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ကနောင်ဓာတ်အားခွဲရုံစီမံကိန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ၄ ] မှ

များ၏ ဓာတ်အားပျောက်ဆုံးမှုကိုလည်း နှစ်နှစ်တာအတွင်း ၃ ရာခိုင်နှုန်းခန့် လျှော့ချနိုင်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

**မီတာလေးမျိုး ကြိုက်သလောက်သုံး ကျသလောက်ပေး**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူများ လျှပ်စစ်ဓာတ်အားကို မျှတသည့် နှုန်းထားများဖြင့် သုံးစွဲနိုင်ရေးအတွက် မီတာခ ကောက်ခံသည့် စနစ်သစ်ကို ယခုနှစ် ဧပြီလတွင် စတင်ကျင့်သုံးနိုင်ခြင်းသည်လည်း လျှပ်စစ်ကဏ္ဍ၏ ကောင်းမွန်သည့် အလှည့်အပြောင်းတစ်ခုအဖြစ် ပြည်သူ့အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

"လက်ရှိ ကျွန်တော်တို့နိုင်ငံမှာ ကျင့်သုံးတဲ့ မီတာစနစ်က ဘယ်နေရာမှာသုံးသုံး မီတာစနစ်တစ်မျိုးတည်းကို သုံးရပါတယ်။ လျှပ်စစ်ကို များများသုံးတဲ့ နေရာတွေ၊ လိုအပ်တဲ့ နေရာတွေမှာတော့ ပြဿနာမရှိပါဘူး။ လျှပ်စစ်ဓာတ်အားကို လိုအပ်သလောက်ပဲ ရယူဖို့သင့်တဲ့ နေရာတွေမှာတော့ မလိုလားအပ်တဲ့ ငွေကြေးကုန်ကျစရိတ်တွေရှိနေပါတယ်။ ကျွန်တော် တာဝန်ယူပြီးတဲ့နောက် မီတာလေးမျိုးစနစ်ကို စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။ ဘာဖြစ်လို့ ဒီစနစ်ကို အမြန်ဆုံးဆောင်ရွက်ရသလဲဆိုရင် ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ်ကို စပြီးအသုံးပြုမယ့်သူဟာ နိုင်ငံ့လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်း ကျန်ရှိနေသေးလို့ ဖြစ်ပါတယ်။ ဒါကို လုံးဝမေ့ထားလို့မရဘဲ သူတို့အတွက် ဦးစားပေးပြီး စဉ်းစားဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

**မီတာလေးမျိုးတွင် ကျေးလက်မီတာ၊ မြို့ငယ်များအတွက် မီတာ၊ ပုံမှန်မီတာနှင့် စက်မှုလက်မှုသုံးမီတာများအဖြစ် ခွဲခြားထားခြင်းဖြစ်သည်။ လျှပ်စစ်မီးသုံးစွဲသူများအတွက် မီတာအမျိုးအစားလေးမျိုးမှ ကြိုက်နှစ်သက်ရာ ရွေးချယ်သုံးစွဲနိုင်ပြီး ကြိုက်သလောက်သုံး ကျသလောက်ပေးစနစ်ဖြစ်ကာ လိုအပ်သလောက် ချင့်ချိန်သုံးစွဲနိုင်ပြီဖြစ်သည်။**

မီတာလေးမျိုးတွင် ကျေးလက်မီတာ၊ မြို့ငယ်များအတွက် မီတာ၊ ပုံမှန်မီတာနှင့် စက်မှုလက်မှုသုံးမီတာများအဖြစ် ခွဲခြားထားခြင်းဖြစ်သည်။ လျှပ်စစ်မီးသုံးစွဲသူများအတွက် မီတာအမျိုးအစားလေးမျိုးမှ ကြိုက်နှစ်သက်ရာ ရွေးချယ်သုံးစွဲနိုင်ပြီး ကြိုက်သလောက်သုံး ကျသလောက်ပေးစနစ်ဖြစ်ကာ လိုအပ်သလောက် ချင့်ချိန်သုံးစွဲနိုင်ပြီဖြစ်သည်။

"ဒီစနစ်က အစိုးရကနေ ပြည်သူတွေကို လျှပ်စစ်မီးသုံးစွဲမှု ပိုပြီးစနစ်ကျအောင် ဆောင်ရွက်ပေးတာ။ အတိုင်းအတွာနဲ့ သုံးတတ်လာပြီး မီးချွေတာတတ်အောင် အစိုးရကနေ ပြည်သူကို လေ့ကျင့်ပေးတဲ့စနစ်ဖြစ်တယ်။ အရင်လို တစ်အိမ်လုံး အကြိုက်သုံးရင် သုံးသလောက် မီတာခ တိုးပေးရမှာဖြစ်ပြီး လိုအပ်သလောက် ချွေတာရင် မီတာခလည်း သက်သာမယ်"ဟု မီတာလေးမျိုးနှင့်ပတ်သက်၍ လျှပ်စစ်ကျွမ်းကျင်သူတစ်ဦးက တွက်ချက်ပြသည်။

**စီအင်န်ဂျီနဲ့ ရေနံဓာတ်ငွေ့ရည်ထုတ်လုပ်**

စီအင်န်ဂျီထုတ်လုပ်ဖြန့်ဖြူးမှုတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ၆၆၆၆ ဒသမ ၇၁ ကုဗပေသန်းထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၇၀၂၄ ဒသမ ၇၆ ကုဗပေသန်း ထုတ်လုပ်နိုင်ခဲ့သည်။ ရေနံဓာတ်ငွေ့ရည်ထုတ်လုပ်မှုတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၇၈၆၆ ဒသမ ၉၅ မက်ထရစ်တန်နှင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ၇၁၂၃ ဒသမ ၁၂ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**လျှပ်စစ်ကဏ္ဍနှင့်အနာဂတ်မျှော်မှန်းချက်**

လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ မူဝါဒများနှင့်အညီ သုံးနှစ်အတွင်း နောက်ထပ် မဂ္ဂါဝပ် ၃၀၀၀ ခန့် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သည်။ ပြည်တွင်း CNG ထုတ်လုပ်မှုသည် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ကျဆင်းလာနိုင်သဖြင့် ၎င်းတို့ ပြန်လည်ဖြည့်ဆည်းရန် LNG တင်သွင်း၍ သင့်လျော်သော ဈေးနှုန်းဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်ခွင့်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း LNG မှတစ်ဆင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီလေးခုနှင့် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားများ သယ်ယူနိုင်ရန်အတွက်လည်း အရပ်လေးမျက်နှာ ၅၀၀ ကေဗွီ ဓာတ်အားလိုင်း ကွန်ရက်များ တိုးချဲ့၍ နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသွားရန် ရည်ရွယ်ထားကြောင်း၊ လျှပ်စစ်ကဏ္ဍသည် ကြီးမားသော ရင်းနှီးမြှုပ်နှံမှုဖြစ်ခြင်းကြောင့် နည်းပညာအရ၊ ငွေကြေးအရ ယုံကြည်စိတ်ချရသည့်လုပ်ငန်းများအား ရွေးချယ်ရခြင်းဖြစ်ပြီး လျှပ်စစ်ကဏ္ဍမြင့်မားမှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာပြီး တိုင်းပြည်၏ လူမှုစီးပွားဘဝမြင့်မားလာရန် ရည်ရွယ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

"လုံလောက်တဲ့ လျှပ်စစ်ဓာတ်အားကို နိုင်ငံတကာအဆင့်မီ ဖြန့်ဖြူးနိုင်အောင် ကြိုးပမ်းနေပါတယ်။ ဒီလို ကြိုးပမ်းတဲ့နေရာမှာလည်း အစိုးရရော၊ လုပ်ငန်းတွေရော အားလုံးက ဝန်ဆောင်မှုကောင်းဖို့ကိုလည်း အလေးထားဆောင်ရွက်နေပါတယ်။ အဓိကကတော့ အရည်အသွေးပိုင်းရော ဝန်ဆောင်မှုပိုင်းကိုပါ လုပ်ဆောင်ပေးသွားဖို့ ရည်ရွယ်ထားတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

အထူးကဏ္ဍ [ ဆ ] သို့ »»»



၂၃၀ ကေဗွီ သန်လျင်-သီလဝါ ဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီ သီလဝါဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးတွင် ၆၆ ကေဗွီ ရေဘုတလင်-ကနီ-မင်းကင်း ဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ မင်းကင်းဓာတ်အားခွဲရုံ ပြီးစီးမှုကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

**ကမ်းလွန်လုပ်ကွက်သစ်များဖော်ဆောင်**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ ကမ်းလွန်တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အစိုးရလက်ထက် နှစ်နှစ်တာအတွင်း လုပ်ကွက်သစ် ခြောက်ခုနှင့် ဖွံ့ဖြိုးရေးတွင်း ၅၁ တွင်းကို ဖော်ထုတ်နိုင်ခဲ့သည်။ ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များမှ သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှုသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၆၅၂၈၀၇ ကုဗပေသန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၆၄၄၇၆၁ ကုဗပေသန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

ရတနာစီမံကိန်းသည် ၂၀၂၁ ခုနှစ်တွင် ပြီးဆုံးပြီး သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု လျော့နည်းလာတော့မည်ဖြစ်ရာ ကမ်းလွန်လုပ်ကွက် A-6 မှ သဘာဝဓာတ်ငွေ့များကို ငါးနှစ်အတွင်း အမြန်ဆုံးထုတ်ယူသုံးစွဲနိုင်ရန် စီမံလျက်ရှိပြီး ဝန်ကြီးဌာနနှင့် စီးပွားရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းကာ ဆောင်ရွက်လျက်ရှိသည်။ ယင်းတို့တွင် ၂၀၁၆ ခုနှစ်အတွင်း ရွှေရည်ထွန်း-၁၊ ၂၀၁၇ ခုနှစ်အတွင်း ပြည်သစ်-၁ နှင့် ပြည်သာယာ-၁ တို့ကို တူးဖော်နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သိရှိရသည်။

ကမ်းလွန်လုပ်ကွက် AD-7 အတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် လုပ်ငန်းရှင်များနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် သလင်း-၁(က)၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် သလင်း-၁(ခ)၊ မေလတွင် သလင်း-၂နှင့် ဩဂုတ်လတွင် ခရမ်းစွဲတွင်းတို့ကို တူးဖော်နိုင်ခဲ့သည်။ ဆက်လက်ပြီး သဘာဝဓာတ်ငွေ့ ခိုအောင်းတည်ရှိမှုများ တွေ့ရှိရသဖြင့် ထပ်မံတူးဖော်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

**ကုန်းတွင်းလုပ်ကွက်များ တိုးချဲ့**

"ကုန်းတွင်း လုပ်ကွက်တွေဆိုရင် လုပ်ကွက်အသစ် လေးခုနဲ့ ဖွံ့ဖြိုးရေးတွင်း ၄၈ တွင်းကို နှစ်နှစ်တာအတွင်းမှာ ဖော်ဆောင်နိုင်ခဲ့တယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဓာတ်ငွေ့များ ထုတ်လုပ်နေသည့် နေရာ ၁၂ ခုရှိပြီး ယင်းတို့မှ တစ်နေ့လျှင် ပျမ်းမျှ ရေနံ စည် ၆၄၀၀ နှင့် သဘာဝဓာတ်ငွေ့ ၅၀ ကုဗပေသန်းခန့် ထုတ်လုပ်လျက်ရှိသည်။ ရှာဖွေရေးတွင်းများ တူးဖော်ရန် ဆိုက်စမစ် တိုင်းတာခြင်းလုပ်ငန်းများကို မြိုင်ဒေသ၊ ဘိုကလေးနှင့် လပ္ပတ္တာဒေသများတွင် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြိုင်ဒေသတွင် ရှာဖွေရေးတွင်းသစ်တစ်တွင်း တူးဖော်မည်ဖြစ်ကြောင်း သိရှိရပြီး အဓိကအားဖြင့် ပုံတောင်နှင့် တဗျင်းကျောက်စဉ်စုသဲကြောများမှ သဘာဝဓာတ်ငွေ့များ ထုတ်ယူရန် ရည်ရွယ်ထားသည်။ ထိုနေရာများမှ သဘာဝဓာတ်ငွေ့ ကုဗပေသန်း သုံးသန်းမှ ငါးသန်းအထိ ထွက်ရှိမည်ဟု မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ခန့်မှန်းထားသည်။

"၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများမှာ ဖွံ့ဖြိုးရေးတွင်း ၁၇ တွင်းတူးဖော်နိုင်ဖို့ လျာထားပါတယ်၊ ပုထိုးလုံဒေသ၊ ကျောက်ခွက်ရေနံမြေ၊ လက်ပံတိုရေနံမြေ၊ ထောက်ရှာပင်ရေနံမြေ၊ မြန်အောင်ရေနံမြေနဲ့ မအူပင်သဘာဝဓာတ်ငွေ့မြေတွေအတွင်းမှာ ဖြစ်ပါတယ်၊ ဖွံ့ဖြိုးရေးတွင်းသစ်တွေကနေလည်း တစ်နေ့ကို ရေနံစည် ၂၈၀ ကနေ စည် ၅၇၀ နဲ့ သဘာဝဓာတ်ငွေ့ ၁၅ သန်းကနေ ၂၂ သန်း တိုးတက်ထုတ်လုပ်နိုင်မယ်လို့ ခန့်မှန်းထားတယ်"ဟု ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**နိုင်ငံခြားရေနံကုမ္ပဏီများနှင့်ပူးပေါင်း**

နိုင်ငံခြားရေနံကုမ္ပဏီများနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ ပူးပေါင်းမှုဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ရေနံချောင်းနှင့် ချောက်ရေနံမြေတို့တွင် တွင်းသစ် ၁၅ တွင်းကိုလည်းကောင်း၊ သဲကြောများအား ရေသွင်းကာ ရေနံပိုမိုထုတ်လုပ်ရေးစီမံကိန်းကို လည်းကောင်း၊ မန်းရေနံမြေတွင် တွင်းသစ်တစ်တွင်းကို လည်းကောင်း၊ Greenzyme Treatment ငါးတွင်းကို လည်းကောင်း၊ ရွှေပြည်သာရေနံမြေတွင် ရေနံတွင်းသစ် နှစ်တွင်းကို လည်းကောင်း တူးဖော်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

**မြန်မာနှစ်သစ်နဲ့ အပြောင်းအလဲတစ်ရပ်**

"ဒီနှစ်ဟာ ကျွန်တော်တို့အတွက် တကယ့်ပြောင်းလဲမှုတစ်ရပ်ကို ဖော်ဆောင်နိုင်မယ့်ကာလ ဖြစ်ပါတယ်၊ မြန်မာနိုင်ငံဟာ လက်ရှိမှာ မဂ္ဂါဝပ် ၃၀၀၀ ထုတ်လုပ်တဲ့ တိုင်းပြည်အဖြစ်ကနေ နောက်လာမယ့်

အထူးကဏ္ဍ [ ၉ ] သို့ »»»

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဓာတ်ငွေ့များထုတ်လုပ်နေသည့် နေရာ ၁၂ ခုရှိပြီး ယင်းတို့မှ တစ်နေ့လျှင် ပျမ်းမျှ ရေနံ စည် ၆၄၀၀ နှင့် သဘာဝဓာတ်ငွေ့ ၅၀ ကုဗပေသန်းခန့် ထုတ်လုပ်လျက်ရှိသည်။ ရှာဖွေရေးတွင်းများ တူးဖော်ရန် ဆိုက်စမစ် တိုင်းတာခြင်းလုပ်ငန်းများကို မြိုင်ဒေသ၊ ဘိုကလေးနှင့် လပ္ပတ္တာဒေသများတွင် ဆောင်ရွက်လျက်ရှိသည်။**



မွန်ပြည်နယ်၌ သထုံ ၁၁၈ ဒသမ ၉ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



မကွေးတိုင်းဒေသကြီး မြစ်သာ ၄၀ မဂ္ဂါဝပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



ရှမ်းပြည်နယ်၌ မိုင်းနောင်-ကျေးသီး ဓာတ်အားလိုင်း ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ကျေးသီးဓာတ်အားခွဲရုံ ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ်အတွင်း ၆၆ ကေဗွီ မြောက်ဦး-မင်းပြားဓာတ်အားလိုင်း ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ မင်းပြားဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။



ပဲခူးတိုင်းဒေသကြီးအတွင်း ၂၃၀ ကေဗွီ တောင်တွင်းကြီး-ရွှေတောင် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ Switch Bay တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို တွေ့ရစဉ်။



ကယားပြည်နယ်အတွင်း ၁၁ ကေဗွီ ဓာတ်အားလိုင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း၊ ၁၁/၀. ၄ ကေဗွီ ထရန်စဖော်မာများ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီးအတွင်း မြင်းခြံ ၁၃၃ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတွင် ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



ကမ်းလွန်စီမံကိန်းရပ်ကွက်ကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ဆ ] မှ

သုံးနှစ်အတွင်းမှာ နောက်ထပ် ၃၀၀၀ မဂ္ဂါဝပ် ထပ်ဆောင်းပြီး လျှပ်စစ်ဓာတ်အားကို ထုတ်ပေးဖို့ ရည်ရွယ်ထားပါတယ်။ အဲဒီလို ထုတ်ပေးပြီးတော့ Supply Side မှာ နိုင်နင်းသွားပြီဆိုရင် ပထမဆုံးအကြိမ် ကိုယ့်နိုင်ငံကို လျှပ်စစ်ဓာတ်အား အပိုအလျှံနဲ့ အရန်လျှပ်စစ်ဓာတ်အားတွေ ရရှိတဲ့ အချိန်တစ်ခုရောက်အောင် ကျွန်တော်တို့ ကြိုးပမ်းသွားမယ်။ မြန်မာပြည်မှာရှိတဲ့ လျှပ်စစ်နဲ့ပတ်သက်တဲ့ ကြာရှည်စွာ ခံစားနေကြရတဲ့ ဒုက္ခတွေကို သုံးနှစ်အတွင်း ဖြေရှင်းပေးမယ့် အစိုးရရဲ့မူဝါဒကို အပြည့်အဝ အကောင်အထည်ဖော်ပါမယ်။ ဒါကလည်း ပြည်သူလူထုတွေ အခုအချိန်မှာ ကြုံတွေ့နေရတဲ့ လျှပ်စစ်မီးရလိုက်၊ ပြတ်လိုက်၊ ရတဲ့အခါလည်း ဓာတ်အားမပြည့်ဝ စတဲ့အဆင်မပြေမှုတွေ၊ ဒုက္ခတွေကို အမြန်ဆုံး ကျော်လွှားနိုင်ဖို့ ကြိုးပမ်းနေခြင်း ဖြစ်ပါတယ်။ နောက်ပိုင်းမှာ လျှပ်စစ်နဲ့ပတ်သက်ပြီး ဒုက္ခတွေကို သုခအဖြစ်ပြောင်းအောင် ဆောင်ရွက်ဖို့ ကြိုးပမ်းနေသလို စွမ်းအင်ကဏ္ဍမှာလည်း နိုင်ငံခြားဝင်ငွေ တိုးပွားခြင်း၊ ပြည်တွင်း လိုအပ်ချက်ကို ဖြည့်တင်းခြင်းတို့တွေ ဆက်တိုက်ပြုလုပ်သွားမယ်”ဟု ပြည်ထောင်စုဝန်ကြီးက အနာဂတ်စီမံကိန်းများအကြောင်းကို ပြောကြားခဲ့ပါသည်။



၂၃၀ ကေဗွီ မန်း-အမ်း ဓာတ်အားလိုင်းနှင့် ခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။